
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ဖျော်ပန်းသီး




www.burmeseclassic.com

www.burmeseclassic.com

# ချစ်မျှားရှင်

**မော်ပန်းသီး**

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၅၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၅၁၀၁၀

ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♠ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♠ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ ♠ ၅၀၀ အုပ်

တန်ဖိုး ♠ ၁၀၀ ကျပ်

ဖြန့်ချိရေး ♠ ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃

ချစ်မျှားရှင်
မော်ပန်းသီး/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၀။
၁၇၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) မော်ပန်းသီး


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ရေခဲရိုက်ထားသော လေနုအေးသည် ဖွင့်ထားသော တံခါးမှ တစ်ဆင့် အခန်းထဲသို့ ဝင်လာ၏။ ကမ္ဘာကြီး ပိုမိုပူနွေးလာသည်ဆို သော်လည်း ပြာသို၏ ဇာတိက ပြသနေဆဲဖြစ်၍သာတော်တော့သည်။ ရန်ကုန်ဆောင်းသည် ရှားပါးပစ္စည်းဖြစ်နေသည်မှာ ကြာခဲ့ပြီမဟုတ်လား။

ကျော်ဇင်ထက် ခုတင်ပေါ် လှဲလျောင်းရင်း လှမ်းမြင်ရသော ဆောင်းရှုခင်းကို ငေးနေမိသည်။ အကူအညီရအောင် အဖော်လိုက်လာသော နေအေးက သစ်သားခုံတန်းရှည်ပေါ် ကွေးကွေးလေး အိပ်၍ ကောင်းနေဆဲ။

ထိုင်မရ ထမရ ဘဝမို့ စိတ်မရှည်တော့ဘဲ နေအေးကို အော်၍ နှိုးလိုက်ရသည်။ နေအေး ကြောင်တောင်တောင်နှင့် ထလာ၏။ ပတ်ဝန်းကျင်အသစ်နှင့် အထာမကျသလို ဟိုဒီကြည့်နေသေး၏။ အတန်ကြာမှ သူ ဘယ်ကိုရောက်နေသလဲဆိုတာ မှတ်မိသွားပုံရသည်။

'အဟဲ… နိုးနေတာ ကြာပြီလား၊ ညက ခြင်တွေဆော်လို့ အိပ်မရဘူးကွ၊ လင်းအားကြီးလောက်မှ အိပ်ပျော်သွားတာ မင်း မျက်နှာသစ်မလား'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ဗိုက်လည်းဆာပြီကွ'

နေအေးက ပလပ်စတစ်ရေခွက်ဆွဲပြီး ထွက်သွား၏။ မနေ့က မနက်စောစော မင်္ဂလာဆောင်မဏ္ဍပ်ဆင်နေစဉ် လှေကားပေါ်မှ ပြုတ်ကျပြီး ခြေထောက်ကျိုးသွားသဖြင့် ကျော်ဇင်ထက် ဆေးရုံရောက်နေခြင်းဖြစ်သည်။ ဖေဖေက မဏ္ဍပ်ကို ပြီးအောင်ဆင်ပေးရဦးမည်မို့ ကျော်ဇင်ထက်မှာ သူငယ်ချင်းများနှင့်ပင် ဆေးရုံသို့ ရောက်လာခဲ့ရ၏။

သို့နှင့် ဓာတ်မှန်ရိုက် ကျောက်ပတ်တီးကိုင်ပြီး ခုတင်ပေါ် ပက်လက်ဖြစ်နေရခြင်းပင်။ အလုပ်ပြီးမှ ဖေဖေ လိုက်လာတော့ ကျော်ဇင်ထက်၏ ဘယ်ခြေထောက်မှာ ခြေကျင်းဝတ်မှ ဒူးခေါင်းအောက်အထိ အသစ်စက်စက် ကျောက်ပတ်တီးဖြူဖြူဖွေးဖွေးနှင့် လှပနေပြီဖြစ်၏။ အရပ်ထဲက မင်္ဂလာဆောင်တွင် အသံချဲ့စက်နှင့် ဆောင်းဘောက်များဆင်ပြီး သီချင်းဖွင့်ပေးရမည့် အလုပ်ရှိနေသေးသဖြင့် နေအေးကို အစောင့်ထားပြီး အဖေ ပြန်သွားခဲ့ရသည်။

နေအေး ရေခပ်ပြီး ပြန်လာမှ ခုတင်ပေါ်တွင်ပင် မျက်နှာသစ်ခြင်းကိစ္စ ပြီးစီးအောင် လုပ်ရ၏။ အစားအသောက်အတွက်တော့ မပူရ။ ကော်ဖီမစ်၊ မုန့်၊ အသီးအနှံတွေ အဖေ ဝယ်ပေးသွားသည် မဟုတ်လား။

နေအေး ဖျော်ပေးသော ကော်ဖီကို မုန့်နှင့်စားသောက်ရင်း…

'ဆေးရုံမှာ တစ်ပတ်နေရမယ်၊ ပတ်တီးဖြည်ဖို့က တစ်လ ဟုတ်တယ် မဟုတ်လား နေအေး'

'အေးလေ ဆရာဝန် ပြောသွားတာပဲ'

'ပျင်းစရာကြီးကွာ၊ ပြီးတော့ အဖေတစ်ယောက်တည်း အလုပ်တွေ ပိနေမှာကွ'

'သူငယ်ချင်းကလည်းကွာ၊ ဖြစ်လာမှတော့ ဘယ်တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဒီလိုပဲ သည်းခံရမှာပေါ့၊ ပျင်းရင် နပ်စ်မလေးတွေ ရှိုးနေပေါ့'

'ဟာ… မင်းကလည်း ရှိုးမယ့်ရှိုး ဆရာဝန်မလေးတွေ ရှိုးမှာပေါ့'

'ဟား… ဟား… ဟား… ဟား'

'အင်း ဆိုးတော့ မဆိုးဘူးနော်၊ နပ်စ်မလေးတွေကလည်း ချောချောလေးတွေ၊ ဆရာဝန်မလေးတွေကလည်း ငယ်ငယ်လေးတွေကွ၊ တစ်ယောက်ယောက်နဲ့ ငြိရင်တော့ ဆေးရုံတက်ရကျိုး နပ်ပြီ'

'အခြေအနေနဲ့ အချိန်အခါကို ရောက်တဲ့အရပ်မှာ အသုံးချတတ်တဲ့ မင်းကိုတော့ ငါ လေးစားသွားပါပြီး ကျိုးရယ်'

ထိုအခိုက် ဘေးခုတင်မှ ဘကြီး ချောင်းတဟွတ်ဟွတ် ဆိုးရင်း ကုန်းထလာသည်။ ထို့နောက် စိတ်ဆိုးမာန်ဆိုးနှင့် တော်ကီအစိမ်းကြီးတွေ ဒလစပ် ပစ်လွှတ်တော့၏။

'မင်းတို့… အဟွတ်… အဟွတ်… ဘယ်လိုကောင်တွေလဲကွ၊ ဒါ ဆေးရုံ၊ အားလုံး ဝေဒနာရှင်တွေချည်းပဲ၊ အဟွတ်… ကိုယ့်ဒုက္ခနဲ့ကိုယ် အမျိုးမျိုးစိတ်ဆင်းရဲနေရတဲ့ကြားထဲ၊ လာပြီး ဟီလာတိုက်နေရလား'

ကာလံဒေသံကို ထည့်မတွက်မိသော နေအေးနှင့် ကျော်ဇင်ထက် အငိုက်မိသွားကြ၏။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီကဲ့သို့ ဒေါသတကြီး ပြောဆိုလာသော ထိုဘကြီး၏ စကားကို နေအေးက ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ပျော့ပြောင်းသော လေသံမျိုးဖြင့် တုန့်ပြန်ရတော့သည်။

'ဟာ… တောင်းပန်ပါတယ် ဘဘကြီးရယ်၊ ဒါ ဘယ်လိုနေရာလည်းဆိုတာ ကျွန်တော်တို့ သတိလက်လွတ်ဖြစ်သွားလို့ပါ၊ နောင်ကို မဖြစ်စေရပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အေး··· ဘယ်ကိုရောက်ရောက်၊ ဘယ်နေရာမှာနေနေ၊ လူလိုသိဖို့ အရေးအကြီးဆုံးပဲ'

'ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်ခင်ဗျ၊ ဒါနဲ့ ဘဘကြီးကဘော အရိုးကျိုးတာပဲလား'

'အေးကွာ၊ အသွားကြီးကိုတွဲပြီး ရေချိုးခန်းပို့ပေးရင်း ချော်လဲလို့ တင်ပဆုံရိုး အက်သွားတာကွ'

'ဩော်··· ဖြစ်မှဖြစ်ရလေ ဘဘကြီးရယ်'

နေအေး၏ ပျော့ပျော့ပြောင်းပြောင်း တော်ကီကြောင့် ဘကြီးနှင့် လေပေးဖြောင့်သွားသဖြင့် ကျော်ဇင်ထက် စိတ်အေးသွားရ၏။

'ဖြစ်မှဖြစ်ရလေ မဟုတ်ဘူးကွ၊ ဖြစ်ချိန်တန်လို့ ဖြစ်တာ၊ ပျက်ချိန်တန်လို့ ပျက်တာ၊ ဒါ ဓမ္မတာပဲ'

'ဟုတ်ကဲ့ပါ ဘဘကြီး'

'ဘာမှ မမြဲတဲ့ လောကကြီးလေကွာ၊ တစ်ချိန်ချိန်မှာ အားလုံးပျက်စီးကြရမှာပဲ မဟုတ်လား၊ အနိစ္စသဘောတွေပေါ့'

ဘဘကြီးက အနိစ္စသဘော လက်ချာရိုက်နေစဉ် တော်တော်လေးနိပ်ပြီး စချင်စရာကောင်းသော နပ်စ် နိစ္စလေးတစ်ယောက်ရောက်လာ၏။

'ကိုကျော်ဇင်ထက် ကိုးနာရီထိုးရင် အောက်ထပ်က ရှုပကုထုံးဌာနကို လာခဲ့ပါ၊ ခဲဆွဲရမယ်'

'ဟုတ်··· ဟုတ်ကဲ့'

နိစ္စလေးမှာ အဲလေ နပ်စ်မလေးမှာ ပြောပြီးသည်နှင့် ဆင်မယဉ်သာဟန်နှင့် လျှောက်လှမ်းထွက်သွား၏။ ကျော်ဇင်ထက်နှင့် နေအေးတို့၏ မျက်လုံးအစုံမှာ နပ်စ်မလေး၏ ခန္ဓာဗေဒတွင် ငေးပြီး ပါသွားကြသည်။ ထိုအခိုက်မှာပင်···

www.burmeseclassic.com

www.burmeseclassic.com



'အနိစ္စ အမြဲမရှိ၊ သေခြင်းတရားဆိုတာ အသက်အရွယ်မရွေး ကြုံရနိုင်တယ်ကွ၊ ဒီတော့ သင်္ခါရကို အမြဲနှလုံးသွင်းထားရမယ် ကြားလား'

'ဗျာ… ဟုတ်… ဟုတ်ကဲ့'

မနူးမနပ် ပုထုဇဉ် ငနဲသားနှစ်ယောက်မှာ အရွယ်၏ တောင်းဆိုမှုအရ စက္ကူ ရူပ သံဝါသ အမှုကိုပြုစဉ် ဧရာညောင်းနေသည့် မသာလောင်း အဲလေ ဘဘကြီးက သင်္ခါရကို Sunday Talk အစီအစဉ်ထဲကလို ဆွေးနွေးပြနေလေရာ ကျော်ဇင်ထက်တို့ အကြီးကြီး ညစ်သွားကြရလေ၏။

'လူ့ဘဝဆိုတာ တော်တော်ကြောက်စရာကောင်းပါတယ်ကွာ၊ အယူတစ်ချက်တိမ်းတာနဲ့ ဝိုးတူသယ်ဒယ်အိုးပဲ'

ဘဘကြီးမှာ ဉူးသုမင်္ဂလပရိတ်သတ် ဖြစ်ပုံရ၏။ အနိစ္စမှ ဒယ်အိုးဆီသို့ စကားလမ်းကြောင်း ဗြုံးလိုက်ပြောင်းသွားပြန်သည်။

'လူ့လောကဆိုတာ လမ်းဆုံလမ်းခွပဲ၊ အထက်ဗြဟ္မာပြည် အထိ တက်နိုင်တယ်၊ နိဗ္ဗာန်ကိုလည်း ရောက်နိုင်တယ်၊ အဝီစိကို လည်း ရှိုးဂျေ့နဲ့ သွားနိုင်တယ်'

'အဝီစိကို ရှိုးဂျေ့နဲ့ ဟုတ်လား၊ လစာကော ကောင်းရဲ့လား ဘဘကြီး'

'ကောင်းတာပေါ့ကွ၊ ဒယ်အိုးထဲက ဆီပူပူမှာ ရေကူးပြီး အိုဗာတိုင်တောင် ဆင်းရဦးမှာ၊ ဟာကွာ… မင်းတို့နှောက်တာနဲ့ စကား တွေတောင် ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး'

'အဝီစိ မှတ်တိုင်ရောက်နေပြီ ဘဘကြီး'

'အေး… ဒါကြောင့် အဝေးပြေးဂိတ်နဲ့တူတဲ့ လူ့ဘဝရောက် တုန်းမှာ နိဗ္ဗာန်သွားမယ့် ကားနဲ့ ခရီးထွက်လိုက်ကြစမ်း၊ ယောင်

www.burmeseclassic.com

www.burmeseclassic.com



မှားပြီး ယောယုဝသွားမယ့်ကားပေါ် မတက်မိစေနဲ့ မှတ်ထားကြ'

'ဟုတ်ကဲ့'

ဘဘကြီး စကားကို သံယောင်လိုက်ရင်း နပ်စ်မလေးအား မြင်နိုင်စွမ်း ကုန်သည်အထိ လိုက်ကြည့်နေမိကြ၏။ ထိုအခိုက် ဘဘကြီး၏ အုပ်ထိန်းသူမြေးတစ်ယောက် ဝင်လာပြီး ဘဘကြီးကို ဘရိတ် ဖတ်စ် ပြင်ဆင်ကျွေးမွေးနေသဖြင့် တရားမွေနှင့် မတည့်ကြသေးသော ကျော်ဇင်ထက်တို့ သက်သာရာရသွားကြသည်။

ကျော်ဇင်ထက်လည်း နံနက်ချိန်ခါ ပြုဖွယ်ရာ အခင်းကြီး အခင်းလေးကိစ္စများကို နေအေး အကူအညီနှင့် ခက်ခက်ခဲခဲ ရင်ဆိုင် ဖြေရှင်းနေရ၏။

ကိုးနာရီထိုးတော့မည်မို့ နေအေးက ရှပကုထုံးအဆောင်ကို စုံစမ်းရန်နှင့် ဝှီးလ်ချဲထိုင်ခုံတစ်လုံးရှာရန် ထွက်သွားသည်။ ကျော်ဇင် ထက် ငှက်ပျောသီးတစ်လုံး ကောက်ဝါးပြီး အားဖြည့်ထားလိုက်၏။

နာရီဝက်လောက်ကြာမှ ဝှီးလ်ချဲ တွန်းရင်း နေအေးပြန်ရောက် လာသည်။ ခုတင်ပေါ်မှ ကျော်ဇင်ထက်ကို ဝှီးလ်ချဲပေါ်သို့ ပြောင်း ရွှေ့ထိုင်စေ၏။

ထို့နောက် နေအေး၏ သယ်ယူပို့ဆောင်မှုနှင့် ဆေးရုံအတွင်း တိုင်းခန်းလှည့်လည်ခဲ့ကြသည်။ ရှပကုထုံးအဆောင်သို့ ရောက်သော အခါ ပုံစံအမျိုးမျိုးနှင့် အကျိုးများဒေ ဒါင့်တန်းဆွဲနေသူများကို တပျော် ကြီး တွေ့ရ၏။

ဝှီးချဲပေါ် ကျောက်ပတ်တီးနှင့် အခန့်သားထိုင်ရင်း အကျိုးပဲ ကောင်းသော လူနာများကို ကျော်ဇင်ထက် အကဲခပ်နေသည်။ ထို အခိုက်မှာပင် ဘရဏီနတ်သမီးကဲ့သို့ လှပ၍ ဘဒ္ဒကလျာဏီကဲ့သို့

www.burmeseclassic.com


ချောမောပြီး ရှာရာပိုဟာလို ရင်ခုန်ချင်စရာကောင်းသော ကောင်မလေး တစ်ယောက်ကို တွေ့လိုက်မိ၏။

ကောင်မလေး၏ အလှအပတွင် စူပါဂလူးသုတ်ထားသည့်လား မပြောတတ် ကျော်ဇင်ထက် မျက်လုံးများကတော့ ထိုအလှတရားမှ ခွာ၍မရတော့ချေ။

ကောင်မလေး၏ လည်ပင်းတွင် လည်ပင်းရိုးကို ဆွဲဆန့်ထိန်းချုပ်ထားသော ပလပ်စတစ်ကော်လံအထူစား တပ်ဆင်ထား၏။ လက်နှစ်ဖက်တွင်လည်း လက်ဖျံနေရာလောက်တွင် သိုင်းကွင်းပါသော အလူမီနီယံ ဂျိုင်းထောက်နှစ်ဖက်နှင့် သူမခန္ဓာကိုယ်ကို အားစိုက်တည့်မတ်ထား၏။

ပဒေါင်တိုင်းရင်းသူများ ကြေးကွင်းစွပ်ထားသလိုမျိုး ကော်လံအထူကြီး အထက်မှ မျက်နှာလေးကတော့ ရှင်းသန့်ကြည်လင်ဝင်းပလျက် ရှိနေသည်။ အနီးစပ်ဆုံး ညွှန်းဆိုရသော် ကိတ်ဝင်းစလက်နှင့် ဂျူလီတို့ အလှကို ရောသမမွှေထားသည့်ပုံမျိုးဖြစ်၏။

ဘုတ်ဆုံမကြော်ငြာတွင် ပွင့်က လှမ်းပစ်လိုက်၍ ဘုတ်ဆုံမရေပ်သီးထုပ် ရင်ကိုမှန်သွားသော ကျော်ထူး၏ လေသံအတိုင်း ဂျိုင်းထောက်လေးနဲ့ကျမှ ဟတ်ကိုထိသွားတော့တယ်ဟုသာ ပြောလိုက်ချင်တော့သည်။

ကျော်ဇင်ထက် အဖြစ်ကို နေအေး ရိပ်မိပုံရ၏။ ဂျိုင်းထောက်မလေးနှင့် ကျော်ဇင်ထက်အား တစ်လှည့်စီကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

'ဘယ်လိုလဲ ကျော်ဇင်ထက်၊ နင် ကြည့်တာ ငါသိတယ်ငေါ်၊ ဆရာဝန်မတွေ၊ နပ်စ်မတွေကို ကျော်လွှားပြီး ဂျိုင်းထောက်နဲ့ လူနာတစ်ယောက်ရဲ့ နှလုံးသားရင်ပြင်မှာ အချေချတော့မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေကွာ၊ ဘယ်လောက် သဘောကျစရာကောင်းလဲ၊ မင်း မမြင်ဘူးလား'

'မြင်တယ်လေ၊ အိုင်ကျူစီးရှင်းမှာ လုပ်ထားတဲ့ မျက်မှန်နဲ့ကို ကြည့်နေတာ၊ မမြင်ဘဲနေမလား၊ အကြိုက်မစောနဲ့ဦးနော်၊ သူ့ရောဂါက ဘာမှန်းမသိ ညာမှန်းမသိနဲ့၊ ဂျိုကျိုးနဲ့ နားရွက်ပဲ့ သွားနေဦးမယ်'

'အသက်က ခပ်ငယ်ငယ် တို့နဲ့ လယ်ဗယ်လောက်ပဲ ရှိသေးတဲ့ဟာ၊ အာဂန္တုရောဂါလောက်ပဲ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား'

'ဩော်... ရောဂါ၊ ရောဂါ၊ ခြေကျိုးလို့ ဆေးရုံတက်မှ နှလုံးရောဂါပါ ထပ်ဖြစ်နေပြီကိုး'

ကျော်ဇင်ထက်နှင့် နေအေး တီးတိုးပြောရင်း တခွိခွိ တဟိဟိ ဖြစ်နေကြ၏။ ဒါဟာ ဖူးစာဖက်မှန်သော အချစ်ဆိုလျှင်တော့ ကျော်ဇင်ထက် အချစ်ကို တွေ့ရှိခြင်းသည် ဗီဒီယိုရုပ်ရှင်တွေထဲကလို ဆွတ်ပျံ့ကြည်နူးဖွယ်ရာ မကောင်းလှပေ။

စဉ်းစားကြည့်လေ။ မင်းသားက ကျိုးလို့ ကျောက်ပတ်တီးစီးပြီး ဝှီးချဲနဲ့အလာ၊ ချိုင်းထောက်နှစ်ဖက်နဲ့ လည်ပင်းလှုပ်ရှား၍မရသော မင်းသမီးနှင့်ဆုံ။ ကိုင်း ဘယ်လိုမှ ပြလို့မလှတဲ့ ပြကွက်ပဲ။ မဟုတ်ဘူးလား။

ဒါပေမဲ့... ဒါ တကယ့်အဖြစ်အပျက်ပါ။ တကယ့်အဖြစ်အပျက်ဆိုတာ ဝတ္ထုဇာတ်လမ်းနဲ့ ဗွီဒီယိုဇာတ်လမ်းတွေထက် ဆန်းကျယ်တယ်ဆိုတဲ့စကား အရှိသားပဲ မဟုတ်လား။ အဲလိုသာ သဘောထားလိုက်ကြပါတော့ဗျာ။

ခဏအကြာမှာတော့ နာမည်ခေါ်ခံရသူတို့ အခန်းထဲဝင်ပြီး ကုသမှုခံယူကြရသည်။ ကျော်ဇင်ထက်မှာ ခြေရင်းဘက်မှ အတော်

www.burmeseclassic.com

www.burmeseclassic.com



များများမြှင့်ထားသော ခုတင်ပေါ် ဖောက်ထိုးအိပ်ရင်း၊ ခြေထောက်ကို မြှောက်၍ ကြိုးဖြင့်ဆိုင်းကာ ခဲဆွဲရသည်။

အမှန်မှာတော့ အလေးဆွဲရသည့် ကုထုံးဖြစ်၏။ မြန်မာ့နည်း မြန်မာ့ဟန်ကျင့်သုံးတော့ အလေးအစား အုတ်ခဲများဖြစ်သွားခြင်းပင်။ လိုအပ်ချက်အရ အုတ်ခဲနှစ်လုံး သုံးလုံး လေးလုံး စသည်ဖြင့်သာ ကွာခြား၏။

ကောင်မလေးကတော့ ကုလားထိုင်တွင်ထိုင်ရင်း မေးစေ့ကို သိုင်းကြိုးနှင့် ဆိုင်း၍ ကြိုးဖြင့် ဆွဲကာ မော့ထားစေသော ကုထုံးဖြင့် ကုသမှုခံယူနေတာတွေ့ရသည်။

လူနာစောင့်များ အပြင်ထွက်နေရသောကြောင့် နေအေးနှင့် ကောင်မလေး၏ အဖော်ကို အခန်းထဲတွင် မတွေ့ရတော့ချေ။ ခေါင်းနှင့် မျက်လုံးက လွဲပြီး ဘာမှလှုပ်ရှား၍မရသော အနေအထားနှင့် ဓားလွှယ်ခုတ်အရုပ်ဆီမှ ကောင်မလေးကိုသာ အထက်အောက်စုံဆန် သုံးသပ်ရင်း မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေရ၏။

တစ်နာရီမျှ ကာသိကအောက် ဝေဒနာများခံစားပြီးသောအခါ ကုသမှု တစ်နေ့တာ အစီအစဉ် ပြီးဆုံးသွား၏။ လူနာများ လာခေါ်ရန် ဆော်သြသဖြင့် လူနာရှင်တို့ ဝင်လာကြသည်။ နေအေးကို ကောင်မလေး၏ အဖော်နှင့်အတူတွဲပြီး စကားပြောရင်း ဝင်လာကြတာ တွေ့ရ၍ နေအေး၏ စည်းရုံးရေး စွမ်းရည်ကို ကျော်ဇင်ထက် အသိအမှတ်မပြု၍ မရတော့။

ကိုယ့်လူနာ ကိုယ်ခေါ်၍ ကိုယ့်အဆောင် ကိုယ်ပြန်လာရာ လမ်းတစ်လျှောက် အစာပိတ်အနေနှင့် ကျော်ဇင်ထက်မှာ ကောင်မလေးကို အလွန်ကျက်မှတ်လာခဲ့၏။

ကျော်ဇင်ထက် ခုတင်ပေါ် နေသားတကျ ပြန်ရောက်တော့

www.burmeseclassic.com


သီချင်စိတ်က တစ်ကိုယ်လုံး ဝါးမျို၍ ရှုစိရှုစိဖြစ်နေ၏။ နေအေးက ဒါကိုသိသည်။ ချိုချဉ်ကြော်… အဲ… အဲ… မချိုမချဉ်မျက်နှာပေးနှင့် မသီချင်ယောင်ဆောင်ရင်း ကော်ဖီဖျော်သောက်နေ၏။

'နေအေး ဘာသတင်းကြားလဲ'

ကျော်ဇင်ထက် အမေးကို နေအေးက နာရီကြည့်ရင်း အေးအေးဆေးဆေးဖြေသည်။

'ဘာသတင်းကြားရမှာလဲ၊ အစောကြီးရှိသေးတဲ့ဟာကို၊ တစ်ခါတလေ ဆယ့်နှစ်နာရီထိုးတာတောင် ထိပ်စီးက ငြိမ်တာမဟုတ်ဘူး'

'ဟေ့ကောင် အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါ ဘာမေးတယ်ဆိုတာ မင်းသိပါတယ်'

'ဟာကွာ၊ မင်း ငါ့ကို သိပ်ကြည်ညိုလွန်းနေပြီထင်တယ်၊ ဒါပေမဲ့ မပြောဘဲ သိရအောင် ငါ့ကို ဘိုးတော်များမှတ်နေလို့လားကွ၊ ငရဲကြီးမယ်နော်'

'ဟာ… နာတော့မယ်၊ တမင်သက်သက် အထာကိုင်မနေနဲ့၊ မင်းရဲ့ စပီကင်အစွမ်းကို ငါသိတယ်၊ ချိုင်းထောက်ရဲ့ အဖော်ကို မင်း ဝင်လုံးနေတာ၊ မသိဘူး မှတ်နေလား၊ ဘာတွေသိရလဲ ပြော'

ထိုအခါမှ နေအေးက ရွှေရေး ပန်းကန်တက်ဖြစ်သွားတော့သည်။ ရုပ်ကိုက မသတီချင်စရာ။ သူ့ကိုယ်သူ ရှားလော့ဟုမ်းလိုလို စီးရိုးစီးရိုးဆဲဗင်းလိုလို စတိုင်ဖမ်းရင်း မလိုင်ဆမ်းနေ၏။

ကျော်ဇင်ထက်မခံစားနိုင်အောင် ဒေါ်ပွရင်း နီးရာငှက်ပျောသီးနှင့် ကောက်ပစ်လိုက်သည်။ နေအေးက ငှက်ပျောသီးကို သေသပ်စွာဖမ်းယူပြီး ချင်ပန်ဇီတစ်ကောင်လို အခွံခွာ၍ အေးဆေးစားနေ၏။

အာဟာရကို ဒါနမြောက်အောင် သုံးဆောင်ပြီးမှ ခွေးကောင့်သားက နှုတ်တော်ဟ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… နာမည်သညာခေါ်စရာကား အိတုံတဲ့ကွာ၊ အပျင်းပြေပြေမြည်းဖို့ တနင်္ဂနွေသမီးလေးပေါ့'

'အိတုံတဲ့လား၊ ဂျယ်လီလေးလိုပဲနော်၊ စားချင်စရာ အဟီး'

'ဟော့ကောင် ဘာတွေပြောနေတာလဲ၊ အိတုံက အကောင်းမင်းရဲ့ အကျိုးချိုင်းထောက်လေးက သွန်းဟေမာန်တဲ့'

'ဟော… ရှင်းရှင်းပြောပါလားကွ၊ မရှင်းလို့ မှားရင် တာဝန်မယူဘူးနော်၊ လုပ်စမ်းပါဦး သတင်းက ဒါပဲလား'

'အဟင်း… လောကကြီးမှာ ဘယ်အရာမှ အလကားမရဘူးတဲ့ကွ'

'အေးပါကွာ၊ ငါ ဆေးရုံက ဆင်းတာနဲ့ စည်ဘီယာအမှောက်ကိုက်မယ်ကွာ၊ ဂရန်ဒီပေးတယ်၊ သိသမျှ အကုန်သာပြော'

'စည်ဘီယာဆိုရင်တော့ မဆိုးပါဘူး၊ ကဲ… နားထောင်အိတုံက ရန်ကုန်၊ တောင်ဥက္ကလာမှာနေတယ်၊ သွန်းဟေမာန်ကမန္တလေးက အလည်လာတာ၊ ကားတိုက်ခံရပြီး ကျောရိုးထိခိုက်သွားတာတဲ့၊ ဆေးရုံတက်နေတာ ကြာပြီ၊ ရောဂါလည်း ပျောက်သလောက်ဖြစ်နေပြီ၊ မိဘမရှိတော့ဘူး၊ သူ့အဒေါ်က အလုပ်များတော့ မန္တလေးကနေ လာလိုက် သွားလိုက်ပဲတဲ့၊ သိပ္ပံဘွဲ့ရ အလုပ်လက်မဲ့ အပျိုလေးတွေ၊ ကဲ… ဘာသိချင်သေးလဲ'

'အဟဲ… တပည့်မွေးရကျိုးနပ်လိုက်တာကွာ၊ ရလိုက်တဲ့ဒေတာ (data)တွေကတော့ ရှယ်ပဲ'

'ခွေးမျိုး… ဆောင့်ကန်လိုက်လို့ နောက်တစ်ဖက်ပါ ထပ်ကျိုးသွားဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ညနေ ညစာချိန်တွင် ဖေဖေ ရောက်လာသည်။ အခြေအနေမေးပြီး ပိုက်ဆံထပ်ပေး၏။ ကျော်ဇင်ထက်မှာ ရောဂါခံစားနေရသောလူမမာမဟုတ်သဖြင့် ဆေးဖိုးဝါးခ အကုန်အကျက သိပ်မရှိလှ။ သိပ်နာလွန်းမှ သောက်ရသော အကိုက်အခဲပျောက်ဆေးလောက်သာ လိုအပ်၏။

'သား… တကယ်ကော သက်သာရဲ့လား၊ ဖေဖေ စိတ်ချမ်းသာအောင် ဟန်ဆောင်နေတာလား'

'ဩော်… ဖေဖေရယ် သက်သာပါတယ်ဆိုမှ၊ ပြီးတော့ သားတို့က လူငယ်တွေ အရိုးပြန်ဆက်ဖို့လည်း လွယ်တယ်တဲ့၊ နောက် ငါးရက်ဆို ဆေးရုံမှာတောင် နေစရာမလိုတော့ဘူး'

'အေးပါကွာ၊ အေးပါ။ သက်သာတယ်ဆိုလည်း ကောင်းတာပဲပေါ့၊ ဘာစားချင်သေးလဲ၊ ဘာဝယ်ပေးရမလဲ'

'မလိုပါဘူး ဖေဖေရယ်၊ ဒီမှာ နေအေးတစ်ယောက်လုံး ရှိတာပဲဟာ၊ အချိန်မရွေး ကြိုက်တာဝယ်ခိုင်းလို့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ ဦးလေး၊ ဘာမှမပူနဲ့၊ ကျွန်တော်တစ်ယောက်လုံးရှိတယ်၊ ကျန်းမာရေးအတွက် ဘာမှပူစရာမလိုဘူး၊ ပူရမှာက ဆေးရုံက အဆင်း ချွေးမပါ အိမ်ပါမလာဖို့ဘဲဖြစ်မှာ ဦးလေးရ'

'ဟာ··· ဟော့ကောင် မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ အဖေ အဟုတ်ထင်နေဦးမယ်'

'ဟုတ်ကော မဟုတ်လို့လား'

'တော်စမ်းပါ နေအေးရာ၊ မင်းစကား အဖေ ယုံမယ်ထင်နေလား၊ ဆေးရုံရောက်တာမှ နှစ်ရက်ပဲ ရှိသေးတာ'

'ဘာဖြစ်လဲ ငါ့သားရာ၊ ချွေးမပါလာတော့လည်း တို့သားအဖ အိမ်ထမင်း အိမ်ဟင်း ကောင်းကောင်းစားလို့ ရတာပေါ့၊ ငါ့သားလည်း ဘွဲ့ရ ပညာတတ်ပဲဟာ၊ ချွေးမ ခေါ်လာလည်း သင့်တော်တဲ့ အရွယ်ပါပဲ'

'ကဲ··· နေအေး မင်းရဲ့ ချွန်တွန်းပရောဂျက်က မှိုတက်သွားပြီ၊ ကြားတယ်နော်၊ ဖားသားရဲ့ ဒီမိုကရေစီသဘောထားကို'

'အေးပါကွာ၊ အေးပါ၊ ဒီကိစ္စ ငါ ကြားမဝင်တော့ပါဘူး'

'ကဲ··· ငါ့သား၊ ဒီည တရားပွဲမှာ အသံချဲ့စက်လိုက်ဖွင့်ပေးရဦးမှာ၊ အလှူခံအတွက် ဟောဖို့ပြောဖို့ရောပေါ့၊ အဖေ မအားလို့ သွားတော့မယ်၊ အရေးကြီးရင် ဘေးအိမ်ကို ဖုန်းဆက်လိုက်၊ တရားပွဲကိုလာပြောလိမ့်မယ်'

'စိတ်ဖြောင့်ဖြောင့်နဲ့ ပြန်ပါ ဖေဖေရယ်၊ သားအတွက် ဘာမှ မပူနဲ့၊ လုပ်စရာရှိတာသာ အေးအေးဆေးဆေးလုပ်'

ကျော်ဇေ်ထက်နှင့် နေအေးတို့၏ အာမခံချက်ကြောင့် အဖေ စိတ်အေးပြီး ပြန်သွား၏။ ဆေးရုံတွင် နှစ်ရက်သာရှိသေးသော်လည်း ကျော်ဇေ်ထက် ပျင်းနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နေအေးကို ဆေးရုံနားမှ ဆိုင်များတွင် ထမင်းဟင်းဝယ်ခိုင်းပြီး ညစာကို စောစောစားလိုက်ကြသည်။

ကျော်ဇင်ထက်တို့ ညစာစားအပြီးမှာ ဘေးခုတင်မှ ဘဘကြီးက စကားစလာ၏။

'မောင်ရင်လေး အမေက ဘာလို့လိုက်မလာတာလဲ၊ စောစောက လာတာ အဖေမဟုတ်လား'

အလိုက်ကန်းဆိုးမသိ အမေးကြောင့် ဘာဖြေရမှန်းမသိဖြစ်သွား၏။ သင့်တော်သော အဖြေတစ်ခုခုတော့ ပေးရမည်မို့…

'အဲ… ကျွန်တော် ငယ်ငယ်ကတည်းက အဖေနဲ့အမေ ကွဲသွားကြတာဗျ၊ အမေဆိုတာ ဖြူသလား မည်းသလား မသိသလို သေသလား ရှင်သလားလည်း မသိပါဘူး'

'ဩော်… ဒီလိုလား မောင်ရင်လေး၊ အသက်အရွယ်နဲ့တောင် ဖြစ်ချင်တာမဖြစ်ဘဲ မဖြစ်ချင်တာတွေ တော်တော်များများ ရင်ဆိုင်ခဲ့ရပြီပဲကိုး၊ ရှုတတ်ရင် တရားရစရာတွေချည်းပါပဲ မောင်ရင်လေးရယ်၊ အဲဒါကြောင့် ဘာမှ မက်မောစရာမရှိတဲ့ ဘဝလို့ ပြောကြတာပေါ့၊ ရခဲတဲ့ လူ့ဘဝရတုန်း ကိလေသာကို လက်စတုန်းပြီး အပြတ်ဖြတ်လိုက်ကြစမ်းပါ'

'ဗျာ… ဟုတ်… ဟုတ်ကဲ့'

ရော်… ခက်ကုန်ပြီ။ ကိုယ်က အားကောင်းမောင်းသန် ကိလေသာတို့နှင့် လူ့ဘဝရခိုက် ဃရာဝါသကိစ္စ လုံးပန်းဖို့ အင်နာဂျီအပြည့်နှင့် ပြင်ဆင်နေသည်ဆိုကာမှ နိဗ္ဗာန်ကို မျှော်မှော်ပြုဖို့ တိုက်တွန်းသူက ရှိနေသေးသည်။

'အို နာ သေ ဘေးဆိုတဲ့ ဒုက္ခကို အပြတ်ဖြတ်ဖို့ မွေ့ဆိုတဲ့ လက်နက်ကောင်းကလည်း အဆင်သင့်ပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟား··· ဒုက္ခပါပဲလား။ ခြောက်ဆယ်ကျော်နှင့် နှစ်ဆယ်ကျော်တို့ စကားဝိုင်းက ကီးမကိုက်တော့။ ကျော်ဇင်ထက် စိတ်ကူးက ထမင်းလုံးစီရင်း သွန်းဟောမာန်အား မည်သို့မည်ပုံ ချဉ်းကပ်မည်နည်းဟူသော ပဟေဠိကို နေအေးနှင့် အဖြေညှိဖို့သာ ဖြစ်သည်။

ယခုတော့ ဦးနှောက်နှင့်မဆန့်၊ နှလုံးသားလိုအင်နှင့်ကင်းကွာသော အပြင်းစားမွေ့အကြောင်းအရာကိုသာ Non Stop ကြားနာနေရ၏။

'မင်းတို့ ရှင်ဆန္ဒာဓိကအကြောင်း ကြားဖူးတယ် မဟုတ်လား'

'ဗျာ··· ဟုတ်'

ပို့ချသူက တက်ကြွသလောက် နာကြားသူများမှာ မချိမဆန့်ဖြစ်နေကြ၏။

'ဘယ်လောက်တော်တဲ့ ပုဂ္ဂိုလ်လဲ၊ စဉ်းစားကြည့်ကြစမ်း၊ ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးနဲ့ ထူးထူးချွန်ချွန်အောင်မြင်ပြီးကာမှ လောကီကိစ္စတွေကို ပြတ်ပြတ်သားသားစွန့်ပယ်ပြီး သာသနာ့ဘောင်ကို ဝင်သွားတဲ့ တကယ့်အာဇာနည်လေ'

'ဟုတ်'

'သူမိန့်ကြားတဲ့ စကားတစ်ခွန်းရှိတယ်၊ လူ့ဘဝမှာ ယောကျ်ားအဖြစ်ကိုရခဲ့ပါလျက်နဲ့ ရဟန်းဘဝနဲ့ အရိုးမထုတ်နိုင်ရင် အရှုံးကြီးရှုံးတော့မယ်ဆိုတာ သိလို့ ရဟန်းဝတ်ခဲ့တာတဲ့၊ ကဲ··· ဘယ်လောက်တန်ဖိုးရှိသလဲ'

'ဟုတ်'

'မောင်ရင်လေးမှာ တွယ်တာစရာ အဖေတစ်ယောက်ပဲရှိတယ်ဆိုလို့ တိုက်တွန်းကြည့်တာပါ၊ မင်းအနေနဲ့ ရဟန်းဘဝ ကူးပြောင်းဖို့သင့်တော်တဲ့အနေအထားရှိနေတယ်လို့ မတွေးမိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ... ဟုတ်... တွေးမိသလိုလိုပါပဲ ဘဘကြီး'

'တွေးမိသလိုလိုဆို ဝေးသွားလိမ့်မယ်၊ မင်းတို့ငါတို့ဟာ ဘဝများစွာ သံသရာမှာ အကြိမ်ကြိမ် အဖန်ဖန် လည်ခဲ့ကြပြီးပြီ၊ အခုဘဝဟာ နောက်ဆုံးလို့ လက်ရုံးဆန့်ပြီး ဟစ်ကြွေးလိုက်စမ်းပါကွာ၊ ငါ ရဟန်းဒကာ လုပ်ပါ့မယ်၊ ဘယ်နှယ်လဲ'

နေအေးက ခုတင်ဘေးမှ စားပွဲပုလေးကို ဖွင့်ကာ တစ်ခုခုရှာချင်ယောင်ဆောင်ရင်း တခွိခွိနှင့် ရယ်နေပြီဖြစ်သည်။ အဖြစ်ကကြုံဖူးပေါင်ဆိုသလို မိန်းမယူချင်လွန်း၍ ရည်းစားထားခြင်းတည်းဟူသော ပထမလှေကားကို ခြေချစဉ်မှာပင် ရဟန်းခံပေးမည့် အလှူရှင်က ပေါ်လာသည်တဲ့လေ။

ကျော်ဇင်ထက်မှာ လေထီးသုံးလုံးလောက် လွယ်ပိုး၍ လေယာဉ်ပျံပေါ်မှ ခုန်ချကာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားချင်စိတ်ပင် ပေါက်လာရ၏။

ကံကောင်းသည်ဟုပင် ဆိုရတော့မည်။ ဘဘကြီး၏ လူနာစောင့်မြေးက ဆေးတိုက်ပြီး ခြင်ထောင်ချပေးလိုက်သောကြောင့် ဘဘကြီး မဖြစ်မနေ အိပ်ရတော့မည့် အနေအထားနှင့် တာ့တာ လုပ်သွားခဲ့သည်။

ဆေးရုံတစ်ခန်းလုံး အိပ်သူအိပ် လှဲသူလှဲနှင့် အနားယူနေကြပြီမို့ နေအေး အကူအညီနှင့် ဝိုးလ်ချဲပေါ်တက်၍ ဝရန်တာ ထွက်ပြီး အားပါးတရ ရယ်မောကြရ၏။ ခွက်ထိုးခွက်လန် ဟားတိုက်ကြ၏။

'ဟား... ဟား... ဟား... ဘဘကြီးနဲ့မင်းက ပဋ္ဌာန်းဆက်ရှိတယ်ကွ၊ စိတ်ကူးမလွဲနဲ့နော်၊ ကျောက်ပတ်တီးဖြည်ပြီးတာနဲ့ ရဟန်းခံလိုက်တော့၊ 'ပစ္စည်းလေးပါး ဒါယကာလည်း အဆင်သင့်ပဲနော်၊ ဟား... ဟား... ဟား'

www.burmeseclassic.com

www.burmeseclassic.com


'တော်စမ်းပါကွာ၊ သူကိုယ်တိုင်ကျတော့ မဝတ်ဘဲနဲ့ သူများကို အချွန်နဲ့ လာမနေတယ်'

'ဟာ… မဟုတ်ဘူးလေကွာ၊ သူ့မှာ စောင့်ရှောက်ရမယ့် အဘွားကြီးရှိသေးတယ် မဟုတ်လား၊ အခုတောင် အဘွားကြီးကို အစောင့်ရှောက်ကောင်းလို့ ဆေးရုံရောက်နေတာလေ၊ မင်းမှာက ရဟန်းဘဝကူးဖို့ အခြေအနေကောင်းတွေ ရှိနေတာကို'

'ဟော့ကောင် အောက်ဆီဂျင် မလုပ်နဲ့၊ ကိုယ်တိုင် မီးလောင်ပြီး မီးလောင်ခြင်းကို အားပေးချင်ရင် မင်း ဝတ်လိုက်ပါလား'

'ငါ့မှာ ရဟန်းဒကာမရှိဘူးကွ၊ ဟား… ဟား… ဟား'

'အင်း… နေ့ရှိသရွေ့ တိုက်တွန်းနေရင်တော့ ဒုက္ခပါပဲကွာ၊ ကိုယ့်မှာက အခုမှ အချစ်ကိုရှာဖွေတွေ့ရှိကာစရယ်'

'မင်း တကယ်ခိုက်သွားတာလား ကျော်ဇင်ထက်'

'ဟုတ်တယ် နေအေး၊ ငါ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးဘူး၊ မြင်မြင်ချင်းကို ချစ်မိတယ်ဆိုတာမျိုးပေါ့'

'သူက မန္တလေး ပြန်တော့မှာနော်'

'ဘာဖြစ်လဲကွာ၊ မြစ်ကြီးနားက လူနဲ့ ထားဝယ်ကလူတောင် ညားကြသေးတာပဲ မဟုတ်လား'

'အားပါနေပြီပေါ့၊ ဟုတ်လား၊ ဒါဆိုလည်း အချိန်ရတုန်း ကြိုးစားထားနော်၊ ဝီရိယရှိမှ အဖတ်တင်မှာ၊ လှုပ်ရှားမှ မုန့်စားရမှာ'

'အေးကွာ၊ ပြောရင်းဆိုရင်း သတိရလာပြီကွာ၊ ခုချိန် သွန်းဟေမာန်လေး ဘာများလုပ်နေမလဲ မသိဘူး'

'အင်း… အိမ်သာတက်ရင် တက်နေမှာပေါ့ကွာ'

'လူယုတ်မာ'

'ဆေးရုံဆိုတော့ ယောက်ျားဆောင် မိန်းမဆောင် ခွဲထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်နေတာကို၊ ကိန္နရီချောင်းခြားသလို ခံစားရတယ်ကွာ’

‘အင်း… ဟုတ်မှာပါပဲကွာ၊ ဒါပေမဲ့ ကိန္နရီကြီးက ကျောက်ပတ်တီးနဲ့ ခြေတစ်ပေါင်ကျိုး၊ ကိန္နရီမလေးက ချိုင်းထောက်နှစ်ဖက်နဲ့ ဘယ်ညာတောင်လှည့်ကြည့်လို့မရဘူး၊ အိုမှာကျိုးကန်း စုံတွဲအဖြစ်ဂင်းနှစ်စံချိန်တင်လို့ရတယ်ဟေ့ သိလား’

‘ဟား… ဟား… ဟား… မနောလို မဖြစ်နဲ့ နေအေး၊ ဘဘကြီးပြောသလို ဘယ်အရာမှ မမြဲပါဘူး၊ ကျောက်ပတ်တီးလည်း မမြဲဘူး၊ ချိုင်းထောက်လည်း မမြဲဘူးကွ၊ သဘောပေါက်’

‘ဟား… မင်း တကယ့်ကောင်ပဲ၊ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ အနိစ္စတရားကိုတောင် အလွဲသုံးစားလုပ်မယ့်ကောင်ပါလား’

‘ဒါဆိုလည်း အချစ်နဲ့အနိစ္စမှာ မတရားတာမရှိဘူးလို့ပဲ သဘောထားလိုက်ပေါ့ကွာ’

ကမ္ဘာကြီး သူ့ဝင်ရိုးပေါ် တစ်ပတ်လည်သည့်နှုန်းက နှေးကွေးလှချည်ရဲ့ဟု ကျော်ဇင်ထက် ထင်နေမိသည်။ ဖြစ်နိုင်လျှင် အပြင်ထွက်၍ နေမင်းကို တံချူနှင့် လှမ်းဆွဲပြီး မိုးမြန်မြန်လင်းအောင် လုပ်ပစ်လိုက်ချင်၏။

ဒါဆိုလျှင်လည်း မြင်သူအပေါင်းက အကျိုးဆောင်အကန်းမောင်ဟု ကဲ့ရဲ့ကြဦးမည်ထင်သည်။ သွန်းဟေမာန်နှင့်တွေ့ဖို့ စိတ်စောစွာ စောင့်မျှော်ရင်း အရက်မတက်မိကပင်နိုးနေခဲ့၏။ ကြိုးစား၍ ဆက်အိပ်သော်လည်း ဘယ်လိုမှ အိပ်မပျော်တော့သဖြင့် ခြင်ထောင်ထဲတွင်ပင် ဝင်္ကခံရင်း မနက်လင်းအောင် စောင့်နေခဲ့ရသည်။

အပူအပင်ကင်းကင်း အိပ်ပျော်နေသော နေအေးကိုကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက် မနာလိုဖြစ်နေ၏။ အချစ်နှင့် သက်ဆိုင်မှု မရှိသူတို့ စိတ်အေးချမ်းသာ နေခွင့်ရသလားဟုပင် ထင်မှတ်ရသည်။

လုံးဝ သည်းခံနိုင်စွမ်းမရှိလောက်အောင် စောင့်ဆိုင်းပြီးမှ အချစ်နှင့် မျက်နှာချင်းဆိုင်ရမည့် အချိန်ကာလကောင်းသို့ ရောက်လာခဲ့ရ၏။ ဒေးကာနယ်ဂျီ၏ မိတ္တဗလဋ္ဌီကာကို ပြာချ၍ ရေဖျော်သောက်ထားသော၊ နေအေး၏ နှင်းဆီရောင်တော်ကီများကြားတွင် သူတို့လေးယောက် ခင်မင်မှုများ အရောင်ရင့်သွားကြသည်။

သွန်းဟေမာန်မှာ ချိုင်းထောက်အကူအညီ မလိုတော့တာ တွေ့ရ၏။ ဒါဆို သူမ ရောဂါ ပျောက်ကင်းတော့မည်ပေါ့။ ကျော်ဇင်ထက် ရင်တွေပူလာ၏။ ပဒေါင်မလေးများကဲ့သို့ လည်ပင်းရှည်ရှည်ထက်မှ သွန်း၏ မျက်နှာလှလှလေးကို အပေါင်ဆုံးပစ္စည်းကဲ့သို့ တရှိုက်မက်မက် နှမြောတသစွာ ကြည့်မိသည်။

သွန်း၏ တုံ့ပြန်အကြည့်များသည်လည်း ကျော်ဇင်ထက်နှင့် ဘာသာရပ်တူနေသလို ခံစားရ၏။ သွန်းနှင့် ကျော်ဇင်ထက်တို့ မျက်ဝန်းစကားနှင့် နားလည်မှု ရခဲ့ကြသော်လည်း နှုတ်ဖျားစကားနှင့် ဆွေးနွေးမှုရယူသွားသူမှာ အိတုံ့သာဖြစ်သည်။

အိတုံ့က ရင်းနှီးဆွေးနွေး ပွင့်လင်းစွာဖြင့် ကျော်ဇင်ထက်အား အရောဝင်၏။

'ကိုကျော်ဇင်ထက်နဲ့ ကိုနေအေးတို့ အိတုံ့အိမ်ကို လာလည်ရမယ်နော်၊ ခုမှဆုံကြတာဆိုပေမယ့် အိတုံ့က ခင်တတ်တယ်'

'စိတ်ချပါ အိတုံ့၊ ကျွန်တော့်ခြေထောက် ကောင်းသွားတာနဲ့ အရင်ဆုံးလာတွေ့ချင်တာ သွန်းဟေမာန်နဲ့ အိတုံ့ပါ၊ ဒါနဲ့ သွန်းကော ဘယ်တော့လောက် မန္တလေးပြန်မှာလဲ'

'အဲဒါတော့ မပြောတတ်ဘူး ကိုကျော်ဇင်ထက် ဝေဒနာက

www.burmeseclassic.com



လည်း ပျောက်သလောက်ဖြစ်နေပြီဆိုတော့ ဒေါ်လေးအားလို့ လာခေါ်တဲ့နေ့ ပြန်ဖြစ်မှာပါ၊ ဘာဖြစ်လို့လဲဟင်'

'ဪ… ခင်မင်မှုတွေ ပျိုးထောင်ပြီးကာမှ အလှမ်းဝေးသွားမှာကို တွေးမိလို့ပါ'

သံယောဇဉ်စကားကို ရယ်သွမ်းသွေးပြီး ဖျက်မြင်းလုပ်သူက အိတုံသာဖြစ်နေသည်။

'အမလေး ကိုကျော်ဇင်ထက်ရယ်၊ လျှာအရိုးမရှိတိုင်း ပြောနေလိုက်တာ ကျွန်မတောင် မျက်ရည်ကျချင်လာပြီနော်'

ထို့နောက်မှာတော့ ရှုပကုထုံးကုသမှု ခံယူကြရသည်။ ဓောက်ထိုးအနေအထားနှင့်ပင် သွန်းဟေမာန်၏ အလှကို မမှတ်မသုန်ခံစားနေလိုက်၏။ မကြာခဏဆိုသလို သွန်းနှင့်အကြည့်ချင်းဆုံသည်။ ထိုစဉ်အခါတိုင်း သွန်းက ရှက်စနိုးဟန်ပန်နှင့် မျက်လွှာချသွားသည်သာဖြစ်၏။

ထိုအမူအရာလေးကပင် ကျော်ဇင်ထက် နှလုံးသားအားပြုစားနေသလိုထင်ယောင်မိသည်။ ဒါကိုပင် ကျော်ဇင်ထက် ကျေနပ်နေမိ၏။

'ပြုစားလိုက်စမ်းပါ သွန်းရယ်၊ ကိုယ့်နှလုံးသွေးတွေ ဆူပွက်ပေါက်ကွဲ ယိုစီးထွက်လာတဲ့အထိပေါ့'

ကုသမှုပြီးသွားသောအခါ အိတုံ အိမ်ပြန်သွားသည်ဆိုသဖြင့် လမ်းလျှောက်နေနိုင်ပြီဖြစ်သော သွန်းအား ကျော်ဇင်ထက်က ဝိုးခဲ့အားကိုးပြီး ပြန်လိုက်ပို့ပေး၏။ နေအေး အကူအညီကတော့ မဖြစ်မနေပါသည်ပေါ့။

သွန်းက သူမ ခုတင်အရောက် အိုဗာတင်းနှင့် ဧည့်ခံသည်။

'ကိုကျော်ဇင်ထက်က ကျောင်းပြီးပြီဆို၊ အလုပ်မဝင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင့်မှာ ကိုယ်ပိုင်အလုပ်ရှိတယ် သွန်းဟေမာန်ရဲ့၊ လခစားအလုပ်လောက်တော့ အပျော့ပဲ'

'အို… ဟုတ်လား၊ ဆောရီးနော်'

'ရပါတယ်ဗျာ၊ သွန်းတို့ကော မန္တလေးမှာ ဘာလုပ်ငန်းလုပ်ကြသလဲ'

'သွန်းရဲ့ ဦးလေးက ရွှေခြည်ထိုးလုပ်ငန်းလုပ်တယ်လေ၊ ဦးလေး ဆုံးသွားတော့ အခေါ်နဲ့အတူတူ အဲဒီလုပ်ငန်းကို ဆက်ပြီးဦးစီးနေပါတယ်'

'ကောင်းတာပေါ့၊ ဒါဆို သွန်းတို့က သူဌေးတွေပေါ့'

'ဒီလောက်လည်း မဟုတ်ပါဘူး၊ တခြားဘာမှ မလုပ်တတ်လို့ပါ'

'ဟင်း… ဟင်း… ဟင်း… လာမလည်ပါဘူး သွန်းဟေမာန်ရယ်၊ လျှိုမနေပါနဲ့၊ အကူအညီလည်း မတောင်းပါဘူး'

'အဲလို မဟုတ်ပါဘူး၊ ကြွားတယ်ထင်မှာစိုးလို့ပါ'

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို ဆရာဝန်ကြီးများ ရောင်းနှံ Round လှည့်မည်ဆို၍ ကိုယ့်အဆောင် ကိုယ်မပြန်ချင့်ပြန်ချင် ပြန်လာခဲ့ကြရသည်။

ကိုယ့်အဆောင် ပြန်ရောက်တော့ နေအေးနှင့် အခြေအနေကို တိုင်ပင်ဆွေးနွေးကြည့်မသိသည်။

'သွန်း အနေအထားကို ဘယ်လိုခန့်မှန်းမိလဲ'

'အခြေအနေ မကောင်းဘူး ကျော်စင်ထက်'

'ဟင် ဘာဖြစ်လို့လဲ'

'မင်းရဲ့ တီကောင်ကို ငါးရံ့နှစ်ကောင် ပိုင်းတွတ်နေလို့လေ'

'ဘာ… ဘယ်လို'

www.burmeseclassic.com

www.burmeseclassic.com



'တုံးချင်ယောင်ဆောင်မနေပါနဲ့ကွာ၊ သွန်းကော အိတုံပါ မင်းကို စိတ်ဝင်စားနေကြတာလေ၊ သူတို့မျက်လုံးတွေကို ငါဖတ်တတ်ပါတယ်ကွ'

'အဲဒါ ငါ ဘယ်လိုလုပ်ရမလဲ'

'မပြောတတ်ဘူးလေကွာ၊ မင်းကိုက စန်းထနေတာကိုးကွ'

'အဲဒါ စန်းထတာမဟုတ်ဘူး၊ အဖျက်ဝင်တာ၊ အဖျက်… အဖျက်'

ရုတ်တရက်ပေါ်ထွက်လာသော တစ်ဖက်ခုတင်မှ ဘဘကြီး အသံကြောင့် ကျော်ဇင်ထက်တို့ ဆွေးနွေးပွဲလေး အရှိန်ပျက်သွားရ၏။

'ဘယ်လောက်တိုက်ဆိုင်သလဲ၊ မြင့်မြတ်လှတဲ့ ဘုရားသားတော်ဘဝကို ကူးပြောင်းဖို့ အခြေအနေကောင်းတွေနဲ့ အဆင်သင့်ဖြစ်နေတဲ့ မင်းရဲ့ရှေ့ကို စိဠမာဏ ရောက်လာတာ'

'ဟာ… အဲဒီမိန်းမက မြေမျိုသွားပြီ မဟုတ်လား ဘဘကြီးရဲ့'

'တင်စားတာကွ၊ တင်စားတာ၊ မင်းမှာ သာသနာ့ဘောင်ဝင်တာကို တားမယ့် ဆီးမယ့် မိန်းမတွေ အမေတွေ မရှိဘူး၊ ရဟန်းဒကာလည်း အဆင်သင့်ပဲ၊ အဲဒါကြောင့် အဖျက်ဝင်လာတာ ရှင်းလား'

'ဗျာ… ဟုတ်… ဟုတ်'

ဘဘကြီးက ဒေါနှင့်မောနှင့် မခံရပ်နိုင်စွာ ပြောဆိုနေသဖြင့် ကျော်ဇင်ထက် အကြီးအကျယ် စိတ်ညစ်သွားရသည်။ ဘယ်လိုရေစက်မျိုးပါလိမ့်ဟုလည်း တွေးနေမိ၏။

'မဖြစ်ဘူး၊ လက်ဦးမှ ရယူမှ စိတ်ချရမှာ၊ မင်း အခုပဲ မလား၊ ငါ စီစဉ်လိုက်မယ်'

'ဗျာ… အခု… ဟာ ဘဘကြီးရာ၊ ကျွန်တော်က ခြေကျိုး

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျောက်ပတ်တီးကိုင်ထားရတာလေ၊ ဘယ်လိုလုပ် ရဟန်းခံမလဲ၊ ဘယ်လိုလုပ်သိမ်ဝင်မလဲ၊ မဖြစ်နိုင်ပါဘူးဗျာ'

'ဩော်... အေး... ဟုတ်သားပဲ၊ ငါလောသွားတယ်၊ ဆောရီး'

စိတ်ညစ်ခြင်း သရုပ်ဖူကိုဆောင်း၍ ကောင်းကောင်းကြီး ဒုက္ခ ရောက်နေခိုက် မေခလာရောက်လာသည်။ ဆေးရုံအကူ တစ်ယောက်က ဓာတ်မှန်ရိုက်ရန်အတွက် ဘဘကြီးကို လာခေါ်သွားသောကြောင့်ဖြစ်၏။ ဆေးရုံက ဆင်းသွားတာ မဟုတ်သော်လည်း ခဏတဖြုတ်တော့ စိတ်သက်သာရာ ရသွားသည်။

'ဘယ်လိုလုပ်ကြမလဲ နေအေး'

'တစ်ယောက်ယောက် ဆေးရုံက ဆင်းမှ ဒီကိစ္စကပြတ်မှာ'

'တော်ပြီကွာ၊ ငါ အိပ်ချင်ယောင်ဆောင်နေလိုက်မယ်၊ မင်းလည်း တော်ရာသာ ရှောင်နေတော့'

ကျော်ဇင်ထက် ညစ်ညစ်နှင့် စောင်ခေါင်းမြီးခြုံ၍ အိပ်သွားတော့၏။

ဖွတ်တရွတ် ရဟန်းဒကာကြီးကို နည်းမျိုးစုံနှင့် စတေးရှောင်ရင်း တစ်ညတာ ကုန်ဆုံး၍ နေ့သစ်ကို ရောက်ရှိလို့လာပြန်သည်။

တက်တက်ကြွကြွနှင့် သွက်သွက်ထ၍ အပိုင်စားရထားသော ဗိုးလ်ချုနှင့် ဆေးရုံပတ်နေလိုက်၏။ နေအေး၏ လျှင်မြန်မှုနှင့် ဆေးရုံ အပြင် မယောင်မလည်ထွက်၍ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။

ကိုးနာရီ ထိုးခါနီးမှ ဆေးရုံထဲ ပြန်ဝင်ခဲ့ကြ၏။ ဆေးကုထုံး အဆောင်ရောက်တော့ ပဒေါင်နတ်သမီးနှင့် အိတ်တို့အား မတွေ့ရပါ။ မျှော်တုန်းမျှော်ဆဲ သူလည်းရောက်မလာတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com


ရှုပကုထုံးနှင့် ကုသမှုခံယူရာသို့ လုံးဝရောက်မလာတော့သဖြင့် ဆေးရုံမှ ဆင်းသွားပြီဟုသာ ယူဆရလေ၏။

လူနာဆောင်သို့ အပြန်ခရီးမှာတော့ ကျော်ဇင်ထက်မှာ ဝိုးလ်ချဲပေါ် ပုံလျက်သားကျရင်း လိုက်ပါလာရသည်။ စကားပြောချင်စိတ်ပင်မရှိ။ ပကာတိ ချွတ်ခြုံကျလျက်ရှိနေ၏။

ဘဘကြီး၏ သာသနာ့အမွေကိုလည်း ခံယူနိုင်စွမ်းမရှိသဖြင့် ဆေးရုံဝရန်တာတွင်ပင် အချိန်ဖြုန်းနေလိုက်သည်။ တင်ပဆ္ဆိုရိုးအက်နေသော ရဟန်းဒကာကြီး ဒီနေရာကိုတော့ လမ်းလျှောက်မလာနိုင်ပါ။

ဤနေရာလေးသည် ဆေးရုံတွင်းမှ ကျော်ဇင်ထက်အတွက် လွတ်လပ်ဘေးကင်း အန္တရာယ်ရှင်းသော နေရာလေးပင်ဖြစ်နေသည်။ နေအေးက ကျော်ဇင်ထက်အား စက္ကန့်မလပ် အကဲခပ်နေ၏။

'မန္တလေးလိပ်စာတောင် မမေးလိုက်ရဘူးကွာ'

'အိတုံအိမ်လိုက်သွားပြီး မေးရင်ရမှာပါ၊ ဒီလောက်လည်း စိတ်ဓာတ်ကျမနေပါနဲ့ကွာ'

'သူတို့က ငါးရုံနှစ်ကောင်ဆို ပြောပြပါ့မလား'

'အေး… ဒါလည်း ဟုတ်တာပဲ၊ တတ်နိုင်သမျှ မျက်ခြေဖြတ်ထားမှာ'

'ဖုန်းနံပါတ်နဲ့ လိပ်စာလေးသိတယ်ဆို ဖြေသာသေးတယ်ကွာ'

'ခြေရာလည်းပျောက်၊ ရေလည်းနှောက်ဆိုသလိုမျိုးကြီး'

'အေးကွာ၊ ရင်ထဲမှာ တနုံ့နုံ့နဲ့'

ပြောစရာစကား ကုန်ခမ်းသွားသဖြင့် ဝရန်တာမှ မြင်ရသော ဩကာသလောက၏ အစိတ်အပိုင်းအား ငေးရီ၍ ငိုင်တွေနေမိသည်။ ထိုအခိုက်မှာပင် ခေါ်သံကြားရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


'ကိုကျော်ဇင်ထက်'

နှစ်ယောက်စလုံး လှည့်ကြည့်မိသောအခါ မျှော်လင့်မထားသော အိတုံကို တွေ့လိုက်ကြရသည်။

'ခုပဲ သွန်းဟေမာန်တို့တူအရီးကို ဘူတာပို့ပြီး ပြန်လာတာ'

'သြော်... သွန်း တကယ်ပြန်သွားပြီပေါ့၊ နှုတ်တောင်မဆက်လိုက်ရဘူးဗျာ၊ သူ့ဝေဒနာကော ရှင်းရှင်းပျောက်သွားတာလား'

'ဟုတ်တယ်လေ၊ ဆေးရုံဆင်းခွင့်ရလို့ ဆင်းသွားတာ'

နေအေးက ကျော်ဇင်ထက်အတွက် အချိန်အခါကို အသုံးချ၍ လူမိုက်ဝင်လုပ်၏။

'အိတုံ သွန်းဟေမာန်တို့ လိပ်စာ သိတယ်မဟုတ်လား'

'သိပါတယ် ကိုနေအေးရဲ့၊ ဘာလုပ်မလို့လဲ'

'လိပ်နာကြီးတစ်ကောင်အတွက် လိပ်စာလိုချင်လို့ပါ'

'သြော်... ဒီလိုလား၊ ဒီလောက်လွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲရှင်၊ သွန်းဟေမာန်ဆိုတာ ပေါချောင်ကောင်း တရုတ်ပစ္စည်း မဟုတ်ဘူးရှင့်'

'သိပါတယ်ဗျာ၊ ကျွန်တော်တို့ကလည်း ဂျပန်မိတ်ပဲ သုံးတာပါ'

'ဒါနဲ့ အိတုံ ဒီကိုလာတာ ကိစ္စရှိသေးလို့လား'

'ရှိတာပေါ့ ကိုကျော်ဇင်ထက်ရယ်၊ ကျွန်မမိတ်ဆွေတစ်ယောက် ခြေထောက်ကျိုးလို့ ဆေးရုံတက်နေရတယ်လေ၊ အဲဒါ သတင်းလာမေးတာ'

'ဗျာ... သြော်... ဟင်း... ဟင်း... ဟင်း... အိတုံက လည်း နောက်တတ်သားပဲ'

'မနောက်ပါဘူး၊ ရှင်တို့က ကျွန်မ မိတ်ဆွေတွေပဲလေ၊ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်'

'ဒီကောင်ကြီး သန်ဘက်ခါဆို ဆေးရုံက ဆင်းရတော့မှာ၊ အိမ်မှာနားရင်း တစ်လပြည့်မှ ပတ်တီးဖြည်ရမှာလေ'

'ကောင်းသွားမှာပါ၊ ပုံမှန်ဖြစ်သွားရင်တော့ သိပ်မဆော့နဲ့ပေါ့'

'ခြေထောက်နဲ့မဆော့ပါဘူး၊ ဆော့ခြင်းဆော့ နှလုံးသားနဲ့ပဲ ဆော့တော့မှာ'

'ကဲ… ကိုကျော်ဇင်ထက်… ကိုနေအေးပြောတာ ဟုတ်သလား'

'ဟုတ်သလိုလိုပဲ ဆိုပါတော့ အိတုံ'

'ဘာလဲ ဒီဆေးရုံက ဆရာဝန်မလား နပ်စ်မလား'

'ဟား… ဟား… ဟား… အိတုံက ကျွန်တော့်ကို အရမ်း အထင်ကြီးနေတာကိုး ဗျ၊ ကဲဗျာ သတင်းလာမေးတဲ့သူကို ဘာမှလည်း ဧည့်မခံရဘူး၊ အားနာလိုက်တာ'

'ရပါတယ်ရှင်၊ ဒါတွေ မလိုပါဘူး၊ ကဲ… အခြေအနေသိရပြီဆိုတော့ ကျွန်မကို ပြန်ခွင့်ပြုပါဦး'

'ကောင်းပါပြီ အိတုံ၊ ခုလို သတိတရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'မိတ်ဆွေတွေပဲဟာ၊ ဒါတွေမလိုပါဘူးရှင်၊ သွားပြီနော်'

'ဟုတ်ကဲ့'

အိတုံက စွဲမက်ဖွယ်ကောင်းအောင် လျှောက်လှမ်းသွားရင်း ခန္ဓာကိုယ်အလှကို လက်ဆောင်ပေးသွားသေး၏။ နှစ်ယောက်စလုံး ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေမိကြသည်။

ထိုစဉ်မှာပင် အိတုံက ချာခနဲ လှည့်၍ သမင်လည်ပြန်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် သူခိုးမျက်လုံးများကို ပက်ပင်းမိသွားခဲ့သည်။ အိတုံက ကျေနပ်စွာ ပြုံးလိုက်ရင်း…

'ကိုကျော်ဖင်ထက် အရိုးအဆစ်သန်မာ ကယ်လ်ဆီယမ်ကြွေကာ သောက်ဖို့ မမေ့နဲ့နော်'

'ဗျာ… ဪ… ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ သောက်ပါ့မယ် အိတုံ'

ဒီတစ်ခါတော့ မွေးရာပါ အလှအပများကို လိုအပ်သည်ထက် ပိုပိုသာသာ ခါရမ်းရင်း အမှန်တကယ် ပြန်သွားတော့၏။

'ဟူး… မင်းအစား မောလိုက်တာကွာ၊ အင်း ဂိုးတိုင်က ဘောလုံးရှိရာ ပြေးလာသလို ဖြစ်မနေဘူးလား'

'ယုန်က မတိုး ပိုက်ကတိုးလို့ ရိုးရိုးပဲ ပြောစမ်းပါ နေအေး ရာ'

'အဓိပ္ပာယ်က အတူတူပါပဲကွာ၊ ကဲ… မင်း ဘယ်သူ့ကို ရွေးမှာလဲ'

'ရွေးစရာမလိုပါဘူး၊ အစကတည်းက ဆုံးဖြတ်ပြီးသား'

'ဒါဆို မင်းက သွန်းဟေမာန်ပဲပေါ့၊ အိတုံလည်း ဝွတ်ပါ တယ်ကွာ'

'ဝွတ်ရင် မင်း ဝင်ရှုတ်လိုက်ပါလား ဂိုးသွားအောင်'

'ဟင့်အင်း… သူ့အလှက ရေဆူမှတ်ကျော်နေတာကွ၊ ပူပူ လောင်လောင်ကြီး၊ ငါမကြိုက်ဘူး'

'ငါလည်း မင်းလိုပဲပေါ့ဟ၊ အပူရှပ်မှာကြောက်တယ်'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဆေးရုံမှ ဆင်းရမည့်နေ့တွင် ဖေဖေ ကိုယ်တိုင် လာကြို၏။ ဘေးခုတင်မှ ဘဘကြီးက အဖေ့ကိုပင် စည်းရုံးရေး ဆင်းကာ ရဟန်းဒကာဖြစ်ခွင့်တောင်းနေသေး၏။

ဖေဖေက သူ့သားပဉ္စင်းတက်လျှင် သူသာ ရဟန်းဒကာလုပ်မည်ဟု အပြတ်ပြောမှ ဘဘကြီး လက်လျှော့သွားရှာသည်။ ကျော်ဇင်ထက်တို့လည်း ကောင်းကောင်းမွန်မွန် နှုတ်ဆက်၍ ပြန်လာခဲ့ကြ၏။ အိမ်ရောက်တော့…

'ငါ့သား ပတ်တီးဖြည်တဲ့အထိ ဇိမ်နဲ့သာ နပ်နေပေတော့'

'မဖြစ်မနေမို့သာ နားရမှာ၊ ဖေဖေတစ်ယောက်တည်း မနိုင်ဘူးဆိုတာ သားသိတယ်'

'အောင်မာ၊ မနိုင်ရအောင် ဝန်ကြီးချုပ်လုပ်ရတာလည်း မဟုတ်၊ သမ္မတလုပ်ရတာလည်း မဟုတ်ပါဘူးကွာ၊ ဘာခက်တာမှတ်လို့၊ ကဲ… အဖေ ပြေးလိုက်ဦးမယ်၊ အဖော်ရအောင် အဖေ ဘွတ်ကြီးကို ပြန်လွှတ်လိုက်မယ် သိလား'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com


အဖေ ဆိုက်ကားတစ်စီး နင်းပြီး ထွက်သွားတော့ ကျော်ဇင်ထက် အဖေ့ကို ငေးကြည့်ရင်း သက်ပြင်းချမိ၏။ အဖေသည် ကျော်ဇင်ထက် ငယ်စဉ် လူမမယ်ဘဝကတည်းက အမေနှင့်ကွဲခဲ့ရသော်လည်း နောက်အိမ်ထောင်မပြုခဲ့။

လေးနှစ်သား ကျော်ဇင်ထက်ကိုလည်း အမေ့နောက်လုံးဝ မထည့်ဘဲ တစ်ယောက်တည်း ရှာဖွေကျွေးမွေးခဲ့သူဖြစ်သည်။

အမေက ပညာတတ်၊ အဖေက ကျောင်းတစ်ဖက်နှင့် အလုပ်လုပ်ရင်း ကျောင်းထွက်ခဲ့သူ။ သူတို့နှစ်ယောက် ဖူးစာဆုံပြီး ချိန်းတွေ့ကြစဉ် အမေ့ဘက်မှ သိသွားပြီး လိုက်ဖမ်းကြရာမှ အိမ်မပြန်ရဲတော့သဖြင့် အဖေနှင့် ညားခဲ့ရခြင်းဖြစ်၏။

ထုံးစံအတိုင်း အမေ့ဘက်က အမွေပြတ်ခဲ့ကြသည်။ ဖူးစာဆုံ၍ ညားခဲ့ကြသော်လည်း အဖေနှင့်အမေက စရိုက်မတူကြချေ။ အမေက ရည်မှန်းချက်ကြီးသလို ကြီးပွားချမ်းသာချင်စိတ်ရှိ၏။ အဖေက ပျော်ပျော်နေတတ်ပြီး ရောင့်ရဲနိုင်စွမ်းရှိ၏။

ဤတွင် ခံယူချက်ခြင်း ကွာသော အဖေနှင့်အမေ ကီးမကိုက်တော့ချေ။ အဖေက ဆိုက်ကားအုံနာ အသံချဲ့စက်အငှားလိုက်သူပီ ဆိုက်ကားထွက်နင်းချင် နင်းနေတတ်သလို အသံချဲ့စက် ဆိုက်ကားပေါ်တင်ပြီး အလှူခံလိုက်ချင်လိုက်နေတတ်၏။ အမေက အဖေလုပ်သမျှ လုံးဝအထင်မကြီး။

ကျော်ဇင်ထက် မွေးပြီး လေးနှစ်သားအရောက် အိမ်ထောင်သက် ငါးနှစ်တွင်ပင် အဖေနှင့်အမေ အပြီးတိုင် ကွာရှင်းပြတ်စဲခဲ့ကြတော့၏။ အဖေက မပြတ်လိုသဖြင့် ကွာရှင်းပါက ကလေးအုပ်ထိန်းခွင့် လက်လွှတ်ရမည်ဟု အကြပ်ကိုင်ခဲ့သော်လည်း အမေက ဂရုမစိုက်နာခဲ့ဟု သူသိခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေ ဘယ်သူမှန်မှန် ဘယ်သူမှားမှား ကျော်ဇင်ထက်ကတော့ အဖေ့ကို ချစ်သလို အမေ့ကိုလည်း မမုန်း။ ငယ်စဉ်က အမေ့ပုံရိပ်များကို ဝိုးတဝါး ပုံဖော်ရင်း လွမ်းခဲ့သည်သာဖြစ်၏။

ဝိုဆိုးသည်က အဖေတို့ မင်္ဂလာမဆောင်ခဲ့သဖြင့် အမှတ်တရ ဓာတ်ပုံပင် လုံးဝမကျန်ခဲ့ခြင်းဖြစ်သည်။ သို့တည်းမဟုတ် အဖေက လက်စတုန်း ဖျောက်ဖျက်ခဲ့တာလည်း ဖြစ်ချင်ဖြစ်နိုင်၏။

မည်သို့ပင်ဖြစ်စေ အမေ သက်ရှိထင်ရှား ရှိသေးသည်ဆိုပါက ကျော်ဇင်ထက် တွေ့လိုလှတာကတော့ အမှန်သာဖြစ်လေသည်။

'မေမေရယ် အခုလိုအချိန်မျိုးမှာ မေမေသာရှိရင် သားကို ဂရုတစိုက် ပြုစုစောင့်ရှောက်မယ်ဆိုတာ သားသိနေတယ်ဗျာ၊ ကျန်တဲ့ အချိန်တွေမှာ ဘာသိဘာသာနေလို့ရပေမယ့် ဒီလိုအချိန်မှာတော့ မေမေ့ကို အရမ်းလွမ်းတယ် မေမေရယ်'

အတွေးဝေဖြာ၍ ဆွေးနေတာ မည်မျှကြာသွားသည်မသိ ဘွတ်ကြီးအော်ဟစ်ပြီး ဝင်လာမှ ကျော်ဇင်ထက် သတိဝင်လာ၏။

'ဟား… ကျောက်ပတ်တီးနဲ့ မျောက်စပ်ဖြီး နေကောင်း၊ ထိုင်ကောင်း ခြေထောက်ကောင်းတယ်နော်'

'ဘွတ်ကြီး… လာ… လာ… အတော်ပဲ၊ ငါ သေးပေါက်ချင်လို့'

'ဟာ… ဟော့ကောင် မိုက်ရိုင်းလှချည်လား၊ ငါလာမှ သေးပေါက်မယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ'

'ဘာအဓိပ္ပာယ်မှ မဟုတ်ဘူး၊ ပေါက်ချင်နေတာ ကြာလှပြီ ဆီးခွက်က ခုတင်အောက်မှာ ငါ ဘယ်လိုလုပ်ဆင်းရမှာလဲ၊ သူ့တွဲမှ ထလို့ရမှာပေါ့ သေနာကောင်ရ'

www.burmeseclassic.com

www.burmeseclassic.com


'ဩော်… အေး… ဆောရီး၊ ဆောရီး၊ လာ… လာ… ငါ တွဲမယ်'

ဘွတ်ကြီးက ဆီးခွက်ကို ခြေထောက်နှင့် လှမ်းဆွဲထုတ်ယူပြီး ကျော်ဇင်ထက်အား ခုတင်ပေါ်မှ တွဲခေါ်ထိန်းပေး၏။ အိမ်ပြန်ရောက် ကတည်းက ခုမှပဲ ကျော်ဇင်ထက် ရှူရှူးပေါက်ခွင့်ရတော့သည်။

'အား… မင်းလာမှပဲ လှောင်ထားသမျှဟာတွေ ထုတ်ခွင့်ရ တော့တယ်ကွာ၊ ကျေးဇူးပဲ'

'ဟော့ကောင်… ဟော့ကောင်… စကားကို လွတ်လွတ်ကင်း ကင်းပြောနော်၊ ဆောင့်ကန်လိုက်လို့ ဆေးရုံပြန်ရောက်သွားမယ်'

'သူငယ်ချင်းကလည်းကွာ ငါက သဘောရိုးနဲ့ ပြောတာပါ၊ ဒါနဲ့ ဒီရက်ထဲ အဖေ့အလုပ်တွေ အဆင်ပြေရဲ့လား'

'ပြေပါတယ်ကွာ၊ ဒီအချိန်က အာဝါဟ ဝိဝါဟကာလတွေ လေကွာ၊ မဏ္ဍပ်လည်း လက်မလည်ဘူး၊ အလှူခံကလည်း စိပ်နေတာ ပဲ၊ ပြီးတော့ ဆိုက်ကားလေးစီးလုံး အုံနာခရနေတယ်ကွာ၊ ကဲ… ဘာလိုသေးလဲ'

'အေးပါကွာ၊ အဆင်ပြေတယ်ဆို ပြီးတာပါပဲ၊ ငါ့အတွက် ပိုက်ဆံလိုနေတဲ့အချိန် အဖေ အဆင်ပြေမှ ဖြစ်မှာမဟုတ်လား'

'ပူမနေနဲ့၊ အားလုံး အိုကေပဲ၊ ဟိုကောင်နေအေးကော'

'တစ်ပတ်လောက် အိပ်ရေးပျက်လို့ အိမ်ပြန်နှပ်နေမှာပေါ့၊ မင်းကော ချပ်တင်ထိုင်ဖြစ်သေးလား'

'မင်းမှ မရှိတာ၊ ဘယ်လိုလုပ် ထိုင်ဖြစ်မှာလဲ၊ ဆိုက်ဘာ ကဖီးနဲ့တောင် အဆက်အသွယ်ပြတ်နေပြီ'

'ညည်းမနေပါနဲ့ကွာ၊ ငါ့ခြေထောက်ကောင်းရင် အားပါးတရ ချပ် (Chat) လုပ်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မင်းခြေထောက်က ဘယ်တော့ကောင်းမှာလဲ'

'လကုန်ရင် ပတ်တီးဖြည်မှာလေ၊ ဖြည်ပြီးရင် အိုကေပြီ'

'အေး… အေး… မင်း ဗိုက်ဆာရင် ပြော၊ ငါ ထမင်းဟင်း သွားနွေးလိုက်ဦးမယ် ကျော်ဇင်ထက်'

'အေး… အေး… အေး'

ဘွတ်ကြီးက ကျော်ဇင်ထက်သူငယ်ချင်းဖြစ်သလို ဖေဖေ့ အစစ်စတန့် (Assistance) တစ်ယောက်လည်းဖြစ်သည်။ လောလော ဆယ်မှာတော့ ကျော်ဇင်ထက် ဘဝမှာ နေအေးနှင့် ဘွတ်ကြီးတို့ကြောင့် သာ အဆင်ပြေနေရခြင်း ဖြစ်တော့၏။

ဒီနေ့ ကျောက်ပတ်တီးဖြည်ရမည့်နေ့မို့ ဘွတ်ကြီးနှင့်နေအေး ကို အဖော်ခေါ်၍ Taxi ဖြင့် ဆေးရုံသို့ လာခဲ့ကြသည်။ ကျောက်ပတ် တီးဖြည်၍ စစ်ဆေးပေးမည့် ဆရာဝန်က မရောက်သေးသဖြင့် စောင့် ဆိုင်းနေကြရ၏။

ထိုအချိန်တွင် အိတုံ ရောက်လာခြင်းဖြစ်သည်။ ကျော်ဇင် ထက်နှင့် နေအေး တအံ့တဩ ဖြစ်သွားကြရသည်။ ဤမျှလောက် အထိ ဂရုတစိုက် ရှိလိမ့်မည် မထင်ခဲ့ကြ။

'ဘာဖြစ်နေကြတာလဲ၊ ကျော်ဇင်ထက်နဲ့ ကိုနေအေးရဲ့ လူကို မမြင်ဖူးဘူးလား'

'မြင်ဖူးပါတယ်၊ အံ့ဩလို့…'

'ဘာကို အံ့ဩတာလဲ ကျော်ဇင်ထက်ရဲ့'

'ကျွန်တော့်ကို ဒီလောက် ဂရုစိုက်သတိရနေမယ် မထင်လို့ လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ဟင်း… ဒါဆို ကိုကျော်ဇင်ထက်က အိတုံ ခင်သလောက် မခင်လို့ဘဲဖြစ်မှာပေါ့၊ မဟုတ်ဘူးလား၊ မိတ်ဆွေဖြစ်သွားပြီဆိုရင် သာရေး၊ နာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာရာ ဂရုစိုက်မှ မိတ်ဆွေပီသတော့မပေါ့'

'ဟုတ်ပါတယ် အိတုံ၊ အခုလို သတိတရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ် အိတုံရယ်၊ ကျွန်တော့်မှာ မိတ်ဆွေ များများစားစား မရှိပါဘူး၊ ဒီထဲမှာ အိတုံက အကောင်းဆုံး မိတ်ဆွေပါပဲဗျာ'

'တကယ်ပြောတာလား ကိုကျော်ဇင်ထက်'

'ကျွန်တော် မုသားမပြောတတ်ပါဘူး အိတုံ'

အိတုံ၏ အလှကို အခုမှတွေ့ရသော ဘွတ်ကြီးခများ မျက်လုံးထွက်ကျမတတ် စူးစူးရဲရဲ ကြည့်ရင်း သဘောတွေ ကျနေသလို ကျော်ဇင်ထက်ကိုလည်း အထင်တွေ စွတ်ရွတ်ကြီးနေတော့သည်။

ကျောက်ပတ်တီးဖြည်ပြီး၍ ခြေထောက်လုံးဝကောင်းသွားသည့်အခါတွင်လည်း တစ်ဖွဲ့လုံးကို ခေါ်၍ ဆေးရုံအနီးမှ စားသောက်ဆိုင်တွင် ညှော်ခံကျွေးမွေးသေး၏။ အားနာလွန်း၍ ကျော်ဇင်ထက် အတင်းငွေရှင်းသည်ကိုပင် လက်မခံ။ သံယောဇဉ် အစွန်းထွက် အဓိပ္ပာယ်နှစ်ခွပါသော စကားများစွာပြော၍ အိမ်အလည်လာကြရန်မှာပြီး လမ်းခွဲခဲ့ကြသည်။

'ကျော်ဇင်ထက် ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ကုန်တော့မယ်'

'အေးကွာ၊ ငါက သွန်းဟောမာန်ရဲ့ လိပ်စာမေးမလို့ဟာ အားနာတာနဲ့ မမေးလိုက်ရဘူး'

'မေးရင်လည်း မင်းအဝါကဒ်ထိသွားမှာပေါ့၊ ကောင်းဘောကြီးဟာကို'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေကွာ၊ ဒါကြောင့် ငါမမေးတာပေါ့'

နေအေးနှင့် ကျော်ဇင်ထက်တို့ အပြန်အလှန် စကားများကို ဘွတ်ကြီးက နားမလည်ရှာ။

'ဟော့ကောင်တွေ မင်းတို့ဘာတွေပြောနေကြတာလဲ၊ စောစော က အိတုံဆိုတဲ့ ကောင်မလေး လှလိုက်တာကွာ၊ သူ့ကို ရှိုးရတာ ရင်ခုန် ဒူးတွေတုန်လို့ မတ်မတ်တောင် မရပ်နိုင်ဘူး၊ တကယ့်ကို ဖမ်းစားနိုင်တဲ့ အလှကွ၊ ဘယ်သူနဲ့ ပတ်သက်တာလဲ'

ဘွတ်ကြီး၏ အမေးကို နေအေးက ဖြေပေးလိုက်သည်။

'ဆေးရုံတက်တုန်းက သိခဲ့ကြတာ၊ ခုထိ ဘယ်သူနဲ့မှ မပတ် သက်သေးဘူး'

'ဟာ... ဒါ... ဒါဆို ငါ ပတ်သက်ချင်တယ်ကွာ'

'မင်း နောက်ကျသွားပြီ၊ အိတုံက ကျော်ဇင်ထက်ကို ကြွေပြီး လာတွေ့သွားတာ'

'တောက်... အမဲရိုးကို ခွေးချီပြေးတာကလည်း မြန်လိုက် တာကွာ'

'ဟာ... ဘွတ်ကြီး အဝင်ကြမ်းလှချည်လား၊ ဖာဒီနန်လိုလို ဂွန်တယ်ရီလိုလို လာမလုပ်နဲ့နော်၊ ဒူးခေါင်းဖြတ်နင်းလိုက်လို့ နှစ်လ လောက် ပွဲနားသွားရမယ် ဘာမှတ်သလဲ'

'ကဲ... တော်ကြစမ်းပါကွာ၊ အခု ဘယ်သွားမလဲ၊ ဘာလုပ် မလဲ'

နေအေး၏ အမေးကို ကျော်ဇင်ထက်က ခပ်သွက်သွက်ဖြေ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုက်ဘာစီးတီးမှာ တစ်နာရီလောက် ချပ်တင်ထိုင်မယ်၊ ပြီးရင် စည်ဘီယာကစ်မယ်'

'မင်း အဖေ စိတ်ပူနေမယ်လေကွာ'

'ဦးဖိုးထောင်ဆီ ဖုန်းဆက်ပြီး အဖေ့ကို သွားပြောခိုင်းလိုက်မယ်လေ၊ မကောင်းဘူးလား'

'ကောင်းတယ်၊ ကောင်းတယ်၊ ချပ်မလုပ်ဘဲ စည်ဘီယာပဲ ကစ်ရင် ပိုတောင်ကောင်းသေးတယ်'

'နေစမ်းပါကွာ၊ ငါ အားလုံးနဲ့ အဆက်အသွယ်ပြတ်နေတာ တစ်လကျော်သွားပြီ၊ ငါလုပ်ချင်တာ လုပ်ပါရစေကွာ'

'ဟုတ်သားပဲ ဘွတ်ကြီးရာ၊ ကျော်ဇင်ထက်ကို ဦးစားပေးလိုက်ပါ'

ဘွတ်ကြီးကို နေအေးက နားချပြီး ကျော်ဇင်ထက် အကြိုက် လိုက်ပေးကြ၏။ ထိုနေ့က အင်တာနက်မှ ကောင်မလေးများနှင့် ပြန်လည်ဆုံစည်းရသလို ဘီယာမြစ်ထဲ အလျားလိုက် ကူးခတ်ရင်း စိတ်လွတ်ကိုယ်လွတ် ပျော်ခဲ့ကြလေသည်။

ကျော်ဇင်ထက်က အမ်ပလီဖိုင်ယာကို အသံညှိပြီး မိုက်စမ်းလိုက်၏။

'ဟဲလို… ဟဲလို… တက်ကစီ… တက်ကစီ… ဝမ်း… တူး… သရီး… တွိ… တွိ… တွိ… စီ… စီ… ဗွိ… လုန်… ဖုန်း'

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်မှန်အောင် စပီကာနှင့် အမ်ပလီဖိုင်ယာကို ထပ်ညှိရသေး၏။

'ဟဲလို… ဟဲလို… ဟဲလို… တက်စတင် တက်စတင် ဝမ်းတူး တက်စတင် ဝမ်းတူးသရီး ဟပ်ကဲ့ သုမာလာ ၂ လမ်းအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ သဗ္ဗုရိသသန္တယ်ဝင် သူတော်စင်အပေါင်းတို့ခင်ဗျာ… ကျွန်တော်များ သုမာလာ ဆွမ်းလောင်းဓမ္မာရုံကြီး ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်တော် ပါဝင်ကြပါရန် အကျိုးမျှော်၍ နှိုးဆော်ရပါသည်ခင်ဗျား…'

ဓမ္မာရုံမှ လော်နှင့် ဆက်စပ်ပစ္စည်းအကုန်အပြင် ဆိုက်ကား ငှားပြီး ဓမ္မာရုံ ပြုပြင်မွမ်းမံဖို့ အလှူခံရန် တာဝန်ပေးထားသဖြင့် …နာရှင် လုပ်အားပေး လူငယ် လုံမငယ်များနှင့်အတူ ကျော်ဇင်ထက် အလှူခံထွက်လာခြင်းဖြစ်၏။

'ဟုတ်ကဲ့… အလှူ့အစ်မကြီးကလည်း အလှူတော်ငွေ နှစ်ရာကျပ် လှူဒါန်းသွားပါတယ်ခင်ဗျာ၊ အလှူ့အစ်မကြီးလည်း စိတ်အကြံမြောက် အဓိဋ္ဌာန်ပေါက်ပြီး နိဗ္ဗာန်ရောက်နိုင်ပါစေဗျာ'

'ကိုကျော်ဇင်ထက်ရေ… ဦးကျော်မြင့်က အလှူငွေ သုံးရာကဲ့'

'အေး… အေး… ဟုတ်ကဲ့ ကျွန်တော့် အစ်ကိုကြီး ဦးကျော်မြင့်ကလည်း ရတနာသုံးပါး ဦးထိပ်ထားလို့ အလှူတော်ငွေ သုံးရာပါတဲ့ခင်ဗျာ၊ ကျွန်တော့်အစ်ကိုကြီးလည်း နိဗ္ဗာန်မရောက်ခင်စပ်ကြား တာဝတိံသာနတ်ပြည်မှာ နတ်သမီးတစ်ဖက်လေးငါးရာနဲ့ စံစားခံစားနိုင်ပါစေဗျာ'

ကျော်ဇင်ထက် ဆုတောင်းအပြီးမှာပင် ဦးကျော်မြင့် အိမ်ထဲမှ ထွက်လာပြီး…

www.burmeseclassic.com

www.burmeseclassic.com


'ဟော့ကောင် ကျော်ဇင်ထက်၊ ငါလှူတာ သုံးရာထဲပါကွ၊ မင်းက တစ်ဖက်ကို နတ်သမီးလေးငါးရာ ပြန်ပေးနေတော့ မင်းရှုံးမှာ ပေါ့၊ ပြီးတော့ ဒီလောက် အများကြီးလည်း ငါ တာဝန်ယူနိုင်မယ် မထင်ပါဘူးကွာ'

ကိုကျော်မြင့် ပြောလိုက်သော စကားကြောင့် ကျော်ဇင်ထက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။ တစ်ရပ်ကွက်ထဲနေကြသူများ မို့ ကိုကျော်မြင့်အကြောင်း သိနေကြသဖြင့် အလှူခံလိုက်လာသူများ အားလုံး ပါးစပ်ပိတ်ပြီး ရယ်ကုန်ကြတော့၏။

ကိုကျော်မြင့်မှာ ယဉ်ယဉ်လေးနှင့် စိတ်ဂယောက်ဂယက်ဖြစ် နေသူ စိတ္တဇဝေဒနာသည်တစ်ယောက်ဖြစ်နေသည်လေ။ သို့နှင့် ကျော် ဇင်ထက်မှာ ကိုကျော်မြင့်ကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိ ဖြစ်နေ၏။ ဘာမှ မဖြေရှင်းဘဲ ထွက်သွားလို့လည်း ရမည်မဟုတ်သည့်အတွက်

'အဟဲ... စိတ်မပူပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် အများကြီး ပြန်ပေးရလို့လည်း မရှုံးပါဘူးဗျာ၊ ဒစ်စကောင့် ချထားတာတွေပဲ ပေးတဲ့ဥစ္စာ၊ ပြီးတော့ နတ်သမီးတွေအတွက်လည်း ဘာမှမပူနဲ့၊ ဆေးရှိ တယ်ဗျ၊ အစ်ကိုကြီး တာဝန်ယူနိုင်မှာပါဗျာ၊ ဟဲ... ဟဲ... ဟဲ'

'ဪ... နတ်ဂျင်ဆင်းဆေးသောက်လိုက်ရင် ဟိုဟာမတွေ ကို လုံးဝတာဝန်ယူနိုင်မယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ဘာမှပူစရာမလိုပါဘူး ဟဲ... ဟဲ'

'ဒါဆိုရင် တော်သေးတာပေါ့ကွာ၊ ကဲ... ကဲ... သွားကြ၊ သွားကြ'

'ဟုတ်ကဲ့ သွားမယ်နော်၊ ဟဲ... ဟဲ'

အေးအေးဆေးဆေးပြီးသွား၍ ကျော်ဇင်ထက် စိတ်ပေါ့ပါးစွာ

www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ခရီးဆက်လိုက်သည်။ ဘွတ်ကြီးက ဆိုက်ကားတွန်းရင်း ပါးစပ် မစေ့နိုင်အောင် ဖြစ်နေ၏။ ထိုအခိုက် ကိုကျော်မြင့် လှမ်းအော်ပြော လိုက်သော စကားကြောင့် အလှူခံထွက်လာသူအပေါင်း မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ကြတော့သည်။

'ဟေ့ကောင်… တခြားလှူတဲ့သူတွေကို နတ်သမီးတွေ ထပ် ပေးမနေနဲ့တော့၊ နတ်ဆေးသောက်ပြီး ငါပဲ တာဝန်ယူမယ်၊ ကြားလား'

'ဝါး… ဟား… ဟား… ဟား… ဟား'

ကျော်ဇင်ထက် အပါအဝင် အလှူခံအဖွဲ့သားများအားလုံး ၂ လမ်းထဲတွင် ဆက်၍ အလှူမခံဝံ့တော့ဘဲ ကသောကမြော ထွက် ပြေးလာကြရ၏။ ၃ လမ်းထိပ်ရောက်မှ အမောဖြေကြရသည်။

'ဟောဟဲ… ဟဲဟော… ဟဲဟော… ကဲ… ကိုယ်တော် ကိုယ်တော် ဆုပေးကောင်းလို့ ပြေးလိုက်ရတာ၊ အမောတောင်ဆို့တယ်၊ ဟောဟဲ'

'ဒါ… ကိုကျော်ဇင်ထက်ရဲ့ အမှားမဟုတ်ပါဘူး၊ ကိုကျော် မြင့်ကြီး ဂေါက်ပြီး လျှောက်ပြောနေတာလေ၊ ဘယ်တတ်နိုင်မှာလဲ'

အားလုံးတစ်ယောက်တစ်ပေါက်နှင့် ဆူညံဝေဖန်ကုန်တော့၏။ သို့နှင့် ကျော်ဇင်ထက်က နှစ်သိမ့်အားပေးရသည်။

'ကဲပါကွာ၊ ဒီတစ်ခါ ဆုပေးရင် အဲဒီနတ်သမီးကိစ္စတွေ မပါအောင် ဟောပေါ့ပြောပါ့မယ်ကွာ၊ ဒါဆို ရပြီမဟုတ်လား'

'အေး… လွတ်လွတ်ကင်းကင်းလေး ပြောကွာ၊ ကဲ… စလိုက်ကြစို့'

ကျော်ဇင်ထက်နှင့်အဖွဲ့သားများ ၃ လမ်းထဲ ဝင်လိုက်ကြ၏။

'အဟမ်း… သုမာလာ ၃ လမ်းအတွင်း မှီတင်းနေထိုင်ကြ သော သဗ္ဗရိသသန္တယ်ဝင် သူတော်စင် အပေါင်းတို့ခင်ဗျား ချွန်တော်

www.burmeseclassic.com

www.burmeseclassic.com



များ သုမာလာစေမ္မာရုံကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူခံထွက်လာခြင်းဖြစ်လို့ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်တော် ပါဝင်တော်မူကြပါခင်ဗျာ'

ဘွတ်ကြီး တရွေ့ရွေ့ တွန်းသွားသော ဆိုက်ကားနောက်မှ ကျော်ဇင်ထက် မိုက်ကိုင်ရင်း လိုက်ပါသွား၏။

'ဟုတ်ကဲ့… စေတနာရှင်တစ်ဦးကလည်း စေမ္မာရုံကြီး မွမ်းမံရန်အတွက် အလှူတော်ငွေ နှစ်ရာကျပ်ကို သဒ္ဓါမြတ်စွာနဲ့ လှူဒါန်းသွားပါတယ်ခင်ဗျာ၊ အလှူရှင် ကျွန်တော့် ညီလေးလည်း ဓောတိကဇောတိက ကာကုဏ္ဍ မဋ္ဌကု သူဌေးကြီးလေးဦးကဲ့သို့ ပေးမကုန် လှူမခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ပွင့်လန်းတော်မူနိုင်ကြပါစေခင်ဗျာ'

အလှူခံလိုက် ဆုမွန်ချွေလိုက်နှင့် ရပ်ကွက်တစ်ပတ်ပြည့်တော့ ကျော်ဇင်ထက် အတော်လျှာထွက်နေခဲ့ပြီ။ နောက်ဆုံးအနေနှင့် ၁ လမ်းအတိုင်း ပတ်၍ ပြန်ခဲ့ကြ၏။ အဘိုးကြီးတစ်ယောက်က ငွေတစ်ရာလှူပြန်၏။ ကျော်ဇင်ထက် ဆုတောင်းပေးရပြန်သည်။

'ဟုတ်ကဲ့ ဘဘကြီးကလည်း အလှူငွေတစ်ရာကျပ် လှူဒါန်းသွားပါတယ်ခင်ဗျာ၊ ကျွန်တော့်ဘဘကြီးလည်း ဒါနနဲ့ ပျော်နိုင်ပါစေ၊ သီလနဲ့ တော်နိုင်ပါစေ၊ ဘာဝနာနဲ့ မော်နိုင်ပါစေခင်ဗျာ၊ စိတ်အကြံ ရှင်ရှင်နဲ့ နိဗ္ဗာန်ဝင်နိုင်ပါစေခင်ဗျာ'

ကျော်ဇင်ထက် မျက်စိစုံမှိတ်ကာ အလွတ်ကျက်ထားသမျှ အော်ဟစ်ဆုပေးစဉ် သူ့လက်မောင်းကို တစ်စုံတစ်ယောက် ဆွဲရမ်းကိုင်လှုပ်နေသည့် အထိအတွေ့ကို ခံစားလိုက်ရသဖြင့် အလန့်တကြား မျက်လုံးဖွင့်ကြည့်ရသည်။

ကျော်ဇင်ထက် အထိတ်တလန့် ဖြစ်သွား၏။

'ဟင်… ဘဘ… ဘဘကြီး'

www.burmeseclassic.com

www.burmeseclassic.com



'အေး... ဟုတ်တယ်၊ ငါပဲ၊ ရှာလိုက်ရတာကွာ၊ ဒီမယ် မောင်ရင်လေး နိဗ္ဗာန်ဆိုတာ ဆုတောင်းပေးရုံနဲ့ ရောက်တာမဟုတ်ဘူး၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်မှ ရောက်နိုင်တာ၊ ငါလည်းကျင့်မယ်၊ မင်းလည်းကျင့်၊ မင်းက လူငယ်ဆိုတော့ ရဟန်းဝတ်ပြီး ကျင့်မှဖြစ်မှာ၊ လာကွာ၊ ကြံ့တုန်း ပရိက္ခရာ သွားဝယ်ရအောင်'

လက်မောင်းကို ကိုင်လှုပ်ပြီး ဝမ်းသာစွာနှင့် အားပါးတရ ပြောနေသူမှာ ဆေးရုံအတူတက်ခဲ့သော တင်ပဆုံရိုး အက်သည့် ရဟန်း ဒကာ ဘဘကြီးဖြစ်နေလေသည်။

'ဟာ... ဘဘကြီး လမ်းတောင်လျှောက်နေနိုင်ပြီပေါ့၊ ဝမ်းသာတယ်ဗျာ၊ ဟဲ... ဟဲ...'

'အေး... ငါလည်း ဝမ်းသာတာပဲ၊ ငါ့မှာ သမီးတွေနဲ့ မြေးမတွေပဲ ရှိတာကွ၊ ငါ ရဟန်းဒကာဖြစ်ဖို့ မင်း ပါရမီဖြည့်မှဖြစ်မှာ၊ လာပါကွာ၊ ကြံ့တုန်းလေး၊ နိဗ္ဗာန်အရောက် ချီတက်ကြစို့'

'ဗျာ... ဟုတ်... ဟုတ်ကဲ့၊ ခဏ... ခဏလေးနော် ဘဘကြီး၊ အိမ်ပြန်ပြီး အဖေနဲ့ တိုင်ပင်လိုက်ဦးမယ်၊ တာ့တာ'

ကျော်ဇင်ထက်တစ်ယောက် မိုက်ကို ဘွတ်ကြီးလက်ထဲ ထိုးထည့်ပြီး သုတ်ခြေ ထွက်ပြေးတော့၏။

'မောင်ရင်လေး... မောင်ရင်လေး... နိဗ္ဗာန်ကို အတူတူသွားကြမယ်လေ၊ ဟေ့ကောင် ချာတိတ်'

နောက်ကျတဲ့ခြေထောက်ကို သစ္စာဖောက်တဲ့ဆိပ် ကပ်ပြီး ကြိုးပေးသတ်မည်ဟု ခြိမ်းခြောက်ခံရသူအလား ကျော်ဇင်ထက် ပြေးနေရရှာတော့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ကျော်ဇင်ထက်၏ သွန်းဟောမာန်အပေါ် စွဲလမ်းမှုပြင်းအား အတိုင်းအဆကို သိနေကြသော နေအေးနှင့် ဘွတ်ကြီးတို့က ဖွတ်တိုက် တွန်းအားပေးနေကြသဖြင့် တောင်ဥက္ကလာ စာတိုက်အနီးမှသီရိဓေယျာ လမ်းထဲသို့ အူကြောင်ကြောင်နှင့် ကျော်ဇင်ထက် ဝင်လာခဲ့၏။

ကျော်ဇင်ထက်က လိပ်စာရေးထားသော စာရွက်ကို ကိုင်ရင်း လမ်းထဲတိုက်များ အိမ်များမှ နံပါတ်များကို လိုက်ကြည့်နေသည်။ သူ အိတုံတို့အိမ်ကို ရှာနေခြင်းဖြစ်၏။

စာရွက်ထဲက အိမ်နံပါတ် တပ်ထားသော ခြံတံခါးရှေ့ရပ်ရင်း အထဲသို့ လှမ်းအကဲခပ်သည်။ လူရိပ်လူခြေ မတွေ့ရသဖြင့် ဟုတ်မှ ဟုတ်ပါလေစဟု တွေးရင်း မေးမြန်းစုံစမ်းရန် အိမ်နီးချင်းတစ်ယောက် ယောက်ကို ရှာမိ၏။

ထိုအချိန်ကျမှ အိမ်ထဲက လူတစ်ယောက်ထွက်လာသည်ကို မျက်ဝန်းဒေါင့်တွင် ရိပ်ခနဲ မြင်ရ၏။ ကျော်ဇင်ထက် ခြံဘက်သို့ လှည့်၍ သေချာစူးစမ်းလိုက်သည်။

'အိတုံ'

'ဟင်… ကိုကျော်ဇင်ထက်'

www.burmeseclassic.com

 www.burmeseclassic.com 

'ဟုတ်ပါတယ်၊ ကျွန်တော် ကျော်ဇင်ထက်ပါ'

'ကျွန်… ကျွန်မဆီ အလည်လာတာလားဟင်'

'ဟုတ်… ဟုတ်ကဲ့'

'ဟာ… အတော်ပဲ၊ ကျွန်မ အခုပဲ အပြင်ထွက်တော့မလို့၊ ရှော့ပင်လေ၊ ကိုကျော်ဇင်ထက် လိုက်ခဲ့နော်'

'ဟို… ဟို'

'လာပါ ကိုကျော်ဇင်ထက်ရဲ့'

ရဲတင်းပွင့်လင်းစွာ ဆွဲခေါ်သွားသော အိတုံ့နောက်သို့ ကျော်ဇင်ထက် ဒရွတ်တိုက် ဆိုသလို ပါသွားရ၏။

အိတုံ့၏ ဦးဆောင်မှုအောက်တွင် သက်န်းကျွန်း Orange နှင့် စူပါဝမ်းကုန်တိုက်၊ ယုဇနပလာဇာတို့သို့ ရောက်ခဲ့သည်။ တိုလီမုတ်စ၊ ထွေရာလေးပါး စုံစီနဖာ ဖြတ်စဖြင်းတောင်း လိုချင်စဖွယ် ပစ္စည်းလေးတွေ ဖန်စီအလှကုန်တွေ ရွေးချယ်ဝယ်ယူရာသို့ ကျော်ဇင်ထက် မပျင်းမရိ လိုက်ပေးနေရ၏။

ခြေထောက်၏ အသုံးဝင်မှုကို ပြိုငြင်လာသည့် အချိန်လောက်ကျမှ ယုဇနပလာဇာရှိ ဂျေဒိုးနတ်တွင် ထိုင်ရင်း ကော်ဖီအေးနှင့်မုန့်စားကြသည်။

'ကဲ… တကူးတက လာလည်တဲ့ ကိုကျော်ဇင်ထက်ကို ဒုက္ခပေးပြီး ကော်ဖီအေးတိုက်တာ ကျေနပ်ရဲ့လား'

'ရပါတယ်၊ ဗဟုသုတ ဖြစ်တာပေါ့'

'ဒါနဲ့၊ ကိစ္စကော အထွေအထူးရှိလား'

ထိုမေးခွန်းကို ဖြေဖို့ ကျော်ဇင်ထက် အတော်ချင့်ချိန်နေရ၏။ အိတုံ့၏ စိတ်ပြတင်းမှ အတွင်းသို့ လှမ်းကြည့်သော်လည်း ဘာအစ်ခုမှ တိတိပပ မသိရသဖြင့် အရဲစွန့် အမေးတစ်ခုနှင့်ပစ်ပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သွန်းဆီက အဆက်အသွယ်မရဘူးလား အိတုံ'

ညှိုသွားသော ရှုတည်တည်မျက်နှာပေးနှင့် အိတုံဖြေ၏။

'အင်း… နှစ်ခါရှိပြီ ဖုန်းဆက်တာ'

'ကျွန်တော်လည်း သူ့ဆီ ဆက်သွယ်ချင်လို့ သာကြောင်းမာကြောင်း သတင်းမေးချင်လို့လေ၊ ဆက်သွယ်လို့ရမယ့် လိပ်စာဖြစ်ဖြစ် ဖုန်းနံပါတ်ဖြစ်ဖြစ် ရမလားလို့ အိတုံဆီ အားကိုးတကြီးလာခဲ့တာ'

ကြားလိုက်ရသော စကားကြောင့် အိတုံမျက်နှာ ပျက်ယွင်းသွားပုံမှာ ၂၀၁၂ ကမ္ဘာပျက်ဇီဇီဒီ ကြည့်လိုက်ရသလိုဖြစ်နေသဖြင့် ကျော်ဇင်ထက် အားနာပြီး မျက်လွှာချထားလိုက်ရ၏။

တစ်နာရီ မိုင်တစ်ရာနှုန်းထက်မလျော့သော သက်ပြင်းမှုန်တိုင်းသံကို ကြားလိုက်ရပြီးနောက်…

'အင်း… ဆက်သွယ်ဖို့တော့ ခက်လိမ့်မယ်၊ သူ့အဒေါ်က အပေါက်ဆိုးတယ်လေ၊ ဖုန်းဆက်ဖို့ အဆင်ပြေမှာမဟုတ်ဘူး၊ အင်း… တစ်ခုတော့ ရှိတယ်၊ ကိုကျော်ဇင်ထက် စာရေးထားလိုက်လေ၊ ကျွန်မ စာထည့်တဲ့အခါ တစ်ခါတည်း ပို့လိုက်ရင် သူ့အဒေါ် ရိပ်မိမှာ မဟုတ်ဘူး'

'ဟာ… ကောင်းတယ်၊ ကောင်းတယ်၊ အဲဒါ ကောင်းတယ်၊ ကျေးဇူးပါပဲ အိတုံရယ်၊ ကျွန်တော် စိတ်အေးသွားပါပြီ၊ ဒီရက်ထဲ စာရေးပြီး အိတုံဆီ လာပေးထားမယ်နော်'

'ဟုတ်ကဲ့၊ ဒါနဲ့ ကိုနေအေးကော'

'သူ ကုမ္ပဏီမှာ အလုပ်ဝင်နေတယ် အိတုံ၊ သိပ်မကြာသေးဘူး'

'သြော်… ဟုတ်လား၊ ကောင်းတာပေါ့၊ ကိုကျော်ဇင်ထက်ကကော ဘာအလုပ်တွေလုပ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရပ်ကွက်အနေအထားနဲ့ ကွက်တိဖြစ်မယ့် အလုပ်ပေါ့ဗျာ၊ အသံချဲ့စက်ဆောင်းဘောက်ငှားတယ်၊ မဏ္ဍာပ်အစုံ ဆင်ပေးတယ်၊ ရေစည်လှည်းငှားတယ်၊ ဆိုက်ကားလေးစီးထောင်ထားတယ်၊ သားအဖနှစ်ယောက်လုံး အလုပ်နဲ့ လက်နဲ့ကို မပြတ်ဘူး'

'ကောင်းတာပေါ့၊ လာဘ်မြင်လိုက်တာနော်၊ အခြေခံကျကျ မရှိမဖြစ် လိုအပ်မှုတွေ ဝန်ဆောင်မှုပေးမှ အလုပ်ဖြစ်ဟဲ့ခေတ်ကြီး မဟုတ်လား'

'ဟုတ်ကဲ့၊ အိတုံကော'

'အဟင်း... ကျွန်မ အလုပ်လျှောက်ထားဆဲပဲဆိုပေမယ့် နောက်ဆုံးတော့ ယောက်ျားလုပ်စာ ထိုင်စားမဲ့ ရာထူးမှာပဲ မြဲမယ်ထင်ပါရဲ့'

'ဒါလည်းကောင်းတာပဲ၊ အရင်းမစိုက် ယောက်ျားရိုက်ပြီး ကောက်စားလိုက်ရုံပဲလေ၊ ဟား... ဟား... ဟား'

အိတုံက မချိုပြုံးနှင့် ခပ်နုံးနုံးကြည့်နေသဖြင့် ကျော်ဇင်ထက်မှာ ပျော်ရွှင်စိတ်ကို ဘရိတ်အုပ်လိုက်ရ၏။

စားပြီးသောက်ပြီးကြတော့ ယုဇန မြေညီထပ်မှ ဗီစီဒီချပ်များ ရွေးကြရင်း ဟိုငေး ဒီငေး လမ်းလျှောက်ကြသေး၏။ လူကြားထဲ ရှောင်ရင်းတိမ်းရင်း ကျော်ဇင်ထက် လက်မောင်းကို အိတုံ ဖက်တွယ်ဆွဲကိုင်သည်များ ရှိလာ၏။

ကျော်ဇင်ထက်မှာ ခြင်ရိုက်ဗက်တံခလုတ်ဖွင့်ပြီး သံဇကာထဲ လက်နှိုက်မိသလို ဖြိုးဖြိုးဖျင်းဖျင်း ခံစားနေရသည်။ အိတုံကတော့ ပကတိ ဖြူစင်ရိုးသားဟန်နှင့်။

သက်ပြင်းအိုက်ကို ခိုးရှိုက်ရင်း အိတုံနှင့် နှုတ်ကိုယ်ယှဉ်တွဲ

www.burmeseclassic.com

www.burmeseclassic.com



သွားလာနေရသော်လည်း သူ့စိတ်က သွန်းဇာ် ရောက်နေကြောင်း ကျော်ဇင်ထက် ကောင်းကောင်းသိ၏။

အတွေးထဲတွင် သွန်းထံရေးမည့်စာကို စီနေမိသည်မဟုတ်လား။ ခွင့်လွှတ်ပါ အိတုံရယ်။ နီးစပ်မှုကြောင့် စိတ်လှုပ်ရှားရင် အဲဒါ သာယာမှုကို တပ်မက်မိတာပါ။ အချစ် မဟုတ်ပါဘူး။ ကိုယ့် နှလုံးသားမှာ သွန်းက နေရာယူထားနှင့်နေပြီလေ။

'ဘာ… အိတုံက အဲလိုပဲ ပြောတယ် ဟုတ်ရဲ့လား'

နေအေးက ကျော်ဇင်ထက် စကားကို မယုံကြည်နိုင်သလို လေသံမျိုးနှင့် ပြူးပြူးပြဲပြဲ အထိတ်တလန့် မေး၏။

'မင်းကလည်းကွာ၊ ငါပြောတာ ရိုးရိုးလေး၊ မင်းပုံက အစွရေး နဲ့ ပါလက်စတိုင်းတွေ ငြိမ်းချမ်းရေးရပြီဆိုတာ ကြားလိုက်ရသလိုမျိုး ဖြစ်နေတာ၊ မပိုဘူးလား'

'အေး… အာရပ်နဲ့ အစ္စရေးသမီးယောက်ဖတွေ ဖြစ်ကုန်ပြီဆို တဲ့သတင်းကမှ ဖြစ်နိုင်စရာရှိသေးတာကိုး'

'တစ်ဖက်သားရဲ့ ပွင့်လင်းမှုနဲ့ ရိုးသားစွာ ခင်မင်မှုကို တလွဲ ထင်မိတာကော မဖြစ်နိုင်ဘူးလား'

ကျော်ဇင်ထက် အမေးကြောင့် နေအေး တွေသွားပြန်သည်။ ဒီနေ့ အချိန်နည်းနည်းရကြသဖြင့် အင်တာနက်ဂိမ်းကလိပြီး အညောင်း ပြေ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သရုပ်ခွဲအချစ်ဗေဒအား လေ့လာနေ ကြခြင်းဖြစ်၏။ ဘွတ်ကြီးက…

'ဟုတ်ပါတယ်ကွာ၊ အိတုံလို အလှပဂေးက ကျော်ဇင်ထက် လို နောကို တစ်ဖက်သတ် ကြိုက်ပါ့မလား၊ ဒီလောက်သည်း ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ကိုယ် အထင်ကြီးမနေပါနဲ့ကွာ'

'ဟာ… ဘွတ်ကြီး မင်းကလည်း ဓာတ်အလည်ပိုင်းရောက်မှ စကြည့်ပြီး ဒီကားမကောင်းဘူးပြောသလို ဖြစ်နေပြီ မသိရင် အသာနေ'

နေအေး ယောက်လိုက်သဖြင့် ဘွတ်ကြီး တင်းပြီး လက်ဖက်ရည်ကောက်မော့နေ၏။

'အဲဒီလိုပဲ သဘောထားလိုက်ရအောင် နေအေးရာ၊ အိတုံရဲ့ ကြားဝင်မှုနဲ့ တို့နှစ်ယောက် ဆက်သွယ်ခွင့်ရမှပဲ၊ အိတုံရဲ့ သံခင်းတမန်ခင်းကို ဂုဏ်ပြုလိုက်ကြရအောင်'

'အင်း… မိန်းကလေးတွေရဲ့ စိတ်ကို ဖတ်ရတာ မြန်မာစာတန်းထိုးမပါတဲ့ ဟယ်ရီပေါ်တာအခွေ ကြည့်ရသလိုပါပဲလားကွာ'

'အမယ် ဒီထက်တောင် နက်ရှိုင်းသေး၊ မယုံရင်စောင့်ကြည့် အိတုံရဲ့ မြင့်မြတ်တဲ့ နှလုံးသားကို မျက်ဝါးထင်ထင် မင်းတို့မြင်ရလိမ့်မယ်'

ဘွတ်ကြီး၏ တစ်ယူသန် အယူအဆအား နေအေးက အစဉ်အလာစကားနှင့်အနိုင်ယူ၏။

'အေးပါ၊ နောက်မှ အောင်သွယ်နဲ့ညားတယ်ဆိုတဲ့ စကားတယ်မှန်ပါလားလို့ မညည်းနဲ့၊ မျက်ရည်သုတ်ဖို့ တစ်ရှူးတောင် ဝယ်မပေးဘူး'

'ဘောက်… ငါ့မှာအမေက ရောဂါသည်၊ ညီတွေ ညီမတွေ အများကြီး၊ အစ်ကိုကြီး အဖအရာဖြစ်နေလို့၊ ဒီပွဲ ငါဝင်မနွဲတာ ကံကောင်းတယ်မှတ်၊ ငါသာ စိတ်လွတ်ကိုယ်လွတ်ဆိုရင် ငါ့အိမ်ရှေ့မှာ မင်္ဂလာမဏ္ဍပ်လာဆင်ပေးနေရပြီ ကျော်စင်ထက် သိလား'

'အေးပါကွာ၊ အေးပါ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ကံကောင်း

www.burmeseclassic.com



ထောက်မပြီး ပေါ်ပေါက်လာတဲ့ လမ်းအတိုင်း ပေါ့ပေါ့ပါးပါးလျှောက်သွားဖို့ပဲ စိုင်းပြင်းတော့မယ်၊ ကဲ... သောက်... သောက်... သွားကြရအောင်၊ ငါက အားတာမဟုတ်ဘူး၊ အချစ်လေးဆီ စာရေးရဦးမှာ'

'အောင်မာ၊ တစ်နေ့ကအထိတော့ လေဖြတ်တဲ့သူ ဓာတ်လိုက်ခံရတဲ့သောက်ခွက်နဲ့၊ နေဦး ဟို ရဟန်းဒကာ ဘဘကြီးကို ငါပြေးခေါ်ဦးမယ်'

'ဟာကွာ၊ မင်းညီမနဲ့ ပေးစားရင် ပေးစားကွာ၊ အဲဒီဘဘကြီးနဲ့တော့ မနှောက်နဲ့၊ မခံစားနိုင်လွန်းလို့'

ကျော်ဇင်ထက် ပြန်သွားသည်နှင့် အိတုံ့မှာ မင်းသမီးဘဝမှ ဘီလူးမဖြစ်သွား၏။ မျက်နှာရှစ်ခေါက်ချိုးနှင့် ဒေါသအမြွက် ချောင်းချောင်းထွက်ပြီး ကျော်ဇင်ထက် ပေးသွားသည့် စာအိတ်လေးကို ဖြဲ၍ စာကိုထုတ်ဖတ်လိုက်သည်။

ဘီလူးမ စာဖတ်ရင်း မျက်ရည်ကျနေ၏။ သူတစ်ဖတ်သတ်ချစ်ခဲ့ ကြိုက်ခဲ့ရသော ကျော်ဇင်ထက်က သွန်းအား မည်သို့မည်ပုံချစ်ကြောင်း စွဲလမ်းကြောင်း သွန်းသာ မကယ်တင်ရင် သူ့ဘဝ အဖတ်ဆယ်မရအောင် ရေစုန်မျောတော့မည်ဖြစ်ကြောင်း ဖွဲ့နွဲ့ရေးသားထားသည့် စာကြောင့် အိတုံ့၏ နှလုံးသားရပ်ဝန်း၌ အခါမဲ့ မျက်ရည်မိုးကို သွန်းဖြိုးစေခဲ့သည်လေ။

ကျော်ဇင်ထက်အား သွန်းနှင့်အိတုံ့ စက္ကန့်မခြားဘဲ အတူတူ ဆုံတွေ့ခဲ့ခြင်းသာဖြစ်သည်။ ထိုစဉ်ကတည်းက ကျော်ဇင်ထက်၏ အကြည့်များ သွန်းထံတွင်သာ အခြေချခဲ့သည်ကို ရိပ်မိသော်လည်း နီးစပ်မှုကို အသုံးချ၍ သိမ်းသွင်းရန် ဆုံးဖြတ်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျော်ဇင်ထက်၏ မြဲမြံသော မေတ္တာတရားကို ဖြား ယောင်း၍ မရခဲ့။ စည်းရုံး၍ မရခဲ့။ သွေးဆောင်၍ မရခဲ့။ ယခုတော့ စွဲလမ်းရသူက အိတုံမှတစ်ပါး အခြားသောမိန်းမသားတစ်ယောက်ကို ပွင့်လင်းစွာ ချစ်ရေးဆိုနေခဲ့ပြီ။

ကံဆိုးသည်က ထိုမေတ္တာစာအား သွန်းထံပို့ပေးရန် အိတုံကို တာဝန်ပေးသွားခြင်းပင်ဖြစ်၏။

'ရက်စက်လိုက်တာ ကိုကျော်ဇင်ထက်ရယ်၊ ဖြိုးဖြိုးရော ပြော ခဲ့တဲ့ ကျွန်မစကားကို ယုံပြီး ဒီတာဝန်ပေးခဲ့တာ ကျွန်မ ရသင့်တဲ့ ဆုလာဘ်ပဲလား၊ ကျွန်မ ဒီလောက်ထိ သဘောထားကြီးလိမ့်မယ်လို့ ကိုကျော်ဇင်ထက် ယုံကြည်ယူဆနေတာလား၊ ကိုယ်လိုချင်တာကို ရအောင်မယူဘဲ အလှူပေးသလို စွန့်ကျဲလိုက်ဖို့အထိတော့ ကျွန်မ သဘောမကောင်းနိုင်ပါဘူး ကိုကျော်ဇင်ထက်ရယ်၊ ဒါ လုံးဝမဖြစ်နိုင် တဲ့ ကိစ္စပါ'

ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်များ စွန်းထင်းနေ သည့် ကျော်ဇင်ထက်၏ မေတ္တာစာကို အိတုံ အပိုင်းပိုင်းဖြစ်အောင် အပြိုးတကြီး ဆုတ်ဖြဲနေမိသည်။

'ကိုကျော်ဇင်ထက်ရဲ့ အချစ်ကို ကျွန်မ မရနိုင်ဘူးဆိုရင် ဘယ်မိန်းမမှ ရှင့်ကို ပြန်မချစ်စေရဘူး၊ အဲဒါ ကျွန်မ ဆုံးဖြတ်ချက်ပဲ'

အိတုံမှာ စာကို မွစာကျဲအောင်ဆွဲဖြဲပြီးသော်လည်း ဒေါသတို့ ပြေသွားပုံမရ။ စတီးဇလုံကြီးတစ်ခုယူ၍ စာအမှိုက်များထည့်ပြီး မီးရှို့ ပြာချရင်း အာဃာတကို ဖြေဖျောက်နေရှာသည်။

အချစ်နဲ့ ပတ်သက်လာသောအခါ သူငယ်ချင်းဟူသော ဆက် ဆံရေးသည်ပင် ပြိုလဲပျက်စီးသွားရ၏။ စာနာခြင်း ညှာတာခြင်း စောင့် ထိန်းခြင်းတို့ အစာမထင်တော့ဘဲ အပေဟာသိကံဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တုံတရားနှင့် ကြောင်းကျိုးဆီလျော်စွာ တွေးခေါ်နိုင်စွမ်းတို့မှာ မနှာလိုမှုနှင့် အာဃာတအောက်တွင် မီးခဲပြာဖုံး ဖြစ်သွားရ၏။

လောလောဆယ်တွင် အိတုံစိတ်ထဲ၌ ကျော်ဇင်ထက်နှင့် သွန်းတို့ အဆက်အသွယ်မရရေးမှာ ဦးစားပေး တာဝန်တစ်ရပ်ဖြစ်နေသည်။

နောက်တစ်ပိုင်းကတော့ ခက်ခဲမည်ထင်၏။ ယခုတိုင် မည်ကဲ့သို့ ဆောင်ရွက်မည်ဟု အစီအစဉ်ချထားပြီးခြင်းမရှိသေးချေ။ ကျော်ဇင်ထက်၏ အချစ်များ သူ့မထံ ပြောင်းရွှေ့လာဖို့ ဆိုသည်မှာ တကယ်တော့ တိမ်မယောင်နှင့်နက်သောကိစ္စတစ်ရပ်ဖြစ်နေသည် မဟုတ်ပါလား။

အိုဗုန်းလှာပေါက်ကို ဖာထေးနိုင်သူ မရှိနိုင်တော့ပြီလားမသိ။ ရာသီဥတုဆိုင်ရာ ကိုပင်ဟေဂင် ဆွေးနွေးပွဲကြီးမှာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ သဘောတူညီချက် ကြီးကြီးမားမား မရရှိဘဲ ပြီးစီးသွားခဲ့၍ စိတ်ပျက်လက်ပျက် ဖြစ်ရသည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ တိုက်ရိုက်အချိုးကျသဖြင့် နိုင်ငံတော်တော်များများက လျှော့ချရန် သဘောမတူကြချေ။ အဲကွန်းနှင့် ကွန်ပျူတာကအစ မော်တော်ကားအဆုံး အကုန်လုံး အဆိပ်ဓာတ်ငွေ့တွေ ထုတ်လွှတ်နေသည် မဟုတ်လား။

သူတို့တွေ သဘောမတူလေ၊ ကမ္ဘာကြီး ဆက်လက်ပျက်စီးလေမို့ ကိုယ့်လက်ထက်တွင် ကမ္ဘာမပျက်ရေး လုပ်ငန်းစဉ်များ ပိုမိုနှောင့်နှေးနေရပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိုစုန်းလွှာ အပေါက်အပြဲကြားမှ တိုးထွက်လာသော နေရောင်ခြည်မှာ ခရမ်းလွန်ရောင်ခြည် ပိုမိုကြွယ်ဝလာသည်လား မပြောတတ်။ အပူဓာတ်က အပ်နှင့်ထိုးဆွသလို စူးရှလှ၏။

ရောင်ပြန်ထီးလေးအောက်မှ အိတုံမှာ အပူဒဏ်ကို ကြိတ်မှိတ်သည်းခံနေရရှာသည်။ လမ်းဘေးဆက်သွယ်ရေးဖုန်းဆိုင်ရှေ့ အိတုံရပ်စောင့်နေသည်မှာ နာရီဝက်ခန့်ရှိပြီ။ သူမအလှည့်သို့ မရောက်သေး။

နောက်ထပ် စိတ်မရှည်လောက်အောင် စောင့်ဆိုင်းမှ ဖုန်းကို ကိုင်ခွင့်ရ၏။ အိတုံ မန္တလေးမှ သွန်းဟေမာန်ထံ လှမ်းခေါ်လိုက်သည်။ အိတုံနှင့် ချက်ချင်းလိုပင် စကားပြောခွင့်ရ၏။

'သွန်း... နေကောင်းတယ် မဟုတ်လား'

'ဘယ်သူလဲ၊ အိတုံလား'

'အေး... နင် ကျောက်ရိုးဓာတ်မှန်ပြန်ရိုက်ဖို့ ရန်ကုန်လာမှာလား'

'ဟော့အေး... မလာတော့ဘူး၊ ဒီမှာ ဒေါ်လေးတစ်ယောက်တည်း မနိုင်ဘူးဟ၊ ဖြစ်ကာစက ကားတွေရထားတွေ စီးလို့မရလို့သာ ရန်ကုန်မှာ ဆေးရုံတက်လိုက်ရတာလေ၊ မန္တလေးမှာလည်း ဆေးရုံကောင်းတွေ ရှိပါတယ်'

သွန်း၏ အဖြေကိုကြားလိုက်ရမှ အိတုံ ရင်အေးပြီး သက်ပြင်းချလိုက်မိသည်။

'ဩော်... အေး... အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲဟာ၊ မန္တလေးဆေးရုံတွေလည်း ကောင်းတာပါပဲ'

'အေးဟယ်... ဓာတ်မှန်နဲ့ ချက်ကပ်လုပ်ဖို့အတွက်တော့ ရန်ကုန် လာမနေတော့ပါဘူးဟာ၊ နင်သာ အားမယ်ဆိုရင် မန္တလေးကို အလည်လာခဲ့ဦး၊ လုံးဝသွေ့ဝတ်ကျေစေရမယ်'

'အင်းပါ၊ ယုံပါတယ်၊ ဒါပေမဲ့ အိမ်မှာကလည်း ငါတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းလေ၊ ချက်ရပြုတ်ရ လျှော်ရဖွတ်ရနဲ့ မအားပါဘူး'

'အေးလေ၊ လူတိုင်းက ကိုယ့်အကြောင်းနဲ့ကိုယ်တွေချည်းပဲ၊ ဒါပေမဲ့ အချိန်ရရင် လာသာလာခဲ့နော်'

'အင်းပါ၊ ငါက နင် ရန်ကုန်လာဦးမှာပဲဆိုပြီး မျှော်ရင်းပျော်နေတာ၊ ခုတော့ သွားပါပြီဟာ'

'စိတ်မကောင်းပါဘူး အိတုံရယ်၊ ဆောရီးပဲ'

'ကဲ... ဒါဆို ဒါပဲနော်၊ ဖုန်းခတွေက ဈေးကြီးတယ်ဟတော်ပြီ'

'အေး... အေး... ဆီးယူ... ဘိုင့်ဘိုင်'

ဖုန်းချလိုက်ပြီးမှ အိတုံ စိတ်ချမ်းသာသွား၏။ ဖုန်းခ သုံးရာငါးဆယ် ရှင်းပြီး အပြန်ခရီးမှာ ရွှေလုပ်ငန်းစဉ်ကို ဦးနှောက်ထဲ စာစီစာရိုက် လုပ်လာခဲ့သည်။

သွန်း ရန်ကုန်သို့ မလာတော့ဟု သိရ၍ အားသာချက်တကိုယ့်ဘက်သို့ ပြန်ရောက်လာခဲ့ပြီ မဟုတ်လား။ အချစ်ရေးတွင် လူချင်းတွေ့ဆုံမှုက အရေးပါမှန်း အိတုံ သိသည်လေ။

ယခုတော့ ကျော်ဇင်ထက် နားတွင် အိတုံသာ ရှိနေတော့မည်။ ကျော်ဇင်ထက်၏ နှလုံးသား ကိုယ့်ဘက်သို့ အချစ်ဦးလှည့်လာရန်သာ လိုတော့သည်။ သွန်းထံသို့ ကျော်ဇင်ထက်၏ စာများနှင့် အမှာစကားဘာတစ်ခုမှ အသိပေးထားခြင်းမရှိသည့်အတွက် သွန်းက သူ့ကို ကျော်ဇင်ထက် ချစ်နေကြောင်း၊ ဘယ်လိုမှ သိစရာအကြောင်းမရှိ။ ဒါကိုက မဟာဗျူဟာအရ အသာစီးရထားခြင်းသာဖြစ်သည်။

အချစ်ဆိုသည်မှာ တစ်ယောက်တည်း ပုံဖော်ထုဆစ်၍ ရကောင်းသည့်အရာမဟုတ်သဖြင့် ကျော်ဇင်ထက် အခစားဝင်လာစေရန်သာ ဆုတောင်းရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက်က သွန်းထံ စာများလှူကြုံပါးထားသည်ဖြစ်၍ ထိုကိစ္စနှင့်ပတ်သက်ပြီး အကျိုးအကြောင်းသိရရန် မျှော်ကိုးပြီး သူလာမည်ဆိုတာကတော့ သေချာ၏။ ထိုအခါတွင် သဲကိုးဖျာမကသော မာယာများကို ထုတ်သုံးမည်ဟု ကြံတွေးရင်း အိတုံ၏ မျှော်လင့်ခြင်း ချစ်ပန်းတို့ ပွင့်လန်းလျက်ရှိနေလေတော့သည်။

၁၉၆၀ ဝန်းကျင်ခန့်က သိပ္ပံဝတ္ထုဇာတ်လမ်းများထဲတွင် အနာဂတ်ကာလကို ကြိုတင်မှန်းဆ၍ စိတ်ကူးဉာဏ်ကွန့်မြူးကာ မဖြစ်နိုင်သည့် တီထွင်မှုများကို ဇာတ်လမ်းဆင်ရေးသားခဲ့ကြ၏။

ထိုအထဲတွင် အနာဂတ် တယ်လီဖုန်းများအကြောင်းလည်း ပါရှိသည်။ ဝတ္ထုထဲမှ ဇာတ်လိုက်များက ဖုန်းပြောရာတွင် ဖုန်းမှ ခလုပ်တစ်ခုကို နှိပ်လိုက်သည်နှင့် မှန်ပြားဝိုင်းတစ်ခု ထွက်လာကာ တစ်ဖက်မှ ဖုန်းပြောသူ၏ ရုပ်သွင်ပေါ်လာပြီး အဝေးမှ လူနှင့် မျက်နှာချင်းဆိုင် စကားပြောခွင့်ရသည်တဲ့။

ထိုစဉ်က လူများ ထိုဝတ္ထုကို ဖတ်၍ ဖန်တီးရေးဖွဲ့သူ စာရေးဆရာအား တော်တော်လည်း စိတ်ကူးယဉ်နိုင်ပါပေ့ဟု သရော်ခဲ့ကြဖူး၏။

၂၀၁၀ ကာလသို့ ရောက်သောအခါတွင်ကား ထိုစိတ်ကူးယဉ်မှုသည် အကောင်အထည် ပေါ်စပြုလာပြီဖြစ်၏။ ပမာပြရလျှင် အင်တာနက်အသုံးပြုမှု ကဏ္ဍတွင်ပဲ ဖြစ်သည်။

သင်က သာကေတ ဒေါပုံတွင် နေပြီး ဝါရှင်တန်ဒီစီ အိမ်ဖြူတော် ဘဲဥပုံ ရုံးခန်းမှ သမ္မတ အိုဘားမားနှင့် မျက်နှာချင်းဆိုင် စကားပြောလိုပါသလား။ အင်တာနက် ကွန်ယက်မှ အွန်လိုင်းပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံးရှိ၍ တစ်ယောက်ချင်း၏ address နှင့် account ကို သိလျှင် ဖြစ်နိုင်ချေရှိသွားပြီဖြစ်သည်။

သင့်အား အိုဘားမားက လက်ခံစကားပြော မပြောဆိုသည်ကတော့ သူ့ဆုံးဖြတ်ချက်သာ ဖြစ်တော့၏။ ဤမျှလောက် တိုးတက်ခေတ်မီဆန်းပြားလာသော ကွန်မြူနီကေးရှင်းတက်ကနိုလိုဂျီကို အသုံးပြု၍ မြန်မာလူငယ်များ ပျော်ပါးဝင့်ကြွားနေကြ၏။

ဘယ်နေရာတွင် အသုံးပြုကြပါသနည်း။

ကောင်မလေးများနှင့် မိတ်ဖွဲ့၍ အလ္လာပသလ္လာပပြောဆိုခြင်းတည်းဟူသော (Chat) ကဏ္ဍတွင် ပိုစိုးပက်စက် အားပါနေကြသည်လေ။

ယခုလည်း ကျော်ဇင်ထက်တို့ တစ်သိုက် ဆိုက်ဘာစီးတီးကဖီးတွင် အင်တာနက်သုံးပြီး တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေကြိုးကုတ်အားထုတ်နေကြ၏။

ဒီနေ့ ဘွတ်ကြီး၏ အင်တာနက်ချစ်သူက မော်နီတာ၊ ကင်မရာနှင့် မိုက်ကို အသုံးပြု၍ နှစ်ဖက်မျက်နှာချင်းဆိုင်ကာ Chatting လုပ်ကြမည်ဟု date လုပ်ထားခဲ့သည်လေ။

စာရိုက်ဆက်သွယ်ခြင်းမှ တစ်ဆင့်တက်၍ တိုးမြှင့်ပေါ်ထွန်းလာသော အခြေအနေသစ်ကို အားလုံးရင်ခုန်စောင့်စားနေကြသည်။ သတ်မှတ်ချိန်းဆိုထားသော အချိန်တွင် မီရှဲလ်ဝီဟု နာမည်ပေးထားသော ဘွတ်ကြီး၏ girl friend အမည်ဘေးတွင် မီးစိမ်းလေးလင်းလက်လာ၏။

ဆက်သွယ်နေကျသူများမို့ invite လုပ်စရာမလိုတော့ဘဲ ချက်ချင်းလိုပင် အဆက်အသွယ်ရသွား၏။ မော်နီတာတွင် ပေါ်ပေါ်ပေါ်လွင်လာမည့် ပုံရိပ်ကို အားလုံးစိတ်လှုပ်ရှားစွာ မျှော်လင့်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ Camera အနေအထားကို ချိန်နေပုံရသည်။ ပုံရိပ်များ လှုပ်ရှားရုပ်ထွေးနေ၏။ Camera ငြိမ်သွားသောအခါ နာမည်ကြီး မင်းသမီးတစ်ယောက်ပုံ ပေါ်လာသဖြင့် အားလုံးအံ့သြသွားကြသည်။ မောက်စ်ပေါ်မှ ဘွတ်ကြီး၏ လက်ချောင်းများ တဆတ်ဆတ်တုန်နေ၏။

ခဏကြာမှ ထိုမင်းသမီးပုံမှာ ဂျာနယ်မျက်နှာဖုံးမှ ပုံဖြစ်မှန်း သိလိုက်ကြရသည်။ ဘွတ်ကြီး၏ girl friend က သူမ မျက်နှာကို ဂျာနယ်နှင့် ကွယ်၍ ပွဲထွက်လာခြင်းဖြစ်သည်။

ဘွတ်ကြီး မချင့်မရဲနှင့်တော်ကီစလွှတ်လိုက်၏။ ဒိုင်ယာလော့လ်များက နူးညံ့ပျော့အိနေ၏။

'ဘယ်လိုလဲ မီရှယ်လ်ဝီရယ်၊ အမေရိကန်ဖွား ကိုရီးယား ဝေါက်သီးမယ်လေးရဲ့ နာမည်ပေးထားတဲ့ မင်းလေးရဲ့ ရုပ်သွင်ကို ကိုယ်မြင်ချင်လှပါပြီကွာ၊ ကျေးဇူးပြုပြီး မျက်နှာရှေ့က ဂျာနယ်လေး တဆိတ်လောက် ဖယ်ပေးပါ'

'ဖြည်းဖြည်းပေါ့၊ အချိန်တွေအများကြီးရှိသေးတာပဲ၊ ဘရက်ပစ်လို့ နာမည်ပေးထားတဲ့ သူရဲ့ စိတ်ရှည်ရှည်နဲ့ ဂျာနယ်ဖတ်နေလိုက်ပေါ့၊ ဟုတ်ဘူးလား'

'မီရှဲလ်ကလည်းကွာ၊ သိပ်ချေးကိုင်တာပဲ၊ မီရှဲလ်ကတော့ ဘရက်ပစ်ကို မြင်နေရပြီ မဟုတ်လား'

'အင်း… ဘရက်ပစ်က ခေါင်းသုံးလုံးနဲ့လား'

ထိုအခါမှ ဘွတ်ကြီးမှာ ဘေးမှ ဝိုင်း၍ ရှုံးနေကြသော ကျော်ဇင်ထက်နှင့် နေအေးတို့ကို သတိရသွား၏။ မီရှဲလ်ဝီက Camera ထဲမှ အားလုံးမြင်နေရသည်ကိုး။ ဒီတော့ ဘွတ်ကြီး မျက်နှာပြောင်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟာ… မဟုတ်ဘူး မီရှဲလ် အမေက ကိုယ့်ကို မျက်နှာတစ်ခုတည်းနဲ့ မွေးခဲ့တာပါ၊ ဘေးကဟာတွေက ဒဿဂီရိရဲ့ မယားပါသားတွေလေ၊ အလယ်တည့်တည့်ကမှ မင်းသားချောလေး ဘရက်ပစ် ဟင်း… ဟင်း… ဟင်း'

'ဟုတ်လား၊ တော်တော်ချောတယ်နော်၊ ဘီလူးဇာတ်ကားထဲက ပေါင်ဒါအဖွေးသားနဲ့ ဟိုမင်းသားနဲ့ အမျိုးတော်လား'

'ဗေလုဝနဲ့လား၊ အဖေမတူ အမေကွဲတွေပါ၊ ကဲပါ အင်တာနက်က ထင်တာထက်ဈေးကြီးတယ်နော်၊ မီးစက်နဲ့မို့လေ၊ တော်ကြာ အုံနှာပဲ စားသွားမှာ၊ ဂျာနယ်ကန့်လန့်ကာလေးကို ဖွင့်လိုက်ပါတော့'

ဒီခွင်မှာ ဘွတ်ကြီးက ဇာတ်လိုက်မို့ ဒဿဂီရိ၏ မယားပါသားများဖြစ်သွားကြရသော ကျော်ဇင်ထက်နှင့် နေအေး ဝင်မရှုပ်သာဘဲ စိတ်ထဲက ကျိန်ဆဲရင်း စောင့်ကြည့်နေကြရသည်။

'သိပ်တွေ့ချင်နေတယ်ပေါ့'

'မေးစရာလား မီရှဲလ်ရယ်'

'ကောင်းပြီလေ၊ ကဲ… ဘုရားစာရွတ်ထား'

အသံနှင့်အတူ မျက်နှာကို ကွယ်ထားသော ဂျာနယ်ကစလိုးမိုးရှင်းနှင့် ပြုတ်ကျသွားသည်။ မျက်နှာဝဝလေးတစ်ခုပေါ်လာ၏။ မို့အစ်နေသော ပါးစုံကြီးများ သုံးထပ်ဖြစ်နေသော မေးစေ့တို့နှင့်မျက်နှာလုလုဝဝကြီးမှာ မော်နီတာနှင့်ပင် မဆန့်ချင်။

ဘွတ်ကြီးနှင့်တကွ ဒဿဂီရိ၏ မယားပါသားများလန့်ဖြန့်သွားပုံကို တစ်ဖက်မှ မီရှဲလ်မြင်လိုက်မည်သာဖြစ်၏။

'ဘယ်လိုလဲ၊ တော်တော်လန့်သွားလား ပြောသားပဲ၊ ဘုရားစာ ရွတ်ထားပါလို့'

ဘွတ်ကြီးကလည်း ခေသူမဟုတ်…

www.burmeseclassic.com

www.burmeseclassic.com


'လှတာတွေ့တော့ ညစာမေ့သွားတာပါ မိရှဲလ်ရာ၊ ရှပ်ရှင်သရုပ်ဆောင် ပွင့်နဲ့ ညီအစ်မအရင်းတွေလား'

'ဟင်း… ဟင်း… ဆယ်လေးဝမ်းကွဲ ညီအစ်မပါ၊ လွန်ခဲ့တဲ့ နှစ်ဘဝတုန်းကပေါ့၊ အမေရိကားမှာ လူဖြစ်ခဲ့ကြသေးတယ်လေ'

'ဟုတ်လား၊ ကဲ… မိရှဲလ်ရေ တို့တွေ လူချင်းဆုံဖို့အတွက် ကိုယ်ပိုက်ဆံစုတော့မယ်၊ လုံလုံလောက်လောက်ရမှ ဆက်သွယ်မယ် နော်'

'ဘာလဲ စိတ်ပျက်သွားတာလား'

'စိတ်ပျက်တာမဟုတ်ပါဘူးကွာ၊ မိရှဲလ်နဲ့ဆုံရင် ကိုယ်က ကျွေးချင်မွေးချင်သေးတယ်လေ၊ မိရှဲလ်က ကိုယ့်ထက် သုံးဆလောက် ပိုစားမှာဆိုတော့ ပိုက်ဆံရှာမှ စုမှ ဖြစ်တော့မှာပေါ့'

'ဟင်း… ဟင်း… လိမ်ပြောမှန်းသိပေမယ့် ကျေနပ်တယ် ဘရက်ပစ်'

'အိုကေ… ဆီးယူလိတ်တား ဘိုင့်ဘိုင်'

ဘရက်ပစ် ဘွတ်ကြီးက ပါဝါရိန်းဂျားတွေလို လျှင်မြန်မှုမျိုးနှင့် အွန်လိုင်းပေါ်မှ ခုန်ဆင်းလိုက်တော့၏။ ထို့နောက် ဘွတ်ကြီးက နာဂစ်ထက်ပြင်းအားသာသော သက်ပြင်းကို ချက်ချင်းချလိုက်ရှာလေသည်။

'ကုန်ဈေးနှုန်းတွေ ကြီးရတဲ့အထဲ မိရှဲလ်နဲ့သာဆို ဆန်ဖိုးတောင် လုံလောက်အောင် ရှာနိုင်မှာ မဟုတ်ပါဘူးကွာ'

'ဟား… ဟား… ဟား… ဟား'

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက်မျက်နှာက ကြိုးမိန့်ကျ အကျဉ်းသားအား သရဏဂုံတင်နေစဉ် တွေ့မြင်ရသော အမူအရာမျိုးဖြစ်နေ၏။ တကယ့်ကို ရုပ်ပျက်ဆင်းပျက် ရှုရက်စရာမရှိ။

ဒါကိုပဲ အိတုံ မခံချိ မခံသာ ဖြစ်နေတာ ဖြစ်သည်။ စာသုံးစောင်ပို့ပြီးသည်အထိ သွန်းထံမှ ပြန်စာမရပုံ၊ သူ့ထံ ဖုန်းဆက်ပြောသော စကားတွင် ကိုကျော်ဇင်ထက်ကို ခင်သော်လည်း သူမတွင် အဒေါ်သဘောတူသည့် ခင်ပွန်းလောင်းရှိနေကြောင်း၊ ထို့ကြောင့် ဒီကိစ္စ ရှေ့ဆက်မတိုးရန် မှာလိုက်ကြောင်းများ ပြောပြလိုက်သဖြင့် ကျော်ဇင်ထက်မှာ လဒကို အမွေးနှုတ်ပြီး မီးမြိုက်ထားသော စတိုင်ဖြစ်နေရခြင်းဖြစ်သည်။

သွန်းအပေါ် ချစ်စိတ်နှင့် မချိမဆန့် ခံစားနေရသော ကျော်ဇင်ထက်၏ ဤအမူအရာကို အိတုံ လုံးဝမမြင်ချင်ပါ။ သို့နှင့်အသည်းနာလောက်သော စကားများကို ပိုပိုသာသာလေး ပြောပေးရန် စိတ်ကူးလိုက်သည်။

'ကိုကျော်ဇင်ထက်ရယ်… သူ့ဘက်က ဒီလောက်တောင် ပြတ်ပြတ်သားသားပြောနေမှတော့ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ပြီး စိတ်ဆင်းရဲခံနေရတာလဲရှင်၊ ကိုကျော်ဇင်ထက် ခုလို ခံစားနေရတာကို မကြည့်ရက်လို့ပါ'

'ဟင်း… ခံစားရတာပေါ့ဗျာ၊ ကျွန်တော်က သူ့ကို တကယ်ချစ်မိတာလေ၊ ဘဝအဖော်မွန်အဖြစ် လက်တွဲဖို့အထိ ရည်ရွယ်ခဲ့တာ အိတုံရဲ့'

'ကိုကျော်ဇင်ထက်ရယ်… ရှင် ဒီစကားကို ကျွန်မကိုပြောရင် ဘာဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ'ဟု တွေးရင်း အိတုံ ရင်နာနေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

'ဒါတော့ ဒါပေါ့ ကိုကျော်ဇင်ထက်ရယ်၊ ဒါပေမဲ့ အချစ်ရေးမှာ သူကြင်မှ ကိုယ်ကြင် ဂျင်းစိမ်းနဲ့ မိတ်သလင်ဆိုတဲ့ စကားလည်းရှိသားမဟုတ်လား၊ လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မြည်တာမှမဟုတ်ဘဲ'

'အင်း… သဘောတရားအရတော့ ဟုတ်ပါတယ် အိတုံ'

'ဒါဆို ဘာကိုမျှော်ကိုးနေသေးတာလဲ ကိုကျော်ဇင်ထက်ရဲ့'

'ရှေးရေစက်နဲ့ ဖူးစာဖက်ဆိုတာ ရှိသေးတယ်လေ'

'ဟား… ကိုကျော်ဇင်ထက်က တကယ်မလွယ်တဲ့ အချစ်သူရဲကောင်းကြီးပါလား၊ ပြတိုက်ထဲက ရှေးဟောင်းပစ္စည်းကြီး အိတုံရှေ့ ငုပ်တုပ်လာထိုင်နေတာတော့ မဟုတ်ပါဘူးနော်'

'အင်း… ကျွန်တော်က အများအမြင်မှာ ဟားချင်စရာသတ္တဝါ တစ်ကောင်ဖြစ်နေပြီထင်တယ်၊ ထားလိုက်ပါတော့၊ ဒါနဲ့အိတုံတို့ အိမ်သားတွေလည်း ကျွန်တော်လာတိုင်း တစ်ခါမှ မတွေ့ဘူး၊ ဘယ်သွားကြတုန်း'

'ဟင်း… ဟင်း… မတွေ့ဆို ရှိမှ မရှိကြတာကိုး၊ ဖေဖေကပါရမီတက္ကစီမောင်းတယ်၊ မေမေက ဈေးထဲမှာ ကုန်ခြောက်ရောင်းတယ်၊ အစ်ကိုက ဆယ့်ရှစ်နှစ်သားကတည်းက စစ်ထဲဝင်သွားတာအခုတပ်ကြပ်ကြီးဖြစ်နေပြီလေ၊ တောင်ငူမှာ၊ သုံးမရတာဆိုလို့ အိတုံပဲရှိတာ ကိုကျော်ဇင်ထက်ရဲ့'

'ဪ… ဒီလိုကိုး၊ အဟင်း… အိတုံလည်း အသုံးဝင်ပါတယ်ဗျာ'

'ဘယ်နေရာမှာလဲဟင်'

'အဖေနဲ့အမေ ပြန်လာတဲ့အခါ အမောပြေစေဖို့နေနဲ့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း… ဟင်း… တစ်ဖက်သား စိတ်ချမ်းသာအောင် တော်တော်ပြောတတ်တယ်နော်'

'ဖြစ်နိုင်ချေ မရှိတာကို လုပ်ကြံပြီး ပြောတာမှ မဟုတ်ဘဲ'

'ထားပါတော့ရှင်၊ အခု ကိုကျော်ဇင်ထက် ဘာဆက်လုပ်မလဲ'

'ဘာကိုပြောတာလဲ အိတုံ'

'သွန်းကို ရင်ထဲက ထုတ်ပစ်ဖို့လေ'

'ဒီကိစ္စဆိုရင်တော့ တော်တော်အချိန်ယူရဦးမှာပါ အိတုံ'

ကျော်ဇင်ထက် စကားကြောင့် အိတုံ စိတ်ပျက်လက်ပျက်ဖြစ်သွားပုံက အထင်အရှား။ ဘယ်လိုလုပ်မှ ဒီလူ့ရင်ထဲက သွန်းဆိုတဲ့ အစိုင်အခဲကို ထုတ်လို့ရမည်မှန်းမသိတော့။

'ခက်တော့တာပဲ ကိုကျော်ဇင်ထက်ရယ်၊ လောကမှာ စိတ်ချမ်းသာမှုရတဲ့ အိမ်ထောင်ရှင် အများစုကိုမေးကြည့်၊ ကိုယ်ချစ်ကို စွန့်ပြီး သူချစ်ကို လက်ထပ်ခဲ့တဲ့သူတွေက အများစုဆိုတာ သိရလိမ့်မယ်'

'အာမခံရဲလှချည်လား အိတုံ'

'အနီးဆုံးနေရာမှာ သက်သေရှိနေတာလေ'

'ဘယ်သူများလဲ'

'အဖေပေါ့၊ အဖေ့ကို အမေက သိပ်ချစ်တာ၊ တစ်ဖက်သပ်အချစ်မျိုးနဲ့ပေါ့၊ ပြီးတော့ အဖေ့ကို အမေက ဦးဆောင်ခိုးပြေးခဲ့တာလေ'

'ဟင်… ဟုတ်လို့လား'

'သိပ်ဟုတ်တာပေါ့၊ အမေကိုယ်တိုင်ပြောပြတာ၊ အခုထိ အဖေ့ကို အမေက အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်တာလေ'

'ဒါဆို အိတုံ့ ဖေဖေက ကံကောင်းတဲ့လူပေါ့'

www.burmeseclassic.com



'ကိုကျော်ဇင်ထက်လည်း ကံကောင်းနိုင်တဲ့ အခြေအနေတွေ ရှိနေတာပဲဟာ'

မိန်းကလေးတန်မယ့် ရေလာမြောင်းပေး စကားပြောနေရသော်လည်း အိတုံ ရှက်မနေပါ။ သူ့ကိုယ်သူ ကိုရီးယားမင်းသမီးလို့များ ခံယူထားသည်လားမသိ။ ချစ်ရည်ရွှန်းသော မျှော်လင့်မျက်ဝန်းများနှင့် ကျော်ဇင်ထက်အား တရှိုက်မက်မက် ကြည့်နေသေးသည်။

အခြေအနေကို ရိပ်မိသော ကျော်ဇင်ထက် ထိတ်ထိတ်ပြာပြာ ဖြစ်သွား၏။ ဤအိမ်တွင် သူနှင့်အိတုံ နှစ်ယောက်တည်းပါလားဟူသော အသိက ကျော်ဇင်ထက်အား ချွေးလွှန်တုပ်ကွေးဖြစ်သွားစေသည်။

ပြီးတော့ သူ့အမေက အဖေ့ကို ဦးဆောင်ခိုးပြေးခဲ့သည်ဟူသော နိမိတ်ပြ စကားကိုလည်း လမ်းခင်းထားပြီးသား။ ကျော်ဇင်ထက် ရုတ်တရက် ထရပ်လိုက်သည်။

'နှစ်သိမ့်စကားပြောပေးလို့ ကျေးဇူးတင်ပါတယ် အိတုံ၊ ကျွန်တော့် ရင်ထဲက သွန်းကို ထုတ်ပစ်ဖို့ အရင်ဆုံး ကြိုးစားလိုက်ပါဦးမယ်၊ ကဲ... သွားမယ်နော်'

စကားပြန်ကိုပင် မစောင့်တော့ဘဲ ကျော်ဇင်ထက် အိမ်ထဲမှ ထွက်လာခဲ့သည်။ ဘယ်လိုမျက်နှာထား၊ ဘယ်လိုအမူအရာနှင့် ကျန်ခဲ့သလဲဆိုတာ ဂရုစိုက်မကြည့်စတမ်း စိတ်ခတ်နှင့် ဖိနပ်များ သယ်ဆောင်ရာသို့ လိုက်ပါသွားခဲ့၏။

နောက်နောင် အိတုံထံ အလည်သွားဖို့ ကျော်ဇင်ထက် လုံးဝ စိတ်မကူးရဲတော့ချေ။ အိတုံပြောသလို သူ့ချစ်ကို လက်တွဲလျှင်ပင် သူ့စိတ်ချမ်းသာမည် မဟုတ်မှန်း သိနေသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ချာဂျင်မပြည့်တော့သော ဆီမွှော်ရောင် နေလုံးကြီးသည် ဖျော့တော့တော့အလင်းခတ်ကို ဖြန့်ကြက်ရင်း အိုဟာတိုင်ဆင်းဖို့ မကြိုးစားဘဲ ထွက်ပြေးပုန်းအောင်းရန် တာစူနေ၏။

ရှာရသမျှ အာဟာရနှင့် အစာဝပြီးဟု ယူဆရသော ကျေးငှက်တို့သည်လည်း အိပ်ချင်မူးတူး တောင်ပံများနှင့် သူတို့၏ သဘာဝတည်းခိုခန်းများဆီ ဦးတည်ပျံသန်းလာနေကြသည်။

အမှတ်(၃) လမ်းမကြီးအတိုင်း ဆိုက်ကားတစ်စီး တအိအိဖြတ်သန်းလာနေသည်။ လမ်း၏ညာဘက်တွင် ရေကူးထပ်ဆင့် အသံလွှင့်စက်ရုံဝင်း၊ ဘယ်ဘက်တွင် ၄၃၅၊ ၄၃၆ တပ်စခန်းများရှိသော ဤလမ်းမကြီးသည် ကျယ်ဝန်း၍ ကားရှင်းသလို ကွင်းပြင်ကျယ်များရှိ၍ လေတဟူးဟူး တိုက်ခတ်နေလေ့ရှိ၏။

မြောက်ဥက္ကလာပ (၂)ရပ်ကွက်တွင်းမှ လူများမှာ ညနေစောင်း အပူခတ်လျော့သွားချိန်တွင် ဤလမ်းပေါ်ထွက်၍ လေညှင်းခံလေ့ရှိကြ၏။ စက်ဘီးစီးသူ၊ လမ်းလျှောက်သူ၊ ပြေးလွှားလေ့ကစားသူ ချိန်းတွေ့သူစုံတွဲများနှင့် စည်ကားနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျော်ဇင်ထက်၊ ဘွတ်ကြီးနှင့် နေအေးတို့ ဆိုက်ကားကို တစ်ယောက်တစ်လှည့်နင်းရင်း စကားတပြောပြောနှင့် လေညှင်းခံထွက်လာကြ၏။

'ဒါဆို မင်း အိတုံကို ရှောင်နေမှဖြစ်မှာပေါ့'

'ဟုတ်တယ် နေအေး၊ အိတုံက ပြောရင် ပြောသလို လုပ်မယ့်သူကွ'

'ဘာပဲဖြစ်ဖြစ် သနားပါတယ်ကွာ'

'မတတ်နိုင်ဘူး ဘွတ်ကြီး၊ ငါမှ သူ့ကိုမချစ်တာ'

'မင်းအဖြစ်က ရတာမလို လိုတာမရဆိုတဲ့အတိုင်းပါလား'

'ဟုတ်တယ် နေအေး'

'ငါ တစ်ခုစဉ်းစားမိတယ် ကျော်ဇင်ထက်၊ သွန်းက ဘာမှမတုံ့ပြန်တာမဟုတ်ဘဲ မင်းရဲ့စာတွေ လက်စဖျောက်ပြီး ကြားက အိတုံ လိမ်စဉ်လုပ်နေတာကော မဖြစ်နိုင်ဘူးလား'

'အင်း… အဲဒါလည်း ဖြစ်နိုင်တာပဲ'

'စကတည်းက လိပ်စာမပေးဘူးဆိုတာ ကြိုတင်ကြံစည်ထားတာလည်းဖြစ်နိုင်တာပဲ၊ သူ့အဒေါ် အပေါက်ဆိုးတယ်ဆိုတာလည်း ကာဗာစတိုရီတစ်ခုပါကွာ'

'ဟား… တော်လှချည်လား ဘွတ်ကြီးရာ၊ ခုမှပဲ အိတုံရဲ့လုပ်ကွက်တွေ မြင်သာထင်သာ ရှိတော့တယ်ကွာ၊ ပွဲမစခင်ကတည်းက မြုပ်ကွက်တွေနဲ့ လုပ်ပွဲဆင်ထားတာ၊ တကယ်မလွယ်တဲ့ အိတုံပါလား'

ကျော်ဇင်ထက်က ဘွတ်ကြီးကို ချီးကျူးပြီး ဆိုက်ကားကို ဘရိတ်ညှစ်လိုက်၏။ စကားတပြောပြောနှင့် နင်းလာကြတာ ဥက္ကလာဂေါက်ကွင်းသို့ပင် ရောက်လာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


'ညောင်းတယ်ကွာ၊ လမ်းဘေးမြက်ခင်းမှာ ထိုင်ပြီး ဆက်ဆွေးနွေးမယ်'

သုံးယောက်သား ကိုယ်စီဖိနပ်ဖင်ခုထိုင်ရင်း မြင်နေရသော ဂေါက်ကွင်းမှ မြက်ခင်းဆီ လှမ်းမျှော်ကြသည်။ ဂေါက်ရိုက်နေသူများကို တွေ့ရ၏။ တတ်နိုင်သူတို့ ဂေါက်ရိုက်အပန်းဖြေနေချိန်တွင် မတတ်နိုင်သူတို့ လမ်းဘေးထိုင်ကာ ငေးနေကြရ၏။

'ဒါဆို မင်းနဲ့သွန်း ဆုံဖို့ လမ်းစမရှိတော့ဘူးပေါ့'

နေအေးက အဖြေတွေးဆ ပြောလိုက်တော့ ကျော်ဇင်ထက် စာကလေးရေမွန်းသလို ဖြစ်သွားရသည်။

နွမ်းလျလေသံနှင့် ဝန်ခံရင်း ခေါင်းညိတ်ပြလိုက်၏။

'အေးကွာ၊ ကံကြုံရင် ပြန်ဆုံမှာပါလို့တောင် မပြောနိုင်တဲ့ အနေအထားပါကွာ'

'ဒီလောက်လည်း အားမလျှော့ပါနဲ့ကွာ၊ ပျောက်သောသူ ရှာရင်တွေ့ပါတယ်ကွ'

ဘွတ်ကြီး၏ အားပေးစကားက ကျော်ဇင်ထက်အတွက် အင်နာဖွန်စီ ဖြစ်မလာပါ။ နေအေးက ရုတ်တရက် ဝင်းလက်သွားသော မျက်နှာထားနှင့်...

'ဒီလိုလုပ်ကွာ၊ မန္တလေးလမ်းညွှန်တစ်အုပ် ဝယ်လိုက်၊ သွန်းက ရွှေခြည်ထိုးလုပ်ငန်းလုပ်တယ်လို့ ပြောသွားတယ် မဟုတ်လား၊ လုပ်ငန်းရှင်တိုင်း Yellow Page မှာ ကြော်ငြာထည့်တတ်ကြတယ်လေ'

'ဟာ... နေအေး မင်းရဲ့စကားက ငါ့အတွက် မသေဆေးလို ပါပဲလား၊ ငါ့ကောင်တွေ ငါနဲ့ပေါင်းလို့ တော်လာကြပြီကိုးကွ၊ ဟား... ဟား... ဟား'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… လူစကားပြောနော်၊ အမြင်ကတ်အောင် မလုပ်နဲ့၊ အိတ့်ဆီ ဖုန်းဆက်လိုက်ရမလား'

'ဟဲ… ဟဲ… နေအေးကလည်းကွာ၊ ငါက နောက်တာပါကွ၊ မင်းကလည်း'

ဝမ်းသာအားရ ဖြစ်နေသော ကျော်ဇင်ထက်မှာ ဘွတ်ကြီး၏ သတိပေးစကားကြောင့် သာခွေယိုင် ဖြစ်သွားရပြန်သည်။

'လုပ်ငန်းနာမည်ကို သိမှ ရှာလို့ရမှာပေါ့၊ မင်း သူတို့ဆိုင် နာမည်သိလား ကျော်ဇင်ထက်'

'ဟေ… ဟော့အေး… မသိဘူး'

'ဒါဆို ရှာလည်းသွားမှာပေါ့၊ မန္တလေးမှာ ရွှေချည်ထိုးလုပ် ငန်းတွေမှ အများကြီးရယ်'

ဘွတ်ကြီး၏ မှန်ကန်သော သုံးသပ်ချက်ကြောင့် ကျော်ဇင် ထက်နှင့်တကွ ဉာဏ်ကြီးရှင်နှစ်ယောက်လုံး ရေငတ်ပန်းလို ငွမ်းကျကြ ပြန်သည်။ ရှားလော့ဟုမ်းကဲ့သို့ ဆေးတံဖွာ၍ စဉ်းစားလျှင်သော်မှ အဖြေရနိုင်မည် မထင်တော့။

Sunday talk မဟုတ်သော လမ်းဘေးတော့စ်စကားဝိုင်းမှ ဘာစကားသံမှ ထွက်မလာတော့ချေ။

နေရောင်ပျောက်သွားမှ ကျော်ဇင်ထက် ချွေးပြိုက်ပြိုက်ကျ လာရ၏။ ဆောင်းဥတုအလယ်လောက်တွင် စတင်ဆုံဆည်းခဲ့ရသော သွန်းဟေမာန် ရှာပုံတော် အစီအစဉ်မှာ နွေရောက်သည့်တိုင် အကောင် အထည်မပေါ်သေး။

တေးဘုမ္မာသီချင်းအလိုက်တွင် စာသားပြောင်းထည့်၍ 'ချစ် ချင်တာလည်း မချစ်ရပါ၊ မချစ်ချင်တာတွေလည်းချစ်ရမှာ၊ သုံးဆယ့်

www.burmeseclassic.com



တစ်ဘုံဝင်္ခအတွင်းက ကရွတ်ကင်းလျှောက်တဲ့ အိတ်ပုံပါ'ဟု အော်ဟစ်ဆိုလိုက်ချင်သည်အထိ စိတ်ညစ်သွားရသည်။

ထိုစဉ်အခိုက် နေအေးက ဂီတတံခါးလေးဖွင့်ပါဦး အစီအစဉ်တွင် ပြိုင်ပွဲဝင်ပြီး ရွှေသော့ဆု ရသွားသူလို ပြုံးလိုက်၏။ ထိုမျှမက ပဟေဠိနန်းတော်အစီအစဉ်မှ မောင်မောင်အေးလေသံနှင့် ဝံ့ကြွားစွာ ပြောသည်။

'ခက်လွန်းလွန်းလို့ကွာ၊ မန္တလေးလမ်းညွှန်စာအုပ်ထဲမှာပါမယ့် ရွှေခြည်ထိုးလုပ်ငန်းက ဘယ်လောက်များများ ရှိမှာမို့လဲ၊ ဆိုင်နာမည်တွေတန်းစီရွေးထုတ်ပြီး သွန်းတို့ ဟေမာန်တို့ပါတဲ့ နာမည်တွေ ရှာလိုက်ကွာ၊ ဖုန်းနံပါတ်တွေ ပါမှာပဲဥစ္စာ၊ တစ်ဆိုင်ပြီးတစ်ဆိုင် ဆက်ကြည့် ကွက်တိပဲ'

နေအေး၏ ပရောဂျက်ကို စဉ်းစားသုံးသပ်ကြည့်သောအခါ ဖြစ်နိုင်ချေ ရာနှုန်းခြောက်ဆယ်လောက်ရှိသလို ခံစားမိရသဖြင့် ကျော်ခင်ထက် ပျော်သွားရပြန်သည်။

'နေအေး… နေအေး… ရေဝေးကို မသွားပါနဲ့ဦးကွာ၊ မင်းရဲ့ဦးနှောက်ကို မြန်မာ့သြဘာ ဖြန်းထားတာလား၊ ရွှေနဂါးပဲ ကျွေးထားတာလားဆိုတာ သုတေသန လုပ်ချင်သေးလို့ပါ'

'အောင်မာ သေနာကျ၊ လေနာထပြန်ပြီလား၊ အဖိုးတန် အိုင်ဒီယာကို အလကားရလို့ မခန့်လေးစားလုပ်တာလား၊ ဒီတစ်ခါ အိတ်ကို သတင်းမပေးဘဲ ရဟန်းဒကာ ဘဘကြီးကို အတင်းပြေးခေါ်လိုက်မှာနော်'

'ဟား… ဟား… တော်တော်ဟောင်နိုင်တဲ့ အကောင်ပါ သားနော်'

www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်ဆယ်ခန့်လေးမည်ထင်ရသော မန္တလေးလမ်းညွှန်စာအုပ်ကို လှန်ရင်း ကျော်ဇင်ထက် တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေ၏။

ဒေရှင်ရီထက် ထူသော စာအုပ်ကြီးထဲမှ ကြော်ငြာများကို ဖတ်ရင်း ရွှေခြည်ထိုးလုပ်ငန်းကြော်ငြာများကို ရွေးထုတ်ကူးယူ၏။

ထိုလုပ်ငန်းကြော်ငြာကုန်အောင် ကူးရသည်ပင် သုံးရက်ကြာသည်။ ရွှေခြည်ထိုးလုပ်ငန်းကြော်ငြာပေါင်း ရှစ်ရာငါးဆယ်စုဆောင်းမိသွား၏။ ထိုဆိုင်များထဲမှ နာမည်တွင် သွှန်းနှင့်ဟောမာန်ပါသောဆိုင်များရွေးထုတ်သောအခါ သိပ်များများစားစား မရှိဘဲ ဆိုင်ငါးဆိုင်သာ တွေ့ရသည်။ ဒါ ကံစမ်းခြင်းသက်သက်သာဖြစ်၏။

ရွှေခြည်ထိုးလုပ်ငန်းတွင် နန်းဆန်ဆန် မန်းဟန်မပျက် အမည်ပေးကြသည်က များ၍ ရှာရဖွေရ တော်တော်သက်သာသွားရသည်။ မန်းဟောမာန်၊ ရေစင်သွန်း၊ ရွှေစင်သွန်း၊ သွန်းရတီနှင့် ဟောမာန်ဦးအမည်ပေးထားသော ဆိုင်ငါးဆိုင်ကို ပစ်မှတ်ထားလိုက်သည်။

ဆိုင်နာမည်နှင့်တွဲ၍ ဖုန်းနံပါတ်များ ကူးလိုက်၏။ ထိုလုပ်ငန်းစဉ်များကို အားထုတ်ရသည်မှာ လေးရက်ကြာ၏။ ယခုတော့ ကျော်ဇင်ထက် လက်ထဲတွင် ဖုန်းနံပါတ် ငါးခုရထားခဲ့ပြီ။

ဖုန်းဆက်ဖို့ကတော့ သိပ်လောစရာ မလိုတော့။ အလုပ်အားမှ အေးအေးဆေးဆေး အချိန်ယူလုပ်ရမည်။ အခုတလော အလုပ်ကလည်း အားသည်မရှိလှ။ ဖေဖေက ဆိုက်ကားများရောင်းထုတ်၍ အချိန်တစ်ရာဝင် ဒန်အိုးနှင့် အချိန်ငါးဆယ်ဝင် ဒန်အိုးကြီးများအပြင် ပန်းကန်ခွက်ယောက်မျိုးစုံ၊ ဟင်းလိုက်ချိုင့်ဆယ်လုံးနှင့် ခေါက်စားပွဲဆယ်လုံး၊ ပလပ်စတစ်ကုလားထိုင် အလုံးတစ်ရာ ဝယ်လိုက်၏။

အရပ်ထဲက သာရေး၊ နာရေး ကိစ္စတွင် အငှားချက်သော ပစ္စည်းများဖြစ်၍ လက်မလည်အောင် အလုပ်ရှုပ်လှသည်။ အဖေနှင့်

www.burmeseclassic.com

www.burmeseclassic.com


ဘွတ်ကြီးက အပြင်ထွက်ရသည့် ကိစ္စများ တာဝန်ယူထားသဖြင့် ကျော်ဇင်ထက်မှာ အိမ်မြဲဖြစ်နေရ၏။

တစ်ရက်မှာတော့ နေအေးကို ချိန်းဆိုပြီး သူ့အိမ်မှဖုန်းကို ယူလာခိုင်းကာ ကျော်ဇင်ထက်မှာ ရှာပုံတော်ဖုန်းဆက်ပွဲကြီး ဆင်နွဲတော့သည်။

မန်းဟောမာန်နှင့်တော့ လုံးဝအဆင်မပြေ။ မရှိဘူး။ မသိဘူး။ မကြားဖူးဘူးနှင့် ဘူးတစ်လုံးဆောင်သွားခဲ့၏။ ကျော်ဇင်ထက် မျက်နှာ သိပ်မကောင်းချင်။ နေအေးက အားပေးပြီး နောက်တစ်ဆိုင်သို့ ဖုန်းခေါ်ပေး၏။

အဆက်အသွယ်ရတော့ ကျော်ဇင်ထက် ကိုယ်တိုင်ပြောသည်။

'ရေစင်သွန်း ရွှေခြည်ထိုးဆိုင်ကပါလား'

'ဟဲလို... မကြားရဘူး'

တစ်ဖက်မှ မကြားရဘူးဆို၍ နေအေး၏ ညွှန်ကြားချက်အတိုင်း အိမ်ပြင်ထွက် အသံကြည်သည်အထိ လျှောက်သွားကာ ဖုန်းပြောရ၏။ တကယ့်ကို ဣန္ဒြေမရ။ ဟိုပြေးဒီပြေး ရှာဆော်ကြီးခွေး မဟုတ်ဘဲ ရှာဆော်ကြီးဖုန်းဖြစ်နေတော့သည်။

ဒီတစ်ခါလည်း အဆင်မပြေပြန်။ သွန်းဟောမာန်ဆိုတာ မသိကြောင်းမရှိကြောင်းဘဲ သိရကြားရ၏။ ကျော်ဇင်ထက် စိတ်ဓာတ်ကျချင်ချင်ဖြစ်သွားသည်။ သူ့ကိစ္စ မဟုတ်ဘဲနှင့် နေအေးက အလျှော့မပေးဘဲ နောက်တစ်ဆိုင်သို့ ထပ်ဆက်ပြန်သည်။

'သွန်းရတီ... ရွှေခြည်ထိုးလုပ်ငန်းကပါလားခင်ဗျာ'

'........'

'ဒါဆို သွန်းဟောမာန်များ ရှိသလား မသိဘူး'

'........'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… ခုပြောနေတာ သွန်းဟေမာန် ဟုတ်လား'

'……..'

နေအေး ပြောတာ ကြားပြီး ကျော်ဇင်ထက် တဟုန်ထိုးပြေးလာကာ ဖုန်းကို ဝင်လု၏။ နေအေး ဒေါပွသွားပုံရသည်။

'သွန်းရေ… အရှုးနဲ့ ပြောလိုက်ဦး၊ ဒီမှာ သေတော့မလိုဖြစ်ပြီး ဖုန်းကို အတင်းလုနေတယ်ဟ'

ကျော်ဇင်ထက် ဘာကိုမှ ဂရုမစိုက်တော့ G.S.M ဖုန်းကို ရတနာမြေပုံတစ်ခုအလား မြတ်နိုးစွာကိုင်ရင်း…

'သွန်းဟေမာန်… ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်၊ ဘယ်သူပြောနေတာလဲ'

'ကျော်ဇင်ထက်လေ၊ ရန်ကုန်မှာ ဆေးရုံတက်တုန်းက ဆုံခဲ့တဲ့ ကျောက်ပတ်တီးဗိုးလ်ချဲ့နဲ့ ကျော်ဇင်ထက်ပါ၊ မှတ်မိလား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ် ကိုကျော်ဇင်ထက်ရယ်၊ ဒါနဲ့အခု ကျွန်မ ဖုန်းနံပါတ် ဘယ်လိုရလဲ'

'မနွယ်လေး လမ်းညွှန်ထဲကလေ၊ တစ်ဆိုင်ပြီးတစ်ဆိုင် ဖုန်းဆက်နေတာ၊ ကြာလှပြီ၊ ဒီနေ့မှ ကံကောင်းပြီးဆုံတာ သွန်းရဲ့'

'သြော်… ကိုကျော်ဇင်ထက်ရယ်၊ ဖြစ်မှဖြစ်ရလေ၊ ကဲ… ပြောပါဦး၊ ဘာကိစ္စရှိလို့လဲ'

'သွန်းကို သတိရလို့၊ ဒီနေ့ထိ လုံးဝမေ့မရဘူး၊ တွေ့ခွင့်ဆုံခွင့်မရရင်တောင် အဆက်အသွယ်လုပ်ချင်တယ်၊ ကျွန်တော် သွန်းကိုခင်တယ်၊ သံယောဇဉ်ရှိတယ်၊ အို… ရှင်းရှင်းပဲပြောမယ်ဗျာ၊ သွန်းကို ကျွန်တော် ချစ်တယ်'

'ရှင်'

'ဒီစကားကိုပြောဖို့ ကျွန်တော် ခြောက်လလောက် စောင့်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တာပါဗျာ၊ စာနဲ့ရေးပြီး ဖွင့်ဟခဲ့ပေမယ့် သွန်းဆီ ရောက်မရောက် တောင် မသိခဲ့ရပါဘူး'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အခု ကျွန်မ သိရပြီပဲ'

'သိရတာတော့ ဟုတ်တာပေါ့၊ ကျွန်တော့်ကို အဖြေပေးဦး လေ'

'ဟယ်… ကိုကျော်ဇင်ထက်ကလည်း ကျွန်မကို စဉ်းစားဖို့ အချိန်မပေးတော့ဘူးလား'

'ဗျာ… အဲ… ဟုတ်သားပဲ၊ ဆောရီးနော်၊ ကျွန်တော် လော သွားတယ်ဗျာ၊ လုံးဝမျှော်လင့်ချက်မဲ့ပြီလို့ ထင်ထားရာက မမျှော်လင့် ဘဲ ဆုံလိုက်ရတော့ ဝမ်းသာလုံးဆို့ပြီး ဖြစ်သွားရတာပါ'

'ဟုတ်ကဲ့'

'ခဏ ခဏ ဖုန်းဆက်မယ်နော်'

'အင်း… ဒါပေမဲ့ ဖုန်းက Show room ကဖုန်းလေ၊ ကျွန်မ ဟမ်းဖုန်းနံပါတ်ပေးမယ်၊ ညဘက်ဆက်'

'အိုကေ… သွန်း၊ အဆင်ပြေတယ်'

ဖုန်းနံပါတ်ကို မန်မိုရီသွင်း မှတ်သားပြီးနောက် ကျော်ဇင် ထက်က ဖုန်းကို ရွတ်ခနဲ နမ်းလိုက်ပြီး နေအေးကို ပြန်ပေးလိုက်၏။ နေအေးက နာရီကြည့်ရင်း…

'သုံးထောင့်ငါးရာကျတယ်'

'ဘာ'

'ရှူးနေလား၊ ကြိုက်သလောက်ပြော ကျသလောက်ရှင်းရတာ လေ၊ နားမလည်ဘူးလား'

'ဟဲ… ဟဲ… မင်းကလည်းကွာ'

'မကွာနဲ့၊ ဒါတော့ မရဘူး၊ ဒါအဖေ့ဖုန်း ပေး ပိုက်ဆံ၊

www.burmeseclassic.com



မင်း ဖုန်းပြောတာ တစ်နာရီကျော်တယ်နော်၊ လောကမှာ ဘာမှ အလကားမရဘူး သိလား၊ အခု မင်းဆန္ဒတွေလည်း ပြည့်ပြီပဲဟာ'

'အေးပါကွာယာ၊ မင်းရဲ့ အိုင်ဒီယာ၊ မင်းရဲ့ကျေးဇူးအပြင် မင်းရဲ့ဖုန်းဆိုတော့ ကျသင့်သလောက် ရှင်းရမှာပေါ့၊ ရော့ လေးထောင် ပိုတာ ပြန်မအမ်းနဲ့ မင်းယူလိုက်'

'ဝက်မသား'

ကျော်ဇင်ထက်တို့ အပိုင်ထဲတွင် နာရေးနှစ်ခု လာတိုက်နေသဖြင့် ဒန်အိုးကြီးနှစ်လုံး ပန်းကန်ခွက်ယောက်များနှင့် စားပွဲကုလားထိုင်ပါမကျန်အောင် အကုန်ငှားလိုက်ရ၏။

ပြီးတော့ ရက်လည်နေ့အတွက် လော်နှင့်စက်ပါ ငှားဖို့စရံသတ်သည်။ သုမာလာအပိုင်တွင် ထိုဓလေ့က ရှိနေသည်။ ရက်လည်နေ့အာရုံဘုန်းကြီးတရားဟောသည့်အချိန်မှစပြီး လော်ကိုအသုံးပြုကြ၏။ မုန့်ဟင်းခါးကျွေးပြီး ကူငွေလက်ခံသည့်အချိန်မှာလည်း လော်ကိုဒလစပ်ဖွင့်ထားရသည်။

ဘယ်လိုအလေ့အထမှန်းမသိသော်လည်း ကျော်ဇင်ထက်တို့အတွက်တော့ အလုပ်ဖြစ်လှသည်လေ။ မြို့ကြီးပြကြီး ဆင်ခြေဖုံးရပ်ကွက်တွင် ရှာဓလေ့က နိုင်မြဲစွာအမြစ်တွယ်နေတာပဲဖြစ်သည်။ ၂ ရပ်ကွက် သုမာလာခြမ်းတွင်တော့ နာရေးနှင့်လော်က ခွဲထား၍မရချေ။

နာရေးအတွက် ကူညီကြသည့် လူငယ်လေးများက လာသောပစ္စည်းများကို ဆိုက်ကားပေါ်တင်၍ သယ်ယူနေကြ၏။ ထိုအချိန်တွင် ခြံထဲ လူတစ်ယောက်ဝင်လာသည်။ စာရင်းရေးနေသော

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက် မမြင်၍ မသိ။ ထိုသူက ကျော်ဇင်ထက် နားတွင် ရပ်လိုက်ရင်း…

'အချိန်တစ်ရာဝင် အိုးတစ်လုံးလောက် ငှားချင်လို့'

'အချိန်တစ်ရာအိုး မရှိတော့ဘူး၊ ခုပဲ ငှား၊ ဟင်… အိတုံ'

ပြောရင်း မော့ကြည့်တော့မှ အိတုံမှန်း သိလိုက်ရ၍ ကျော်ဇင်ထက် အံ့ဩသွားရသည်။ တဆက်တည်းမှာပင် ဒေါသလည်းထွက်သွားရ၏။ သို့သော် ဒေါသကို မျိုချလိုက်ရင်း…

'ဘယ်က ဘယ်လိုရောက်လာတာလဲ အိတုံ'

'သူငယ်ချင်းဆိုတဲ့ သူက ထွက်ပြေးပြီး စတေးရှောင်နေတော့ တွေ့ချင်တဲ့သူက စုံစမ်းပြီးလိုက်လာရတာပေါ့'

'ဟင်း… ဟင်း… ရှာလို့လွယ်ရဲ့လား'

'သိပ်မခက်ခဲပါဘူး'

'ထိုင်လေ အိတုံ၊ အထဲက လှောင်တယ်၊ ပစ္စည်းတွေလည်း ရှုပ်ပွနေတာ၊ ဒီမှာ အရိပ်လည်းရ လေလည်းရတယ်'

'ဟုတ်ကဲ့၊ ကိုကျော်ဇင်ထက် အဖေကော'

'စိန်ယန်းစာပြန့်ပွဲမှာ နိဗ္ဗာန်ဆော်အလှူခံလုပ်နေတယ်လေ'

'ဩော်… အဖေကော သားပါ တကယ်မအားကြတာပေါ့ ဟုတ်လား'

'ဟုတ်တယ် အိတုံ၊ မအားတဲ့ကြားကပဲ သွန်းနဲ့အဆက် အသွယ်ရလို့ ကျွန်တော် တအားပျော်နေတာ'

အမှတ်မထင် ပစ်သွင်းလိုက်သော စကားကြောင့် အိတုံ မျက်ပြူးဆံပြာဖြစ်သွားပုံကို ကျော်ဇင်ထက် အရသာခံကြည့်နေလိုက်၏။ ပျက်စီးသွားသော အမူအရာကို ကမန်းကတန်း ပြုပြင်ဖာထေးရင်း…

www.burmeseclassic.com

www.burmeseclassic.com


'ဘာပြောလိုက်တာလဲ ကိုကျော်ခင်ထက်'

'ဩော်… မန္တလေးက သွန်းနဲ့ အဆက်အသွယ်ရတယ်လို့ ပြောတာပါ'

'ဘယ်… ဘယ်ကရတာလဲဟင်'

'မန္တလေးလမ်းညွှန်စာအုပ်ထဲက'

'ဩော်… ကိုကျော်ခင်ထက် ဉာဏ်ပြေးသွားပဲ၊ ကျွန်မက မပေးချင်လို့ မဟုတ်ပါဘူး၊ သူ့အခေါ်နဲ့ဆုံပြီး ပြဿနာဖြစ်မှာ စိုးလို့ပါ'

'ပြဿနာမရှိပါဘူး အိတုံ၊ သွန်းနဲ့တိုက်ရိုက်စကားပြောခွင့်ရခဲ့တာပါ'

'ရှင်… ဘာ… ဘာတွေပြောဖြစ်ကြသေးလဲဟင်'

'သွန်းကို ချစ်တယ်လို့ ပြောလိုက်တယ်လေ၊ သွန်းကလည်း စဉ်းစားပါ့မယ်တဲ့ အိတုံရဲ့'

ကျော်ခင်ထက်က အားတုံ့အားနာနှင့် ဖေးမပြောသော်လည်း ကြားထဲက ခလောက်ဆန်ထားသော အိတုံမှာ မျက်စိမျက်နှာပျက်နေရှာပြီ။

'သူ ဘာတွေပြောသေးလဲဟင်'

'အိတုံနဲ့လည်း အဆက်အသွယ်သိပ်မရဘူးလို့ပဲ ပြောတာပါ'

မယုံချင်စရာစကားမို့ အိုးမလုံ အုံပွင့်ပြီး အိတုံ နှုတ်ပင်မဆက်တော့ဘဲ ပြန်သွားတော့သည်လေ။ သုံးလွန်းတင်မှ ကြိုးဖြစ်သည်ဆိုသော်လည်း သုံးပွင့်ဆိုင်ဓာတ်လမ်းတွင်တော့ ခုရှုပ်မှနောင်ရှင်းပြီးသောကကောင်းမည်မဟုတ်လား။

သူ့လုပ်ရပ်သူအားရစွာနှင့် ပီတိဖြစ်ရင်း ကျော်ခင်ထက် စာရင်းများဆက်လုပ်နေလိုက်၏။

'ဦးအောင်ထက်… ဦးအောင်ထက်'

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းသံကြောင့် ကြည့်လိုက်တော့ ဆက်သွယ်ရေးဝန်ထမ်းတစ်ယောက်ကို တွေ့ရ၏။ ဘယ်သူ့ဆီက စာလာတာလဲ။ သွန်းဆီကများလားဟု တွေးရင်း မဖြစ်နိုင်မှန်း သိသိကြီးနှင့် ဝမ်းသာသွား၏။

'စာပါလို့လား'

'မဟုတ်ဘူး၊ ဦးအောင်ထက် ဖုန်းလျှောက်ထားတယ်နော်'

'ဟုတ်ကဲ့'

'ဖုန်းတပ်ဆင်ခွင့်ရလို့လာအကြောင်းကြားတာပါ'

'ဗျာ… ဖုန်းရတယ် ဟုတ်လား၊ ဟား… ဝမ်းသာလိုက်တာဗျာ'

BURMESE CLASSIC

ဆက်သွယ်ရေးဝန်ထမ်းက စာအိပ်တစ်အိပ်ပေးပြီး ပြန်ထွက်သွား၏။ ကျေးဇူးစကားပင် မပြောလိုက်ရ။ ဖုန်းတပ်ဆင်ခွင့်ပါမစ်ကို ဖတ်ကြည့်ရင်း ပီတိတွေ လှိုက်ဝေနေ၏။ သွန်းနှင့် လွတ်လွတ်လပ်လပ် ဆက်သွယ်ခွင့်ရတော့မည်လေ။ ခြောက်သိန်းလောက်နှင့် ဖုန်းတစ်လုံးရတာ မင်္ဂလာတစ်ပါးပင် မဟုတ်လား။

'ကျွန်တော် အိတုံ့ကို ခပ်ရှင်းရှင်းပဲ အပြတ်ပြောပစ်လိုက်တယ်'

'ဟယ်… အားနာစရာကြီး ကိုကျော်ဇင်ထက်ရယ်'

'အားနာရင် ခါးပါတော့မှာလေ၊ သွန်းရဲ့ ဘယ်ဖြစ်မလဲ'

'ဟုတ်တော့ဟုတ်ပါတယ်လေ'

'ဟုတ်ပါတယ်လေ မဟုတ်ဘူး သွန်းရဲ့၊ ဟုတ်ကိုဟုတ်တာ၊ ကျွန်တော်မှ အိတုံ့ကို စိတ်မဝင်စားတာ၊ ဒါနဲ့ ကျွန်တော့်အတွက် အဖြေစဉ်းစားပြီးပြီလား သွန်း'

www.burmeseclassic.com

 www.burmeseclassic.com 

'ကိုကျော်ဇင်ထက်ကလည်း ဘာလို့တအားလောနေတာလဲ၊ မိုင်လေးရာနီးပါးအဝေးမှာနေရင်း တစ်ယောက်အကြောင်းတစ်ယောက် ပီပီပြင်ပြင်မသိဘဲနဲ့ ကျွန်မက ဘာကိုယုံကြည်ပြီး အဖြေပေးရမှာလဲ'

'နှလုံးသားကို ယုံပြီး အဖြေပေးလိုက်ပါ၊ ကျွန်တော်က အရမ်းချစ်တတ်တဲ့လူကောင်းလေးတစ်ယောက်ပါ၊ မယုံရင် ကျွန်တော့် အဖေကို မေးကြည့်မလား'

BURMESE CLASSIC

'ဟွန်း… တော်ပါ၊ ပဝါပါးနဲ့ ကြက်သားမထုပ်ချင်ပါဘူး'

'ကျွပ်ကျွပ်အိတ်နဲ့ ထုပ်ရင်ကော'

'မန္တလေးမှာ ကျွပ်ကျွပ်အိပ် မသုံးရတော့ဘူးရှင့်'

'ဒါဆိုလည်း ရန်ကုန်-မန္တလေး အလှမ်းဝေးတာမှမဟုတ်တာ၊ နေ့ချင်းပေါက်ရောက်တယ်လေ၊ ကျွန်တော့်အကြောင်းသိရအောင် အိမ်မှာတည်းရင်း လာပြီးလေ့လာပါလား သွန်း'

'အမ်မယ်… တော်တော်ကောင်းတဲ့အကြံအစည်ပဲကိုး၊ ကိုကျော်ဇင်ထက် အရမ်းနစ်နာပြီး နာမည်ပျက်မယ့်ကိစ္စမို့ ကျွန်မ မလုပ်ရက်ပါဘူးရှင်'

'ဟဲ… ဟဲ… နာမည်ပျက်ရင်ပျက်ပါစေဗျာ၊ ကျွန်တော် မကြောက်ပါဘူး'

'ကျွန်မ ကြောက်တယ်ရှင့်၊ ကဲ… ဒေါ်လေး လှမ်းခေါ်နေပြီ တာ့တာ'

တစ်ဖက်မှ ဖုန်းချသွားသဖြင့် ကျော်ဇင်ထက် မချင့်မရဲနှင့် ဟက်ကော့ကြီးဖြစ်ကျန်ရစ်ခဲ့သည်။ ထိုစဉ် တရားပွဲသိမ်းပြီး အဖေနှင့် ဘွတ်ကြီးတို့ ပြန်ရောက်လာသည်။

'အဖေ ထမင်းစားပြီးပြီလား'

'အေး… ပြီးပြီ'

www.burmeseclassic.com

www.burmeseclassic.com



'တော်သေးတာပေါ့၊ သားလည်း ဝယ်စားလိုက်တာ အိမ်မှာဘာမှမရှိဘူးလေ၊ ဆိုင်စား ပါဆယ်နဲ့ချိုင့်ဆွဲ သံသရာလည်နေတာပေါ့'

'သိပါတယ်ကွာ၊ ကိုယ့်ဗိုက်တော့ ကိုယ်အငတ်မခံပါဘူး၊ စားနိုင်မှလုပ်နိုင်မှာလေ၊ ငါ့အတွက် မပူပါနဲ့ကွာ'

သားအဖနှစ်ယောက်ကြားထဲ ဘွတ်ကြီးက ဝင်လာ၏။

'ကဲ… ကဲ… ဒီကိစ္စပြေလည်သွားအောင် ဒီသားအဖနှစ်ယောက်မိန်းမယူဖို့ မဲနှိုက်လိုက်ကြရင် မကောင်းဘူးလား'

'ဒီကိစ္စ မဲနှိုက်စရာမလိုပါဘူး ဘွတ်ကြီးရာ၊ ငါပဲ တာဝန်ယူလိုက်မှာပေါ့'

'ဟာ… ကျော်ဇင်ထက် သိပ်မယူချင်ရှာဘူးကိုး၊ ဟင်း… ဟင်း… မိန်းမယူဖို့ဆိုတာ ရည်းစားတော့ ရှိမှဖြစ်မှာနော်၊ မင်းမှာရှိပြီလား'

BURMESE CLASSIC

ကျော်ဇင်ထက်ထံမှ အဖြေမရသဖြင့် ဘွတ်ကြီး စကားဆက်၏။

'မင်းသာအဖြစ်မရှိတာ၊ မင်းအဖေက စွံတယ်ကွ'

'ဟော့ကောင် ဘွတ်ကြီး၊ ဘာစကားပြောတာလဲ'

'မှန်တာပြောတာလေ ဦးလေးရဲ့၊ တရားပွဲတွေမှာ ထမနဲ့နဲ့ကောက်ညှင်းကျည်တောက်လိုက်ရောင်းတဲ့ အဒေါ်ကြီးလေ၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီး ဦးလေးကို ကျနေတာ မသိဘူးမှတ်လား'

'ဘွတ်ကြီး မင်း ပါးစပ်ကို အက်ဆစ်နဲ့ ပလုတ်ကျင်းလိုက်စမ်း'

'ဟား… ဟား… ဟား… မမြင်တာမသိတာကျလို့ ဦးလေးရာ၊ ဦးလေးမို့ ထမနဲ့ဝယ်စားရင် အပိုပေးရတာနဲ့ အဆစ်ပေးရတာနဲ့ ဟင်း… ဟင်း… မပြောချင်ပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း'

အဖေက ဘွတ်ကြီးကို နရင်းအုပ်လိုက်ပြီး…

'လူကြီးကိုများ မခန့်လေးစားနဲ့ ပေါက်ကရလျှောက်ပြောနေတယ်၊ ငါ ဒါမျိုးတွေ စိတ်မဝင်စားဘူး၊ ကဲ… ငါရေချိုးပြီး အိပ်မယ်၊ ခြင်ထောင်ထောင်ထားလိုက်'

အဖေပြောပြီး နောက်ဖေးထွက်သွားတော့မှ ကျော်ဇင်ထက်က ဘွတ်ကြီးအား ဩဘာပေးရသည်။

'ကောင်းတယ်၊ လူကြီးလူကြီးမှန်းမသိ စွတ်နောက်နေတာကိုး၊ အရိုက်ခံရတာတောင် နည်းသေးတယ်'

'ဟဲ… ဟဲ… ငါက မင်းတို့သားအဖေ စားရေးသောက်ရေး နေရေးထိုင်ရေး အဆင်ပြေစေချင်လို့ပါကွာ၊ ဒါနဲ့ မင်းရဲ့သွန်းနဲ့ကော အဆင်ပြေပြီလား၊ အဖြေရပြီလား'

'မရသေးပါဘူးကွာ၊ စဉ်းစားတုန်းပဲ ဆိုပါတော့'

'အနေဝေးတော့ သွေးအေးလိမ့်မယ်၊ မီးနားနားထိုးပေး၊ ခဏခဏ နားပူပေး၊ ဒါမှ သူ့စိတ်ထဲ မင်းရှိနေမှာ၊ ရန်ကုန်ကဆိုလည်း ကောင်းသားကွာ၊ လူချင်းတွေ့ရင်း အပူပေး အအေးခံ ပြန်ချိန်လိုက်ရင် အိုကေသွားမှာ'

'ဘာလဲဟ အပူပေး အအေးခံ ပြန်ချိန်ဆိုတာ၊ မင်း ငါ့ကို ခါတ်ခွဲခန်းဝင်ခိုင်းတာလား'

'ဝေးပါ့ကွာ၊ ဟုတ်တယ်ဟေ့၊ ဟုတ်တယ်၊ နှစ်ယောက်သား ချိန်းတွေ့ပြီး အချစ်ဓာတ်ခွဲခန်းကိုဝင်၊ အာငွေ့ပေးပြီး ထွေးပွေ့နိုင်တာ ဟေ့၊ အထိအတွေ့ဆိုတာ သိပ်အားပြင်းတဲ့ လက်နက်ကွ ဒါလေး တောင် မသိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


'ဟား… ညစ်ပတ်လိုက်တဲ့ ဘွတ်ကြီးကွာ၊ သွား… သွား… ယူကီဆပ်ပြာကရင်စ်တစ်ဘူးဝယ်၊ ပေါင်မုန့်မှာသုတ်ပြီး အဝစားပစ် လိုက်စမ်း'

'မင်းပဲစား၊ ဝက်မသား'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

အလူမီနီယမ် ဒေါက်တိုင်များနှင့် ကိုရီးယားစတိုင်ရွက်ဖျင်တဲ တစ်လုံးကို ဆင်ကြည့်ရင်း ကျော်ဇင်ထက် အလုပ်ရှုပ်နေသည်။ ကုန်တိုက်ကြီးများရှေ့နှင့် မြို့ထဲ စည်ကားရာနေရာများတွင် နေရောင်ကာ ထီးကြီးများအစား ခေါက်ရသိမ်းရ လွယ်ကူသော ဒီလိုရွက်ဖျင်တဲများ ခေတ်စားနေသည် မဟုတ်လား။

ငှားလို့ရတာ အကုန်ငှား၍ စားကြသော သားအဖပီပီ အကွက်မြင်သော ကျော်ဇင်ထက်က ရယ်ဒီမိတ်ရွက်ဖျင်တဲလေးလုံးဝယ်လိုက်၏။ ဘာအခန်းအနားပဲဖြစ်ဖြစ် ကနဖျင်းထိုးစရာမလို။ အမိုးမိုးစရာ မလိုသော လိုရာသုံး တဲများမို့ အသုံးဝင်လှသည်။

တဲလေးလုံးဆက်ထားလိုက်လျှင် လူနှစ်ဆယ်လောက်တော့ အရိပ်ထဲမှာ အေးဆေးထိုင်လို့ရသည်။ ဈေးဦးပေါက်အဖြစ် ရွက်ဖျင်တဲ နှစ်လုံး ငှားလိုက်ရပြီ။ ဒါက ဒီပစ္စည်းငှားဖို့ရှိနေကြောင်း သိစေရန် နမူနာခင်းပြထားခြင်းဖြစ်သည်။

ထိုရွက်ဖျင်တဲအောက်တွင် ခုံတစ်လုံးနှင့် ကျော်ဇင်ထက် ဇိမ်ကျနပ်နေရင်း ဂျာနယ်ဖတ်နေသည်။ ဂျာနယ်ဖတ်၍မှ တစ်ပိုဒ်မကျိုးခင် ဘဲလ်သံဆူညံစွာနှင့် ဆိုက်ကားတစ်စီး ခြံထဲဝင်လာ၏။

www.burmeseclassic.com



ကြည့်လိုက်တော့ အဖေ့ကို ဆိုက်ကားပေါ်တွင် တုံးလုံးလှဲပြီး လိုက်လာတာ တွေ့လိုက်ရသဖြင့် ပူပန်စိတ်နှင့် ပြေးပွေ့ရသည်။

'မကြုံစဖူးကွာ၊ အရက်ဆိုင်မှာ မူးလဲနေတာ တွေ့လို့ခေါ်လာတာ ကျော်ဇင်ထက်၊ မင်းအဖေ အရက်မသောက်တာ ကြာလှပြီ မဟုတ်လား၊ ဘာတွေများ စိတ်ညစ်စရာရှိလို့လဲ မသိဘူး'

ဆိုက်ကားမာစတာ နီတွတ်က ရှည်ရှည်ဝေးဝေး ရှင်းပြရင်း အဖေ့ကို အတူတွဲ၍ အိမ်ထဲပို့ပေး၏။ ကျော်ဇင်ထက်က အဖေ့ကို ခုတင်ပေါ် နေရာချပေးရင်း နီတွတ်ကို ဆိုက်ကားခ တစ်ထောင်ပေးလိုက်၏။

အရက်နံ့တထောင်းထောင်းထွက်နေသောအဖေ လူမှန်းသူမှန်း မသိလောက်အောင် မူးနေသည်။ တဟင်းဟင်း ညည်းညူရင်း ဘယ်ညာလူးလိမ့်နေ၏။ ခဏအကြာမှာတော့ အဖေ နဂါးတစ်ကောင်ဖြစ်သွားသည်။

နဂါးမင်း၏ ခံတွင်းမှ မီးလျှံများ မှုတ်ထုတ်လိုက်သလိုမျိုး အံဖတ်များကို အဖေ မှုတ်ထုတ်၏။ တဝေါ့ဝေါ့ တအော့အော့နှင့် ဆက်တိုက် အံနေသဖြင့် ကျော်ဇင်ထက် ကျောကိုနှိပ်ရင်းပြုစုပေးနေရသည်။

အစာကုန်အောင် အံပြီးနောက် အဖေ အရှပ်ကြီးပြတ် အိပ်ပျော်သွားခဲ့၏။ ကျော်ဇင်ထက်လည်း အဖေ့ကို အဝတ်အစားလဲ၊ အံဖတ်များသုတ်သင်ရှင်းလင်းပေးပြီး စောင်ပါးခြုံ၍ သိပ်ထားလိုက်၏။

အခြေအနေ စောင့်ကြည့်ရင်း ကျော်ဇင်ထက် အတွေးများ ဆုံဖရဲဖြစ်ကုန်ရသည်။ အဖေ ကောက်ကာငင်ကာ ဘာလို့အရက်သောက်ရသလဲဆိုသည့် မေးခွန်းက အဖြေညှိမရသော ပဟေဠိတစ်ခုဖြစ်နေသည်။

ကျော်ဇင်ထက် ငယ်စဉ်ကာလ၊ အဖေနှင့်အမေ ကွဲကာစက

www.burmeseclassic.com

www.burmeseclassic.com



အဖေ အရက်သောက်တာကို ခပ်ရေးရေး မှတ်မိနေ၏။ ကျော်ဇင်ထက် ငါးတန်းရောက်သည့်နှစ်မှစ၍ အဖေ အရက်မသောက်တော့တာ ယနေ့ အထိ၊ အဲလေ မနေ့ကအထိပင်ဖြစ်သည်။

ကြီးကြီးမားမား အကြောင်းတရားတစ်ခုခုတော့ ရှိနေပြီမှန်း သိ၍ ကျော်ဇင်ထက် နေရထိုင်ရတာ မလန်းတော့ချေ။

တွေးတိုင်းသာ အဖြေထွက်မည်ဆိုလျှင် လောကကြီးတွင် ဘာပြဿနာမှ ရှိမည်မဟုတ်တော့သဖြင့် ကျော်ဇင်ထက် အတွေးများ ကို ဘရိတ်အုပ်ရပ်ထားလိုက်၏။ အဖေ အမူးပြေမှပဲ ဒီကိစ္စ အဖြေရှာ တော့မည်။

ညနေစောင်းလောက်မှ အဖေ အိပ်ရာမှ နိုးလာသည်။ ခေါင်း ကိုက်နေပုံရသဖြင့် ခေါင်းကိုလောင်း၍ ရေချိုးစေပြီး လီမွန်တီးနှစ်ထုပ် ဖျော်တိုက်လိုက်သည်။ အဖေ့အတွေးတွေ ဘယ်ကိုရောက်နေသည် မသိ။ အကြည့်ကတော့ အဝေးဆီ ငေးရီနေမှန်း သဲဘောပေါက်ရ၏။ ခဏကြာမှ…

'အဖေ ဘာလို့အရက်သောက်လာသလဲဆိုတာ ငါ့သား သိချင် နေတယ် မဟုတ်လား'

'ဆိုပါတော့ ဖေဖေ၊ ဒါပေမဲ့ မပြောချင်ရင်တော့ အတင်း မေးမှာမဟုတ်ပါဘူး၊ သိသင့်တယ်ထင်မှ ပြောပါ ဖေဖေ'

'အင်း ငါ့သား သိသင့်ပါတယ်၊ နှစ်နှစ်ဆယ်လောက် တည် ငြိမ်အေးချမ်းခဲ့တဲ့ အဖေတို့ဘဝ ဂယက်ထတော့မယ်'

'ဗျာ… ဘာ… ဘာလို့လဲ ဖေဖေ'

'မတွေ့တာသိပ်ကြာနေပြီဖြစ်တဲ့ မိတ်ဆွေဟောင်းတစ် ယောက်နဲ့ အဖေ တွေ့ခဲ့တယ်၊ သူ့ဆီက ကြားရတဲ့သတင်းအရ မင်း အမေ မသေသေးဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ… အမေ… အမေ ဟုတ်လား'

အဖေက လေးတွဲစွာ ခေါင်းညိတ်ပြရင်း…

'သားကို လိုက်ရှာနေတာ ကြာပြီတဲ့'

'ဟာ… ဟုတ်လား၊ အမေက သားကိုလိုက်ရှာနေတယ်၊ ဝမ်း… ဝမ်းသာလိုက်တာဗျာ၊ သားလည်း အမေ့ကို တွေ့ချင်နေတာ'

အမေဆိုသော အသံကြားလိုက်ရသည်နှင့် ကျော်ဇင်ထက်မှာ ဘာကိုမှ သတိမထားမိတော့ဘဲ ဝမ်းသာအားရနှင့် ပြောချင်ရာ စွတ်ပြောပြီး ပြောနေမိသည်။ အဖေ့ထံမှ ဘာမှတ်ချက်မှ မရသဖြင့် ကြည့်မိတော့ မျက်ရည်ဝဲနေသော အဖေ့ကို တွေ့ရ၏။

ကျော်ဇင်ထက် စိတ်မကောင်းဖြစ်သွားရသည်။ တကယ်တော့ အဖေ တစ်ယောက်တည်း သူ့ကိုပြုစုပျိုးထောင်လာခဲ့တာ နှစ်နှစ်ဆယ်ရှိပြီ မဟုတ်လား။ သူ့အသက်ပင် ၂၅ နှစ်ရှိခဲ့ပြီလေ။ အဖေ့ကို အားတုံ့အားနာ ကြည့်ရင်း…

'ဟို… ဟို… သားကိုခွင့်လွှတ်နော်၊ အမေဆိုကဲ့အသံကြားမိတော့ သား စိတ်လှုပ်ရှားသွားလို့ပါ'

'ဖြစ်သင့်ပါတယ်လေ၊ ငါ စိတ်မဆိုးပါဘူး၊ ငါတို့ကို သစ်စိမ်းချိုးချိုးသွားတဲ့ မိန်းမဆိုပေမဲ့ မင်းက အမေတော်နေတဲ့ကောင်ကိုး'

'ဟုတ်… ဟုတ်ကဲ့… သား အမေ့ကို သိပ်တွေ့ချင်တယ် အဖေ၊ နှစ်နှစ်ဆယ်လုံးလုံး ပျောက်နေပြီး သက်ရှိထင်ရှား ရှိနေဆဲပဲဆိုတော့ သားတွေ့ချင်တယ် ဖေဖေ၊ မေမေ ဘယ်မှာနေတာတဲ့လဲ'

'အေး… အဲဒါ သိရမှာစိုးလို့ သတင်းပေးမယ့်သူကို မေးမြန်းဆုတ်ပြီး ငါ အရက်သောက်ခဲ့တာ'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အပေါ် မကောင်းရုံတင်မကဘဲ မင်းကိုပါ ပစ်ထားခဲ့တဲ့ သူကို ဘာလို့တွေ့ချင်နေရတာလဲ'

'အဖေရယ်'

'ခုမှပေါ်လာပြီး ဘာလုပ်ချင်သေးလို့လဲ၊ ငါ့အတွက်ကော မင်းအတွက်ပါ ဒီမိန်းမ မလိုတော့ပါဘူးကွာ၊ မင်းလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ပညာကော အသက်မွေးဝမ်းကြောင်း အလုပ်ပါ ပြည့်စုံနေပြီပဲ'

'ဘာပဲပြောပြော သားအတွက်တော့ အမေဟာ အမေပါပဲ ဖေဖေ'

'နို့ပြတ်ကာစ ကလေးတစ်ယောက်ကို ပစ်ထားရက်တာ အမေလား'

'အဖေပြောတော့ သားကို အုပ်ထိန်းခွင့် အမေ့ဆီ မပေးခဲ့တာဆို'

'ဟော့ကောင်… အမေဆိုတဲ့အသံကြားတာနဲ့ ငါ့ကို အာခံချင်တာလား'

'မဟုတ်ပါဘူး အဖေရယ်၊ အမေက သားတို့ကို လိုက်ရှာနေတယ်ဆိုတဲ့ သတင်းကြားလို့ သနားပြီး တွေ့ချင်တာပါ'

'တော်စမ်းပါကွာ၊ အဲဒီမိန်းမက ငါနဲ့မတော်တဆ ညားပြီး မင်းကိုလည်း မတော်တဆ မွေးခဲ့တာပါကွာ၊ ဘာမှလွမ်းစရာမရှိပါဘူး။ မင်းတွေ့ချင်ရင် ငါသေမှတွေ့'

အဖေက စကားကို အပြတ်ပြောပြီး အပြင်ထွက်သွား၏။ ကျော်ဇင်ထက် ရင်ထဲ ဗလောင်ဆူ၍ ကျန်ခဲ့သည်။ အဖေ့ကိုချစ်သော်လည်း သနားသော်လည်း အဖေ့လုပ်ရပ် မတရားဟု တွေးမိ၏။

မသိခဲ့ရလျှင် အကောင်းသား။ သိပြီးမှတော့ အမေဟူသော

www.burmeseclassic.com

www.burmeseclassic.com



အသိနှင့် နှလုံးသွေးတို့ နွေးထွေးခဲ့ပြီ။ တွေ့ချင်မြင်ချင်စိတ်က ထိန်းမနိုင်သိမ်းမရ ပေါက်ကွဲပွင့်ထွက်လာသည်။ အမေ့မျက်နှာကို စေ့စေ့ကြည့်၍ အမေဟု အားပါးတရ ခေါ်လိုက်ချင်သည်။

မိဘတွေ ဘယ်လိုအဖြစ်နှင့် ကွဲခဲ့ ကွဲခဲ့ အမေနှင့်သားဆိုတာ ရေကိုသား၍ အကြားမထင်သော ပတ်သက်မှုမျိုးမဟုတ်လား။

'တွေ့ချင်လိုက်တာ အမေရယ်'

'ဟား... မင်း ဖားသားက အသည်းမာလှချည်လား'

'အေးကွာ၊ ငါ့မှာ ထီပေါက်ပြီး လက်မှတ်ပျောက်သလိုဖြစ်နေတော့ ဝမ်းသာရမှန်းကို မသိတော့ပါဘူးကွါ'

'နေရပ်လိပ်စာလေး သိရရင်တောင် ရှာဖို့မခက်ဘူး၊ ခုဟာက အပြတ်ကို ဖြတ်ပစ်လိုက်တာ'

ကျော်ဇင်ထက် နေအေးနှင့် ဘွတ်ကြီးတို့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အဖေမူးလာသည့်ကိစ္စအား ပြောဆိုဆွေးနွေးနေကြခြင်းဖြစ်၏။

'မင်းရဲ့ကံကိုက ရှာပုံတော်မင်းသားကြီး ကံဇာတာမျိုးနဲ့ တူပါတယ်ကွာ၊ သွန်းတုန်းကလည်း ရှာလိုက်ရတာဆိုတာ မပြောနဲ့တော့၊ အခုလည်း လာပြန်ပြီ၊ အမေ ပျောက်ရှာရဦးမှာ'

ဘွတ်ကြီး၏ မှတ်ချက်ကို ကျော်ဇင်ထက် ဆို့နင့်စွာနှင့်ဖြည့်စွက်ပြောဆိုလိုက်သည်။

'ငါ အမေ့ကိုရှာရင် အဖေက ငါ့ကိုကွိုင်ရှာမှာ'

'မင်းဘဝကလည်း ခွေးဝမ်းသာအောင် လေလည်ပြသောကို အဟုတ်မှတ်ပြီး ဟိုဟာပဲ စားရတော့မလိုလို တွေးပျော်နေရင်း လေအတိုက်မှာအနံ့ပါပျောက်သွားလို့ ပြန်ခွေအိပ်နေရမယ့်အဖြစ်မျိုးပါလား'

www.burmeseclassic.com

www.burmeseclassic.com


နေအေး၏ ပြစ်ပြစ်နှစ်နှစ် ဥပမာကြောင့် ကျော်ဇင်ထက်မှာ ထအူရတော့မလိုလို ပြာပုံပဲ ဝင်တိုးရမလိုလိုဖြစ်သွားရှာသည်။

'နေအေးရာ ဖြေဆေးလိုလို့နဲ့ သေဆေးပေးပြီး လူနာကို သတ်နေသလိုပါပဲလားကွာ'

'ဟဲ… ဟဲ… မင်း ညှိုးခွေပျော့အိနေလို့ အတာထ ရှူဆေးကြီးပေးကြည့်တာပါ ဟဲ… ဟဲ'

'အခု မင်း ဘာလုပ်မလဲ ကျော်ဇင်ထက်'

'ဘာမှမလုပ်ဘူး ဘွတ်ကြီး၊ ဟိုကောင်ပြောသလို လေတိုက်လို့ အနံ့ပါပျောက်သွားမှတော့ ငါက ဘာလုပ်လို့ရဦးမှာလဲကွ'

'ဒီကိစ္စ ဘွတ်ကြီး ညံ့တာပါကွာ၊ မင်းအဖေနဲ့တွေ့တယ်ဆိုတဲ့ မိတ်ဆွေဟောင်းကို ဒီကောင်က မတွေ့လိုက်ဘူးလား'

'ဟ… ငါက အောက်စက်ပျက်လို့ သွားပြင်တုန်းမှာ လာသွားတာကွ၊ ဘယ်လိုလုပ်တွေ့မှာလဲဟ'

'အေး… ဒါဆို ဒီနေ့က စပြီး ဒီကောင့်အဖေကို အလွတ်မပေးဘဲ ရှုဒိုးလိုက်ကွာ၊ အင်ကွာရီလုပ်ကွာ၊ ငါထင်တာ မမှားဘူးဆိုရင် အဲဒီလူထပ်ပေါ်လာလိမ့်ဦးမယ်၊ သူမပေးလိုက်ရတဲ့ သတင်းတွေလာပေးလိမ့်ဦးမယ်'

နေအေး၏ ကောက်ချက်က ဖြစ်တန်စွမ်းရှိသော စကားဖြစ်နေ၍ ကျော်ဇင်ထက် ဖုတ်ဝင်သော မသာ အလား လှုပ်ရှားလာ၏။

'အေး… ဟုတ်တယ်၊ ဒီကောင်ပြောတာ ဖြစ်နိုင်တယ် ဘွတ်ကြီး၊ ငါ့အဖေကိုလာတွေ့တဲ့လူစိမ်းဆို လုံးဝအလွတ်မပေးနဲ့ သိလား'

'စိတ်ချ၊ ဖမ်းချုပ်ကြိုးတုပ်ပြီး မင်းဆီ ခေါ်ခဲ့မယ်'

'ဟား… ဟား… ဟား… ဟား'

အားပါးတရ ရယ်လိုက်ကြပြီး ခဏငြိမ်သွားကြ၍ ဘွတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



က လေးလေးနက်နက်တွေးနေပြန်သည်။ အကြောင်းမသိလျှင်တော့ ဘွတ်ကြီးပုံစံက အိုဘားမားလို အထင်ကြီးလေးစားချင်စရာ နှစ်လို ဖွယ်ကောင်းနေလေ၏။

'ကျော်ဇင်ထက် မင်း ဗေဒင်လေးဘာလေး တွက်ချက်မေး မြန်းကြည့်လိုက်ပါလား'

မဆီမဆိုင် စလာသော ဘွတ်ကြီး၏ စကားကြောင့် ကျော် ဇင်ထက်နှင့် နေအေး မျက်လုံးမျက်ဆံပါမကျန် ပြုံးလို့ရတာ အကုန် ပြုံးသွားကြ၏။

'ဟား… ကောက်ခါငင်ခါနဲ့ ဘာထဖြစ်ရပြန်တာလဲ ဘွတ် ကြီးရာ၊ ငါက ဘာကိစ္စ ဗေဒင်မေးရမှာလဲ'

'ဒီလိုလေကွာ၊ မင်းခြေထောက်ကျိုးလို့ ဆေးရုံရောက်ပြီးတဲ့ နောက် ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေက အဆင်မှမချောကာ၊ အားလုံးပြေလည်သွားအောင် ဗေဒင်မေးပြီး ယတြာချေလိုက်ကွာ'

'ဘာလဲ၊ မင်းက ကံဇာတာညံ့လို့ ဆေးရုံရောက်တယ်၊ အဲဒီ နောက်ပိုင်း ကမောက်ကမဖြစ်တယ်၊ ဒီလိုဆိုချင်တာလား'

'အေး'

'ဒါဆို မင်း မှားသွားပြီ၊ ငါက အဲလိုမယူဆဘူး'

ကျော်ဇင်ထက်က ပေါ့ပေါ့ပါးပါးပြောလာသဖြင့် နေအေးက သိချင်ဇောနှင့်မေးမြန်း၏။

'မင်းက ဘယ်လိုယူဆလို့လဲ'

'ဆေးရုံရောက်ပြီးမှ ကံကောင်းလာတယ်လို့ပဲ ယူဆထားတာ'

'ဘာဖြစ်လို့လဲ၊ နိမိတ်မကောင်း နမာမကောင်းဟာကို'

'ဒီလိုလေ ဘွတ်ကြီးရဲ့၊ ခြေကျိုးလို့ ဆေးရုံရောက်၊ ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့သာ တစ်သက်တာမြတ်နိုးရမယ့် မိန်းကလေးနဲ့ဆုံခွင့်ရခဲ့တာလေ'

'သြော်… နှာခေါင်းမီးတောက်ခွင့်ရတာကို ကံကောင်းတယ်လို့ ပြောချင်တာပေါ့ ဟုတ်လား ကျော်ဇင်ထက်'

'ဟုတ်တယ်၊ အတိအကျပဲ၊ ပြီးတော့လည်း ရှိသေးတယ်၊ ဘွတ်ကြီး မင်းတို့က ကံဆိုးတယ်လို့ ထင်နေတဲ့အချိန်မှာပဲ ငါ့ဘဝမှာ အလိုအပ်ဆုံးအရာတစ်ခု ရှိနေသေးတယ်ဆိုတဲ့သတင်း ကြားလိုက်ရပြန်တယ်လေ'

'မင်းအမေသတင်းကို ပြောတာလား'

'ဟုတ်တယ် နေအေး၊ ငါတော့ တအားဝမ်းသာပြီး အရမ်းကို ပျော်နေတာ၊ ငါ့ဘဝရဲ့ ကံအကောင်းဆုံးကာလတွေ မကြာခင်ကို ရောက်ရှိလာမယ်လို့ ကြိုသိပြီး ပျော်နေတာ ရှင်းလား'

'ဒါဆိုလည်း စောစောက ဘာလို့မျောက်သေလို မှိုင်နေရတာလဲ'

'မင်းတို့ပေါက်ကရတွေ လျှောက်ပြောမှ ငါတွေးမိတာကိုးကွ'

'အေး ဒါဆိုလည်း ပြီးရော၊ နောက်ကို အကူအညီကောအကြံဉာဏ်ပါ လာမတောင်းနဲ့၊ မင်းဟာမင်း ကံကောင်းခြင်းလက်ဆောင်ကို မျှော်နေ'

'ဟုတ်တယ် ကျော်ဇင်ထက်၊ ဘွတ်ကြီးကိုလည်း အားမကိုးနဲ့၊ ကိုယ့်သဘောကိုယ်ဆောင်ပြီး အခုလက်ဖက်ရည်ဖိုးပါ ရှင်းလိုက်'

'ဟမ်… ဘာမှလဲဆိုင်ပါလား'

ကျော်ဇင်ထက် စကားမဆုံးခင် နှစ်ယောက်စလုံး ထပြေးကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


အခုလည်းကြည့် ဂရေဟမ်ဘဲလ်အစပြုခဲ့သော တယ်လီဖုန်း၏ မျိုးဆက်သစ် CDMA 800 MHz ဖုန်းကို ရင်ဘတ်ပေါ်တင်၊ ခုတင်ပေါ်ပက်လက် လှဲလျောင်းပြီး အလှမ်းဝေးသော မန္တလေးမှ ချစ်ရသူ သွန်းနှင့် နှစ်ကိုယ်ကြား နှစ်နားဆိုသလို စကားပြောခွင့်ရနေသည်မဟုတ်လား။

ဖုန်းပြောနေသော ကျော်ဇင်ထက်၏ မျက်နှာမှာ ဂျေဒိုးနတ်မုန့်ပေါ် အချိုမုန့်တပ်ဖြူးထားသလို အီနောက်အောင်ချိုမြနေ၏။ အနီးမှာသာ ခွေးတစ်ကောင်ရှိလျှင် ကျော်ဇင်ထက် မျက်နှာကို ပြေးလျက်မှာ အမှန်သာဖြစ်သည်။

'သွန်း... နေကောင်းရဲ့လား၊ မနေ့က ဘာလို့ဖုန်းမကိုင်တာလဲ'

'ကိုကျော်ဇင်ထက်ဆက်တဲ့ အချိန်မှာ သွန်း အပြင်သွားနေတာ၊ ဖုန်းက အိမ်မှာကျန်ခဲ့တယ်လေ'

'နောက်ကို သတိထားပါ သွန်းရာ၊ သွားလေရာ ယူသွားနော်၊ ညကလေ နေလည်းမကောင်း၊ အိပ်လို့လည်း မပျော်'

'ဘယ်အချိန်မှာဖြစ်တာလဲ၊ ဆေးခန်းတွေ ပိတ်သွားလို့လား'

'ဟာ... သွန်းကလည်းကွာ၊ သွန်းနဲ့စကားမပြောရလို့ နေမကောင်းတာ'

'ဪ... အဲလိုကြီးလား ဆန်းတယ်နော်'

'မခနဲ့ပါနဲ့ သွန်းရယ်၊ သွန်းက ကိုယ့်အချစ်ကို ပျက်ရယ်ပြုရက်တယ်ပေါ့'

'အဲလိုတော့ မဟုတ်ပါဘူး၊ နောက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ချစ်တယ်လို့ အဖြေပေး'

'ကိုကျော်ဇင်ထက်ရယ်… တစ်ယောက်အကြောင်း တစ်'

'ထစ်နေတဲ့ စီဒီကို မဖွင့်ပါနဲ့တော့၊ ခက်ပြားဟောင်းကို လွှင့်ပစ်လိုက်ပါတော့၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်တောင် သွန်းရဲ့ အခြေအနေကို ဘာမှမသိဘဲ ချစ်ရဲသေးတာပဲ၊ ချစ်ရင်သတ္တိရှိရတယ်'

'အဲဒါ ဘယ်သူပြောသွားတာလဲ'

'ရာဘင်ဒြာနတ်တဂိုးလား၊ ဦးပုညလားပဲ၊ မမှတ်မိတော့ပါဘူး'

'ခစ်… ခစ်… ခစ်… ကိုကျော်ဇင်ထက်နဲ့ စကားပြောရတာ ရယ်ရတယ်'

'ရယ်ချင်တာတစ်ခုတည်းအတွက်ဆိုရင်တော့ လူရွှင်တော် စတားကို စောင့်ကြည့်ပါ သွန်း'

'ကိုကျော်ဇင်ထက်လည်း ခနဲ့တတ်ကာပဲလား'

'ခနဲ့တာ မဟုတ်ဘူး၊ မခံစားနိုင်တော့တာ'

'လက်ဖက်ကောင်းကောင်းစားချင်ရင် ပ…'

'လက်ဖက်ကောင်းကောင်းစားချင်ရင် ဆိုးဆေးမပါတဲ့ လက်ဖက်စားပါ သွန်း၊ ဒီခေတ်ထဲမှာ ပလောင်တွေ တောင်တက်တာ သိပ်မြန်နေပြီ သွန်းရဲ့'

'ဟား… ဘယ်လိုလူကြီးလဲ'

'အဲဒါက သကြိန်သီချင်းလေ'

'ဒီက အကောင်းပြောမလို့'

'ဒါဆို ပြော'

www.burmeseclassic.com

www.burmeseclassic.com


'သင့်တော်တဲ့ အချိန်ကျရင် သွန်းတို့ လူချင်းဆုံကြမယ်လေ၊ အဲဒီအခါကျရင် တစ်ယောက်အခြေအနေ တစ်ယောက်လေ့လာပြီး အဖြေစဉ်းစားမှာပါ၊ မကောင်းဘူးလား'

'ကောင်းတယ်၊ အဲဒီနေ့ကို သတ်မှတ်လိုက်၊ ဖေဖော်ဝါရီလ ၃၁ ရက်လို့တော့ မပြောနဲ့နော်'

'အင်း... အဲဒီနေ့က ရက်ကောင်းဖြစ်ဖို့ အရေးကြီးတယ်၊ နေဦး၊ မန္တလေးက ပုဏ္ဏားတော် ဆရာကြီးတွေဆီမှာ သွားမေးကြည့်လိုက်ဦးမယ်နော်၊ နောက်မှ ပြန်ဆက်မယ် တာ့တာ'

'ဟာ... သွန်း... သွန်း'

တစ်ဖက်က အဆက်အသွယ်မရှိသောအခါ ဖုန်းတစ်လုံး၏ တန်ဖိုးသည် သုညအောက်သို့ပင် ကျဆင်းသွားတတ်ကြောင်း ကျော်ခင်ထက် ကောင်းကောင်းသိသွား၏။

မန္တလေးလမ်းညွှန်မှုတဆင့် သွန်းကိုရှာဖွေတွေ့ရှိပြီး နှစ်လကြာသည်အထိ အခြေအနေက နည်းနည်းလေးမှ တိုးတက်မှုမရှိသေး။ အဖြေကောင်းတိုင်း စဉ်းစားပါရစေဦးဟူသော မဲပြာပုဆိုးပေါ်တွင်သာ ချုပ်ရိုးသစ်များ သီပြတတ်၏။

ထိုသောအခါ ဘွတ်ကြီးပြောသော ပုံပြင်ကိုသာ သတိရပြီး တစ်မြို့ထဲဆိုသော် ကောင်းလေစွဟု တောင့်တမိသည်။

လူချင်းခဏခဏဆုံလျှင် သံယောဇဉ်ရမှတ်တို့ ပိုတိုးလာဖွယ်ရာရှိသည်မဟုတ်လား။ ထိုအခါ အောက်လမ်းနည်းသုံးပြီး ဆွဲစေလိုက်လျှင် အသည်းထိသွားမည်မှာ သေချာသလောက်ရှိ၏။

- ခုတော့...

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက် သက်ပြင်းကိုသာ အညှိုးတကြီး ပစ်ချရင်း အိမ်ရှေ့ထွက်လာခဲ့သည်။ အဖေက ပက်လက်ကုလားထိုင်တစ်လုံးနှင့် ခြံထဲထွက်ထိုင်နေရင်း ညကောင်းကင်ကို မော့ကြည့်ကာ ကြယ်များအား ရေတွက်နေပုံရ၏။

အဖေ အရက်မူးပြန်လာပြီးသည့်နောက်ပိုင်း သားအဖချင်း စကားပြောသည့်အခါ အမေဟူသော စကားလုံးမပါအောင် အထူး သတိထားရှောင်ရှားနေရတာ လွန်စွာပင်ပန်းလွန်းလှ၏။

အဖေက စကားမစသလို ကျော်ဇင်ထက်ကလည်း မမေး။ အင်္ကျီရိုလိုက်နေသော ဘွတ်ကြီးထံမှလည်း ဘာသတင်းမှ မရသဖြင့် တဖြည်းဖြည်းနှင့် အမေက မှုံရီဝေသီ ပျောက်ကွယ်လုနီးနီးဖြစ်လာသည်။

ထိုကဲ့သို့အခြေအနေမျိုးကိုတော့ ကျော်ဇင်ထက် လုံးဝအဖြစ်မခံနိုင်ပါ။ အမေရှိနေမှန်း သိရမှတော့ မတွေ့တွေ့အောင် ရှာရန်သာ ဆုံးဖြတ်ထားသည်။ ဒါကို အဖေ နားလည်ပါစေဟုသာ ဆုတောင်းရ၏။

'အဖေ မနက် ဘာကိစ္စရှိသေးလဲ'

'ထုံးစံအတိုင်းပေါ့ကွာ၊ ရက်လည်မှာ စက်ဖွင့်ပေးရမယ်၊ ပြီးတော့ ဈေးထိပ်က သိမ်အလှူခံမဏ္ဍပ်ကို သွားရမယ်၊ ဒါပဲလေ'

'အင်း... သားလည်း ပစ္စည်းလာငှားမယ့်သူကို ထိုင်စောင့်နေရတာနဲ့ ခြေချုပ်မိနေပြီ၊ အပြင်ထွက်လို့မရတဲ့ အတုံ့တူ လုပ်ငန်းထပ်ချဲ့မလားလို့ စဉ်းစားနေတာ'

'ဘာလုပ်ချင်သေးလို့လဲ သားရဲ့'

'အိုးမကွာ၊ အိမ်မကွာ စီးပွားရေးလေ၊ P.2 Game ထောင်တာပဲဖြစ်ဖြစ် ဗီလီယက်ခုံထောင်တာပဲဖြစ်ဖြစ် ထပ်လုပ်မလားလို့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသားပဲ၊ အရှင်းအနီး ဘယ်လောက်လိုမလဲ'

'ငါးသိန်းခြောက်သိန်းဆို ရပါတယ် အဖေရယ်'

'အင်း… တစ်လလောက်တော့ စောင့်ဦး၊ ရှက်ဖျင်တဲ့ ဖုန်းဝယ်ထားလို့ ငွေသိပ်မပိုဘူးဖြစ်နေတယ်'

'ဟုတ်ကဲ့၊ အရှင်မလိုပါဘူး၊ ဖြည်းဖြည်းလုပ်လည်း ရတဲ့ ကိစ္စပဲဟာ'

'အေးပါကွာ၊ အဖေ့အတွက်ဆိုရင်တော့ မလိုပါဘူး၊ ဒါပေမဲ့ ငါ့သားအခြေကျအောင် မပူမပင်နေရအောင် လုပ်ပေးပါ့မယ်၊ လိုတာတွေ စုံစမ်းထား၊ အဖေ ငွေပြည့်တော့ ပြောမယ်'

'ဟုတ်ကဲ့၊ ဒါဆို သား လက်ဖက်ရည်ဆိုင်ခဏသွားဦးမယ်'

'အင်း… အင်း.. သိပ်ညမနက်စေနဲ့'

'ဟုတ်ကဲ့'

ကျော်ဇင်ထက် အပြင်ထွက်လာတော့ မီးပျက်ညဖြစ်သော်လည်း ထိန်ထိန်သာနေသည့် လပြည့်ဝန်းကြောင့် အလင်းရောင်ကို လုံလောက်စွာရနေ၏။ သို့နှင့် လမင်းကို ကျေးဇူးတင်စွာ မော့ကြည့်ဖြစ်သည်။

ထိုအခါမှ ကျော်ဇင်ထက် အထိတ်တလန့်ဖြစ်သွားရ၏။ လဝန်းမျက်နှာတွင် ငယ်စဉ်ထဲက မြင်တွေ့နေကျဖြစ်သော ဆန်ဖွပ်သည့် အဘိုးအိုနှင့် ယုန်ငယ်ကို မတွေ့ရတော့။

ထိုပုံရိပ်အစား လဝန်းတွင် ထင်ဟပ်နေသည့် အမေ့ပုံရိပ်ကို တွေ့လိုက်ရသည်။ ကျော်ဇင်ထက် မျက်ဝန်းကို ပွတ်သပ်၍ သေချာ ထပ်ကြည့်သောအခါ အမေ့ပုံမဟုတ်တော့ဘဲ သွန်း၏အလှမျက်နှာ ဖြစ်နေတာ တွေ့ရပြန်သည်။

စိတ်စွဲနေသော ပုံရိပ်များ လပြည့်ဝန်းတွင် ထင်ဟပ်နေခြင်း

www.burmeseclassic.com



ဖြစ်ကြောင်း သိလိုက်သဖြင့် ရင်ထဲနုံးချိသွားရပြန်သည်။ ကြာလျှင် သူရူးသွားနိုင်သည်မို့ စိတ်ကူးပုံရိပ်များကို ကြိုးစားဖျောက်ဖျက်ရင်း လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့၏။

နေအေးနှင့် ဘွတ်ကြီးတို့ ရောက်နှင့်နေပြီဖြစ်သည်။ ပေါ့ဆိမ့်ရှယ်ဟု လှမ်းအော်ရင်း ဝင်ထိုင်လိုက်သည်။ နေသားတကျ မဖြစ်မီပင် ဘွတ်ကြီးတော်ကီက နားထဲသို့ ကန့်လန့်ဝင်လာ၏။

'ဟော့ကောင်… အခုကြောင်ကျား မင်းက အီးရော အီးရောလုပ်နေ၊ ကြားထဲက ဘူကောင်စားသွားပြီ'

'ဘာလဲ၊ ဘာတွေလဲ၊ တော်ကီက အစိမ်းကြီးတွေပါလား'

'မစိမ်းအောင် ခပ်ရှင်းရှင်းပြောမယ်၊ နေအေး မိန်းမရတော့မယ်'

'ဟင်'

ကျော်ဇင်ထက် နေအေးကို မယုံသင်္ကာနှင့် ကြည့်လိုက်၏။ နေအေး မျက်နှာထားက အနူတောထဲ ဝင်ထိုင်နေရသော စူပါမော်ဒယ်လို ဂိုက်ပေးကြမ်းလျက်ရှိသဖြင့် များစွာအမြင်ကပ်သွားရသည်။

'သောက်ခွက်က ဘာဖြစ်နေတာလဲ နေအေး'

'သနားတာပေါ့ကွာ၊ မင်းကို သနားလို့ သနားကြည့်ကြည့်တာ'

'ဟာ… ဘလိုင်းကြီးပါလား၊ ငါ့ကို သနားရအောင် မင်းက ဘာကောင်မို့လို့လဲ'

'တစ်ပိုင်းသေလောက်အောင် မိန်းမလိုချင်ပြီး မရတဲ့မင်းကို မကြာခင် မိန်းမရတော့မယ့် ငါက မသနားရဘူးလား၊ ကဲ… ပြော'

'ဒီကြားထဲ မင်း ဘာမှလည်း မလှုပ်ရှားဘဲနဲ့ ဘယ်မိန်းမက မင်းကိုယူမှာလဲ၊ မိန်းမလိုချင်ရင် ရည်းစားတော့ ရှိမှပေါ့ကွ'

'ရည်းစားမရှိဘဲ မိန်းမရတဲ့နည်းကို မင်းမှ မသိတာကိုးကွ'

www.burmeseclassic.com

www.burmeseclassic.com



'အပိုတွေကွာ'

'ကဲပါကွာ၊ ကျော်ဇင်ထက် တော်တော်တင်းနေပြီ၊ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၊ တော်ကြာ ထသတ်နေဦးမယ်'

ဘွတ်ကြီးက နောက်နောက်ပြောင်ပြောင်နှင့် ဖွင့်ဟဝန်ခံခိုင်း၏။ နေအေး မျက်နှာအမူအရာထပ်ချိန်းသွားပြန်သည်။

'အဟင်း… အိမ်ကပေးစားလို့ပါကွာ'

'အဟား… ဟား… ဟား… ဟား… ဟား… ဟား'

နေအေး၏ ဝန်ခံစကားကြားလိုက်တော့ ကျော်ဇင်ထက် လက်ဖက်ရည်သီးအောင် ထရယ်တော့သည်။ နေအေး မျက်နှာငယ်သွား၏။

'ကျော်ဇင်ထက် ဘာထဖြစ်တာလဲ၊ မနောလိုတာလား'

'ဘာကွ၊ မင်းလိုကောင်ကို ငါက မနောလိုဖြစ်ရမယ် ဟုတ်လား၊ ဟား… ဟား… ဟား… ဘာအစွမ်းအစမှမရှိ၊ ရည်းစားတစ်ယောက်တောင်ဖြစ်မြောက်အောင် မရှာနိုင်မှန်းသိလို့ မိဘတွေက သနားပြီး တောကဟာလေးတစ်ယောက်နဲ့ ဆွဲစေ့ပေးစားတာ မဟုတ်လား'

'တောကမဟုတ်ပါဘူး၊ တို့နောက်ဖေးလမ်းကပါ'

'ဘာပဲဖြစ်ဖြစ်လေ၊ မင်းအဖြစ်မရှိတာတော့ အထင်အရှားပဲ မဟုတ်လား'

'အဖြစ်မရှိတာ မဟုတ်ဘူး၊ ရှာရဖွေရကျပ်တည်းတဲ့ခေတ်ကြီးမှာ သူများသားသမီးကို ဒုက္ခမပေးချင်လို့ တမင်ရှောင်တာ'

'ဟုတ်ပါတယ်ကွာ၊ နေအေး တော်ကီ ဘယ်လောက်ကောင်းသလဲဆိုတာ မင်းလည်းသိသားနဲ့၊ မင်းတောင် သူ့ကြောင့် သူ့နဲ့ ခင်မင်ခွင့်ရတာ မဟုတ်လား'

'ဟုတ်ပါတယ်ကွာ၊ ငါက ဒီကောင်ဖွဲ့လို့ ပြန်ပြောနေတာပါဟ

www.burmeseclassic.com


ဘွတ်ကြီးရ၊ နေအေးရဲ့ စည်းရုံးရေး စွမ်းရည်ကို ငါက မသိဘဲနေမလား၊ ကဲ… ပြောစမ်းပါဦး၊ ကောင်မလေးက ဂွတ်ရဲ့လား'

'သိပ်ဂွတ်လှတယ်တော့ မဟုတ်ပါဘူး၊ တည်တည်ငြိမ်ငြိမ်နဲ့ ရှင်းရှင်းသန့်သန့် အေးအေးဆေးဆေးလေး၊ ငါလိုချင်တဲ့ ပုံစံမျိုးပေါ့'

'ဟား… ဒါဆိုပြီးရောပေါ့၊ ကွန်ဂရက်ကျူလေးရှင်း နေအေး၊ တကယ်ပြောတာ၊ ဘာပဲဖြစ်ဖြစ် မင်းဘဝ တည်တည်တန့်တန့်ဖြစ်သွားတာပေါ့၊ အိမ်ထောင်ပြုတယ်ဆိုတာ တို့အရွယ်က အတော်ပဲ၊ သိပ်နောက်ကျလို့လည်း မကောင်းဘူး'

'ဒါဆို မင်းကကော'

'အင်း… ငါကတော့ အမေ့ကို ရှာတွေ့မှပဲ သွန်းကို အဖြေတောင်းတော့မယ်ကွာ'

'ကြားထဲမှာ မဆက်သွယ်ဘဲတော့ မနေနဲ့လေကွာ'

ဘွတ်ကြီးက ကြားထဲမှ ဝင်ပူပေးနေပြန်၏။ ထိုအဆိုကို နေအေးကလည်း ထောက်ခံသည်။

'ဟုတ်တယ်၊ မီးဝေးချိပ်ဖြစ်သွားတတ်တယ်နော်'

'စိတ်ချပါကွာ၊ မင်းတို့ပြောသလို ခဏခဏ မီးပြင်းတိုက်ပေးနေမှာပါ၊ ဦးစားပေးလုပ်ငန်းခေါင်းစဉ်ပြောင်းသွားရုံလောက်ပဲဟာ'

'အေးပါကွာ၊ မင်းအမေနဲ့ အမြန်ပြန်ဆုံနိုင်ပါစေလို့ ဝိုင်းပြီး ဆုတောင်းပေးပါ့မယ်'

အခြေအနေ အပြောင်းအလဲတစ်ခုကြောင့် သူငယ်ချင်းတွေ စိမ်းမသွားကြရန် ပြောဆိုပြီး ထိုညက လမ်းခွဲခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

နံနက် ခြောက်နာရီလောက်ကတည်းက မင်းကွန်းဆရာတော်ဘုရားကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာပို့ တရားခွေကို ဖွင့်ထားခဲ့သည်။ တရားခွေအဆုံး ဈေးလူစည်ချိန်လည်းအရောက် ကွက်တိဖြစ်ချိန်တွင် မိုက်ကိုစကိုင်လိုက်သည်။

'အဟမ်း… ဟမ်း… ဟမ်း ထွိန်…အဟမ်း… ဟဲလို… ဟဲလို… တက်စတင် ဝမ်း တူး သရီး… ဟဲလို… အဟမ်း (နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ)၃။ အဟမ်း ဘုရားကိုးကွယ် တန်ခိုးကြွယ် အပယ်မကျ နိဗ္ဗာန်ရ၊ တရားကိုးကွယ် ပညာကြွယ် အပယ်မကျ နိဗ္ဗာန်ရ၊ သံဃာကိုးကွယ် ဘောဂကြွယ် အပယ်မကျ နိဗ္ဗာန်ရ… အဟမ်း မင်္ဂလာရှိတဲ့ နံနက်မှာ ဒါနနဲ့ပျော်နိုင်ကြပါစေ၊ သီလနဲ့မော်နိုင်ကြပါစေ၊ ဘာဝနာနဲ့ တော်နိုင်ကြပါစေခင်ဗျား'

'ဟုတ်ကဲ့၊ ကျွန်တော်များ မင်္ဂလာသိမ်တော်ကြီးဆောက်လုပ်ရန်အတွက် အလှူခံဌာနကို စတင်ဖွင့်လှစ်ပါပြီခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



စ၍ ဟောလိုက်ပြောလိုက်သည်နှင့် အလှူ့ရှင်များ တအိအိ တဖွဲဖွဲနှင့် ငါးဆယ်တစ်ရာ နှစ်ရာ စသည်ဖြင့် ထည့်ဝင်လှူဒါန်းသွားကြ၏။ ဦးအောင်ထက်မှာ ဤသို့နိဗ္ဗာန်ဆော် သာသနာ့အကျိုးဆောင် လုပ်ရခြင်းကို များစွာနှစ်သက်သဘောကျသူဖြစ်၏။

သူ၏ ရောင့်ရဲတတ်သော စိတ်ဓာတ်နှင့်လည်း ကိုက်ညီ၏။ ဝါသနာလည်းပါ၏။ ဟောရ ပြောရ အလှူခံရတာကိုလည်း ပျော်၏။ ထိုစိတ်ဓာတ်၊ ထိုဝါသနာကြောင့်ပင် ကျော်ဇင်ထက်တို့အမေနှင့် လမ်းခွဲခဲ့ရခြင်းပင်ဖြစ်သည်။ အတိတ်ကို စိတ်ရောက်သွားသဖြင့် ပစ္စုပ္ပန်နှင့် ကင်းကွာသွား၏။ ဘေးလူလက်တို့မှ သတိဝင်လာသည်။

'သြော်… ဟုတ်ကဲ့၊ ကျွန်တော့် ညီမကြီးကလည်း အနန္တော အနန္တငါးပါး ဦးထိပ်ထားလို့ များမြတ်တဲ့ စေတနာနဲ့ အသေအချာ လှူဒါန်းသွားတာက ငါးဆယ်ကျပ်ပါ ခင်ဗျာ၊ နည်းရောင်းများရောင်း တောင်းပြည့်ဆိုသလို သဒ္ဓါတရားကသာအဓိကပါ၊ ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးပေးတယ်ဆိုတာ အထင်အရှားပါပဲ၊ ဒါကြောင့် ကျွန်တော့် ညီမကြီး သဒ္ဓါသီလသုတစာဂပညာ ဟီရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရား ခုနစ်ပါးနဲ့ ပြည့်စုံပါစေဗျာ'

'စိတ်အကြံ့ရှင်ရှင်နဲ့ နိဗ္ဗာန်ဝင်နိုင်ပါစေဗျာ၊ ရည်စိတ်သန်တဲ့ ပြည်နိဗ္ဗာန်ကိုလည်း တက်လှမ်းနိုင်ပါစေဗျာ၊ ထမင်းရည်ချောင်းစီး မောင်းတီးပြီးလှူနိုင်ပါစေဗျာ'

ဟောပြော ရွတ်ဖတ် အလှူခံ ဆုတောင်းနေရလျှင် ထမင်းမေ့ ဟင်းမေ့တတ်သော ဦးအောင်ထက်အား ဘွတ်ကြီးကပင် အစစအရာရာ တာဝန်ယူဖြည့်ဆည်းပေးရ၏။

သက်ဖက်ရည်ချိန် သက်ဖက်ရည် ထမင်းချိန် ထမင်း …စိက်

www.burmeseclassic.com



ကျေးမွေးနေရသည်။ အလျှုခံ မဏ္ဍာပ်က ဈေးထိပ်တွင်ရှိသောကြောင့် ဈေးကွဲချိန်များတွင်တော့ ခဏနားလေ့ရှိ၏။

လက်ဖက်ရည်လာပို့သော ဘွတ်ကြီးအား ဦးအောင်ထက်က တီဗွီပြင်ဆိုင်လွှတ်ပြီး ပြင်ခိုင်းထားသည့် အောက်စက်တစ်လုံးသွားယူခိုင်းသည်။ ထိုအခိုက်တွင် မဏ္ဍာပ်ရှေ့ ကားတစ်စီးဖြတ်မောင်း၏။

ကားပေါ်မှ အလှူ့ရှင်က ငွေတစ်ထောင်ကျပ် လှူဒါန်းသွားသဖြင့် ဆုတောင်းပေးရန် လှမ်းကြည့်လိုက်သည်။ ကားပေါ်မှ အလှူရှင်ကလည်း ဦးအောင်ထက်အား လှမ်းစူးစမ်း၏။

ဦးအောင်ထက် အလန့်တကြား ဖြစ်သွားရသလို အလှူရှင်သည်း တအံ့တသြဖြစ်သွားသည်။ ကားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့ ထိုးရပ်သွားပြီး ဒရိုင်ဘာက အလှူခံမဏ္ဍာပ်သို့ ရောက်သွား၏။

ခဏအကြာတွင်တော့ တစ်ခါက အရင်းနှီးဆုံးသော သူစိမ်းနှစ်ယောက် ဆိုင်ထဲတွင် မျက်နှာချင်းဆိုင် ဆုံတွေ့နေကြ၏။

'ငါထင်တယ်၊ မင်းကို မြင့်မောင် သတင်းပေးတာ မဟုတ်လား'

'ကိုမြင့်မောင်က မိတ်ဆွေကောင်းပဲလေ'

'ခုချိန်ကျမှ မင်း ဘာလာလုပ်တာလဲ သဇင်'

'သားကိုတွေ့ချင်လို့'

'မလိုတော့ပါဘူးကွာ၊ တည်ငြိမ်နေတဲ့ သားဘဝကို ဂယက်ထအောင် မလုပ်ချင်ပါနဲ့'

'အယ်လိုစကားပြောလိုက်တာလဲ ကိုအောင်ထက်၊ သားကိုချင်တစ်ယောက်တည်း မွေးထားတာမို့လို့လား'

'ဒါတွေပြောဖို့ နှစ်နှစ်ဆယ်နောက်ကျသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်မတော့ အဲလိုမယူဆဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် သားကို တွေ့ဖို့ အခွင့်အရေး ကျွန်မမှာ ရှိတယ်'

'အဲဒီအခွင့်အရေးတွေကို မင်းပဲ စွန့်ပစ်သွားခဲ့တာလေ'

'အတိတ်ကို တူးဆွပြီး စကားနိုင်လုရအောင် လာခဲ့တာ မဟုတ်ဘူး'

'ငါကလည်း သားကို မင်းနဲ့ဆုံပေးဖို့ စိတ်ကူးလုံးဝမရှိဘူး'

'ကျွန်မကလည်း လက်လျှော့ဖို့ အစီအစဉ် မရှိဘူး'

'မင်း ဖွတ်လုပ်ရင် ငါတို့သားအဖ ဒီရပ်ကွက်က ထပ်ပြောင်း သွားမှာနော်'

'ရှင်တို့ပြောင်းတဲ့နေရာ ကျွန်မ မရှာနိုင်ဘူးထင်နေလား'

'ကောင်းပြီလေ၊ စမ်းကြည့်ကြတာပေါ့'

ဒါပဲပြောပြီး ဦးအောင်ထက် ကောက်ကာငင်ကာ ထွက်၍ ဆိုက်ကားတစ်စီးပေါ် တက်သွား၏။

ဒေါ်သဇင်ဆိုသူ အမျိုးသမီးကြီးတစ်ယောက်တည်း ငိုင်တွေ ငေးမောရင်း ကျန်ခဲ့တော့သည်။

မာန၊ ဒေါသ၊ နာကျည်းချက်၊ ခံစားမှု၊ ပေါက်ကွဲသံစဉ်တို့ နှင့် မခံချင်စိတ် ဦးစားပေးပြီး ပြောခဲ့ဆိုခဲ့သော်လည်း ပြောသလို မလုပ်နိုင်တာ ဦးအောင်ထက် သိနေ၏။

ဒီအိမ်က ထပ်ပြောင်းပြေးဖို့ဆိုတာ ထင်သလောက်မလွယ်။ သား၏ အနာဂတ်အတွက် ဒီရပ်ကွက်က ရေခံမြေခံကောင်းသည်။ လုပ်ကိုင်ရှာဖွေစားသောက်ဖို့ အကွက်အကွင်းကောင်းသည်။

သားအတွက် စီးပွားရေးကို ရင်းနှီးမြှုပ်နှံထားပြီးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒီအသက်အရွယ်ကျမှ ရေမြေသစ်တစ်ခုကို ပြောင်းရွှေ့အခြေချဖို့ဆို တာမလွယ်ကူတော့။

သို့သော် သားနှင့် သူ့အမေကို ပေးမတွေ့ချင်။ သားကိုခေါ် ဆောင်သွားမည်ဆိုလျှင် သူ ခံစားနိုင်မည်မဟုတ်တော့။ သားကလည်း အမေကို အသည်းအသန်တွေ့ချင်နေတာ သူသိသည်။ နှုတ်ကဖွင့် မပြောတော့သော်လည်း သား၏ မျက်ဝန်းမှတစ်ဆင့် ဦးအောင်ထက် ခံစားသိမြင်နေရသည်။

'စိတ်ရှုပ်လိုက်တာ သခင်ရယ်၊ မင်း ဘာလို့ပြန်ပေါ်လာရ တာလဲ၊ နေတတ်သလို ဆက်နေလိုက်တာ မဟုတ်ဘူး'

မယ်လမုဘုရားဝင်းအတွင်း ဆိတ်ငြိမ်လူရှင်းရာ၌ လှဲလျောင်း လိုက် ထထိုင်လိုက် လမ်းလျှောက်လိုက်နှင့် ဦးအောင်ထက် ဂဏာ မငြိမ် ဖြစ်နေ၏။ သခင် နောက်ယောင်ခံလိုက်လာမည်စိုးသဖြင့်အိမ် မပြန်ဘဲ ဘုရားထဲ လာထိုင်နေခြင်းဖြစ်၏။

အတိတ်သမိုင်း ရုပ်ကြွင်းကို ထုဆစ်ပုံဖော်ကြည့်သောအခါ စိတ်နာစရာ ရိက္ခာများကိုသာ တနင့်တပိုး သတိရမိ၏။ ကောင်းကောင်း နေ ကောင်းကောင်းစား ကောင်းကောင်းသုံးခဲ့ရသော ဒေါ်သခင်မှာ ဦးအောင်ထက်၏ သမရိုးကျ ရှာဖွေကျွေးမွေးမှုကို မရောင့်ရဲနိုင်ခဲ့။

စကတည်းက အိမ်မပြန်ရဲသဖြင့် ခိုးရာလိုက်ခဲ့ရသူအဖို့ ကျပ် တည်းချို့တဲ့မှုများနှင့် ကြုံလာသောအခါ အားမလိုအားမရဖြစ်လာခဲ့ သည်။ သို့နှင့်ပါလာသမျှ ရွှေငွေလက်ဝတ်လက်စားကို အရင်းအနှီး လုပ်၍ အားပေးသောအခါတွင်လည်း ဦးအောင်ထက် လုပ်ကွက်က ရှေးရိုးဆန်၍ စီးပွားမဖြစ်ခဲ့ချေ။

ရောင့်ရဲနိုင်စွမ်းရှိသူ စီးပွားရှာသောအခါ လောဘစိတ်နည်း သဖြင့် အလွဲလွဲအချော်ချော်ဖြစ်၏။ သားလေးမွေးပြီးသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



လောက်လောက်လားလားစီးပွားမဖြစ်သောအခါ ဒေါ်သဇင် စိတ်မရှည်တော့။

သား၏ အနာဂတ်အတွက် ရင်လေးကြောင်း ပြောလာသည်။ ဦးအောင်ထက်၏ ဦးဆောင်မှုကို မယုံကြည်တော့ကြောင်း စကားဆိုလာသည်။ လူတန်းစေ့ထားနိုင်သော ဦးအောင်ထက်ကလည်း သူ တာဝန်ကျေကြောင်း အခိုင်အမာပြောဆိုနေသည်။ သို့နှင့်မျက်နှာချင်းဆိုင်တိုင်း စကားများရန်ဖြစ်ခြင်းက အစဉ်အလာတစ်ခုလို ဖြစ်လာတော့ အိမ်ထောင်ရေး မသာယာနိုင်တော့ပေ။

ထိုအခါ ဦးအောင်ထက် အသောက်ဖက်သို့ လှည့်၍ထွက်ပေါက်ရှာသည်။ အရက်သမား မယားဘွဲ့ထူးကို ပိုင်ဆိုင်လာရသောအခါ ဒေါ်သဇင် ပိုမိုပေါက်ကွဲလာတော့၏။ သားလေးဘဝကိုတော့ အရက်သမားသား အဖြစ်မခံနိုင်ကြောင်း အကျုပ်ကိုင် အရေးဆိုသည်။

မည်သို့မှ ညှိမရတော့သော အိမ်ထောင်ရေးသည် သားကိုကျောင်းစထားသောနှစ်တွင်ပင် အကြီးအကျယ်ပေါက်ကွဲခဲ့တော့၏။ ဒေါ်သဇင်က ကွာမည်ရှင်းမည်အထိ ဖြစ်လာ၏။ ဦးအောင်ထက်က ကွာရှင်းမည်ဆိုလျှင် ကလေးကို မပေးနိုင်ပါဟု အကျုပ်ကိုင်သည်။

ဦးအောင်ထက်အား မည်သို့မျှ အထင်မကြီးတော့သော ဒေါ်သဇင်က ရှေ့မဆက်နိုင်တော့သော အိမ်ထောင်ရေးအတွက် သားကိုပါ စွန့်လွှတ်ပြီး အားလုံးကို ကျောခိုင်းသွားတော့သည်။

ရောင့်ရဲခြင်းနှင့်ဖြစ်သလိုနေတတ်သူ ဆင်းရဲမှာကြောက်သောသူတို့၏ အကွဲအပြဲက မည်သို့မျှ ရင်ကြားစေ့၍ မရဘဲ ကျော်ဇင်ထက်မှာ မြေဇာပင်ဖြစ်ခဲ့ရလေ၏။

အတိတ်၌ထဲက ရုန်းထွက်လာနိုင်သောအခါ မြမှောင်ရီပျိုးနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်၏။ သားနှင့်ဘွတ်ကြီးတို့ စိတ်ပူနေမည်စိုး၍ အိမ်သို့အမြန်ပြန်လာခဲ့သည်။

ထိုအခါမှ ဒေါ်သဇင်တစ်ယောက် ရပ်ကွက်ထဲ ပတ်ရှာပြီး သားကိုဝင်တွေ့သွားပြီလားဟု ပူပန်သွားမိ၏။ စနောင့်စနင်းစိတ်နှင့် အိမ်ထဲအဝင် တီဗွီထိုင်ကြည့်နေသော သားကိုမြင်ရမှ ဦးအောင်ထက် ဘဝင်ကျ၍ ရှင်ပျသွားရလေတော့၏။

လှူအသက်ဆိုသည်မှာ လက်ဖျစ်တစ်တွက် ကာလအတွင်း ဖွတ်ခနဲ ထွက်သွားတတ်ကြောင်း ဆရာဝန်များ သိသလို နာရေးကူညီသူများလည်း သိ၏။ ယခုတော့ ကျော်ဇင်ထက်လည်း သိလာခဲ့ရပြီ။

အလှူနှင့်ရက်လည်တွင် ချက်ရန်ပြုတ်ရန် ဒန်အိုးကြီးများ ဝယ်ပြီးမှ လာငှားကြသူ အများစုမှာ နာရေးအတွက်သာဖြစ်နေတာ တွေ့ရသည်။ အလှူအတွက်က အကန့်အသတ်ရှိနေသလို ဖြစ်နေ၏။ များသောအားဖြင့် ရဟန်းခံရှင်ပြုသာရှိ၍ နွေကျောင်းပိတ်ရက်များတွင် အလှူအတွက် ငှားရ၏။ အခါကြီးရက်ကြီးများတွင် စတုဒိသာကျွေး မွေးလိုသူများက ငှားရမ်းကြ၏။

အုန်းနို့ဆန်ပြုတ် ဘဲသားဆန်ပြုတ် ကြာဇံချက် အစရှိသည် ဖြင့် လှူနိုင်သည့် အဝိုင်းအတာ ချိန်ဆ၍ သင့်တော်သော အိုးကိုငှား ရမ်းကြသည်။ မည်သို့ပင်ဖြစ်စေ ဒီအလုပ်က ထမင်းဝတာတော့ အမှန်ပင်ဖြစ်၏။

သားအဖနှစ်ယောက်လုံး အနေအထိုင်ကျစ်လစ်သဖြင့် ငွေပို ငွေလျှံအနည်းအကျဉ်းပင် စုဆောင်းမိကြသေးသည်။ ဈေးဘကင်း သောဘဝတွင် အပူအပင်မရှိ နေနိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက်က အလှူရှင်တစ်ယောက်ပေးသွားသော ငှား ရမ်းယူဆောင်မည့် ပစ္စည်းစာရင်းကို ဖတ်၍ လိုအပ်သော ပန်းကန်ခွက် ယောက်များ ရှာဖွေစုဆောင်းပြင်ဆင်ထားလိုက်၏။

စာရင်းထဲတွင် ရေနွေးခရားဆယ်လုံးဟုပါသဖြင့် စတိုခန်းထဲ ဝင်ပြီး ရေနွေးခရားများ ရှာဖွေသယ်ယူရသည်။

နောက်ဆုံးလေးလုံးသယ်ပြီးထွက်လာတော့ အိမ်ထဲလူတစ် ယောက်ရောက်နေတာ သိလိုက်၏။ ကောက်ကြောင်းပုံရိပ်အရ မိန်း ကလေးမှန်းသိသော်လည်း အဝင်ဝတံခါးကို ကျောပေးရပ်နေသဖြင့် ရုတ်တရက်မျက်နှာကို မမြင်ရ။

'ဘယ်သူလဲဟင်၊ ပစ္စည်းငှားမလို့လား'

'အင်း'

'ဘာငှားမှာလဲ'

'အသည်းနှလုံး'

'ဟင်'

နွဲ့နှောင်းသော ကောက်ကြောင်းပုံရိပ်က အဝင်တံခါးကို ကျောပေးထားရာမှ ခပ်စောင်းစောင်း အနေအထားသို့ လှည့်လိုက်သဖြင့် ရုပ်သွင်ကို သေချာမြင်လိုက်ရသည်။ ကျော်ဇင်ထက် အကြီးအကျယ် အံ့အားသင့်သွားရ၏။

'အိ… အိတုံ'

'ဟုတ်တယ်၊ အိတုံပါ၊ မှတ်မိသားပဲနော်'

'သူငယ်ချင်းတွေပဲဗျာ၊ မှတ်မိတာပေါ့'

'တော်သေးတာပေါ့၊ မေ့နေပြီလားလို့၊ ထိုင်မယ်နော်'

ညှို့သည်က ခွင့်လည်းတောင်း ထိုင်လည်းထိုင်မို့ ကျော်ဇင် ထက် တားချိန်မရလိုက်တော့။ အိမ်ထဲမှာက မှန်ကုပ်ကုပ်နှင့်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်အိမ်လုံးမှာ သူတို့နှစ်ယောက်တည်း မဟုတ်လား။

'ကိုကျော်ဇင်ထက် နေကောင်းတယ်နော်၊ ဦးလေးကော မရှိဘူးလား'

'နေကောင်းပါတယ်၊ အဖေက အလှူခံမဏ္ဍပ်မှာလေ'

'ဪ… ကိုကျော်ဇင်ထက်တို့က တကယ့်ကို အလုပ်များပြီး မအားလပ်ကြဘူးကိုး'

ကျော်ဇင်ထက်မှာ အလိုက်အထိုက်ပြောနေရသော်လည်း အိတုံကို ဘယ်လိုပြန်လွှတ်ရမလဲဆိုတာ ခေါင်းမီးတောက်အောင် တွေးနေရ၏။

'ဟို… ဟိုလေ… အိတုံက ဘာကိစ္စရှိလို့လဲဟင်'

'ကိစ္စရှိမှပဲ လာရမှာလား၊ သတိရလို့ပေါ့၊ ကိုနေအေးနဲ့လည်း တွေ့ချင်သေးတယ်'

'နေအေး အလုပ်သွားတယ် အိတုံရဲ့'

'ဪ… ဒါနဲ့ ကိုကျော်ဇင်ထက် သွန်းဆီက အဖြေရပြီလား၊ ချစ်သူတွေ ဖြစ်နေကြပြီလား'

'အင်း… ခုထိ အရင်အတိုင်းပဲလို့ ပြောရမယ်ထင်တယ် အိတုံ'

'ထင်တော့ထင်သားပဲ၊ သွန်းက ကိုကျော်ဇင်ထက်ကို စိတ်မှ မဝင်စားတာ၊ ကျွန်မ အစကတည်းက သိတယ်'

'အဲလိုတော့ မဟုတ်ပါဘူး၊ အနေဝေးလို့ အဖြေပေးဖို့တွေ ဝေနေတာပါ'

'ဒုက္ခများလိုက်တာ ကိုကျော်ဇင်ထက်ရယ်၊ မဖြစ်နိုင်တာကို မျှော်ကိုးနေတာက ဖိုးလမင်းဆီက ထမင်းဘီဆမ်း ရွှေလင်ပန်းရလိမ့် နိုးနိုးနဲ့ တောင်းနေတဲ့ ကလေးလို ဖြစ်မနေဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အဲလိုစောင့်စားနေရတာကိုပဲ ကျွန်တော် မက်မောနေမိတာ'

'ဟင်း… ဟင်း… သွန်းကတော့ ဟားတိုက်ရယ်နေမှာပဲ သိလား'

အိတုံထံမှ ဒီစကားကြားရတော့ ကျော်ခင်ထက် နည်းနည်းတင်းသွားသည်။ သူမ ဘာဖြစ်ချင်နေတာလဲ။ ဘာရည်ရွယ်ချက်လဲ။

'ဒီလိုတော့ မပြောပါနဲ့ အိတုံ၊ သွန်းက အိတုံရဲ့ သူငယ်ချင်းပဲ မဟုတ်လား၊ မိတ်ဆွေတွေဆိုတာ ကွယ်ရာမှာ အတင်းမပြောရဘူးလေ'

'အတင်းပြောတာ မဟုတ်ပါဘူး၊ သွန်းရဲ့အကျင့်ကို သိနေလို့ ကိုကျော်ခင်ထက် သတိထားလို့ရအောင် ပြောပြတာပါ'

'ကျေးဇူးတင်တယ် အိတုံ၊ ဪ… ဒါနဲ့ စကားမစပ် ကျွန်တော်ကျောက်ပတ်တီးဖြည်တဲ့နေ့က ဆုံရတဲ့ ဘွတ်ကြီးကို မှတ်မိလား'

'လူမြင်ရင်တော့ မှတ်မိမှာပေါ့'

'သူကလည်း အိတုံကို ခင်မင်ချင်နေတာ၊ သူတို့အိမ်က နောက်လမ်းမှာလေ၊ သွားလည်ကြမလား'

တကယ်တော့ အိမ်ထဲမှာ နှစ်ယောက်တည်းရှိသော အခြေအနေမှ ရှန်းထွက်ရန် ကျော်ခင်ထက် ကြိုးစားလိုက်ခြင်းဖြစ်သည်။ ဒါကို အိတုံ ရိပ်မိလောက်သော်လည်း ငြင်းဆန်ခြင်းဖြင့် လက်မခံနိုင်ကြောင်းပြော၏။

'ဟင့်အင်း… သိပ်လည်းမရင်းနှီးဘဲနဲ့ မသွားချင်ပါဘူး ကိုကျော်ခင်ထက်ရယ်'

အပြတ်ငြင်းသဖြင့် ဘာဆက်လုပ်ရ ပြောရမှန်း မသိအောင် ကျော်ခင်ထက် ခေါင်းစားသွားရ၏။ ဤအရပ်သည် ဆိတ်ကွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည် မဟုတ်လား။ ဆိတ်ကွယ်ရာ အရပ်သည် မကောင်းမှုကို အားပေး၏။ မဖြစ်သင့်သည်များအားလုံး ဖြစ်သွားနိုင်၏။ ထို့ကြောင့် ဤအရပ်ကို စွန့်ခွာရန် ကျော်ဇင်ထက် ကြိုးစားနေခြင်းဖြစ်သည်။ တစ်နည်းမရ နောက်တစ်နည်းပေါ့။

'အိမ်မှာလည်း ဘာမှမရှိဘူး အိတုံရဲ့၊ အအေးဆိုင်သွားပြီး တစ်ခုခုစားရသောက်ရအောင်နော်'

'ရပါတယ်ရှင်၊ အားနာမနေပါနဲ့၊ ကျွန်မက ကိုကျော်ဇင်ထက်နဲ့ တွေ့ချင်လို့ လာခဲ့တဲ့ဥစ္စာ၊ ခုတွေ့နေရပြီပဲလေ'

ကျော်ဇင်ထက် ရူးချင်သလိုလိုဖြစ်သွား၏။ အခြေအနေက အပျော့ဆွဲဆွဲနေလို့ မရတော့တာ သဘောပေါက်သွားသည်။

'အဟင်း... ဒါဆို ကြုံတုန်း အိတုံကို အကူအညီတောင်းရဦးမယ်၊ ကျွန်တော်က သွန်းကိုချစ်ရေးဆိုလိုက်ပြီဆိုတော့ သွန်းနဲ့အိတုံ အဆက်အသွယ်ရရင် ကျွန်တော့်အပေါ် ကိမ်းညွှတ်လာအောင် လော်ပေးပါလား၊ အောင်သွယ်တော်ပေါ့'

အိတုံက ကျော်ဇင်ထက်အား မယုံနိုင်သလို မျက်ဝန်းမျိုးနှင့် ကြည့်သည်။ စိတ်နာသော အပြုံးမျိုး ပြုံး၏။ ကျော်ဇင်ထက်က သူ့အား အပြတ်ငြင်းနေပြီမှန်း ပြတ်ပြတ်သားသားသိသွားပုံရသည်။

'ကိုကျော်ဇင်ထက်က တော်တော်အသည်းမာတာပဲနော်၊ ကျွန်မက သတိတရနဲ့ လာလည်တာလေ၊ အခုတော့ အမောမပြေဘဲ ရင်ဝဆီးကန်သလိုဖြစ်မနေဘူးလား ရှင်'

ကျော်ဇင်ထက်က မအူမလည်နှင့် တုံးချင်ယောင်ဆောင်ရင်း

'အိတုံ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး'

'မိန်းမတစ်ယောက်ဖြစ်ရတာကို ကျွန်မ သိပ်စိတ်ကုန်သွားပြီ၊ ဖြစ်ချင်တာ ဖြစ်ခွင့် ပြောခွင့် ဦးဆောင်ခွင့်မရှိတဲ့ အနေအထား

www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ အိပ်ချင်ယောင်ဆောင်တဲ့သူကို နှိုးရတာ သိပ်ကိုခက်ခဲလွန်းလှပါတယ်ရှင်'

အိတုံ့အပြောကြောင့် ကျော်ဇင်ထက် နှမချင်းစာနာ သနားသွားရသည်။

'ခင်ရာဆွေမျိုးလို့ သဘောထားတတ်တဲ့ အိတုံ့ကို နားလည်ပါတယ်၊ သွန်းလက်ခံအောင်သာ ပြောပေးရင် ကျွန်တော်ကလည်း အိတုံ့ကို ဘော်ဒါတွေနဲ့ မိတ်ဆက်ပေးမယ်လေ'

'ကိုကျော်ဇင်ထက်… ရှင် ကျွန်မကို ပြတ်ပြတ်သားသား တွန်းဖယ်ပထုတ်နေတာ၊ တော်တော်လွန်နေပြီနော်၊ ကျွန်မ သည်းမခံနိုင်တော့ဘူး'

'ဗျာ… ကျွန်တော်… ကျွန်တော်'

အိတုံ့မှာ လူစင်စစ်မှ နဂါးလား ဘီလူးလား ခွဲခြားမရသော ပုံစံမျိုးဖြစ်သွား၏။ မျက်လုံးက အခိုးအလျှံများ ထွက်လာတော့မလိုလို မျက်ထောက်နီကြီးနှင့် စူးစိုက်ကြည့်နေတာ တွေ့လိုက်ရသည်။

'အခု ဒီအိမ်ထဲမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းနော်၊ ကျွန်မ အော်လိုက်ရင် ဒါမှမဟုတ် တစ်ခုခုထလုပ်လိုက်ရင် ဘာတွေဖြစ်ကုန်မယ်ထင်လဲ'

ကျော်ဇင်ထက် မျက်လုံးများ ပြာဝေပြီး မူးမိုက်သွားသလိုပင် ဖြစ်သွားရသည်။ ကယ်သူဝေးသော အနေအထားတွင် ဘုရားတပြီး တန်ခိုးရှင်တစ်ပါးပါး ကိုယ်ထင်ပြရန်သာ ဆုတောင်းရတော့မည်ထင်၏။

'ကဲ… ဘယ်သူပဲမှားမှား၊ ဘယ်သူပဲလွန်လွန် တော်ကြပါတော့ကွယ်'

ကျော်ဇင်ထက်နှင့် အိတုံ့ကြားသို့ တတိယအသံတစ်သံဝင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသဖြင့် နှစ်ယောက်လုံး အသံရှင်အား လှည့်ကြည့်လိုက်မိကြ၏။ အသံရှင် အမျိုးသမီးကြီးကို ကျော်ဇင်ထက် မမြင်ဖူးပါ။ သို့သော်…

'ဟင်… ဒေါ်လေး'

'ဟယ်… အိ… အိတုံ၊ အိတုံပဲကိုး၊ ဒီအသံကို ကြားဖူးပါတယ်လို့ တွေးနေတာ'

အခြေအနေက ရုတ်တရက်ပြောင်းသွား၏။ ကျဉ်းထဲကျပ်ထဲ ရောက်လှဆဲဆဲ ဒုက္ခလှလှတွေ့ရတော့မည့် နောက်ဆုံးအချိန်ကျမှ အချိန်ကိုက်ရောက်လာသော အမျိုးသမီးကြီးကို ကျော်ဇင်ထက် ထိုင်ပြီး ရှိခိုးလိုက်ချင်၏။

ထို့ထက်ပို၍ သိချင်သည်က အိတုံနှင့် ထိုအမျိုးသမီး ဘယ်လို ပတ်သက်နေသလဲဆိုတာပဲ ဖြစ်သည်။ အနေအထားက တော်တော် ရင်းနှီးကြပုံရ၏။

'ဒေါ်လေး ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ'

'ကိစ္စရှိလို့ပေါ့ကွယ်'

'ကိုကျော်ဇင်ထက်နဲ့ သိလို့လား'

'သူကတော့ မသိပါဘူး၊ ဒါနဲ့ စောစောကပြောနေကြတဲ့ စကားတွေထဲမှာ သွန်းဆိုတာ သွန်းဟေမာန်ကို ရည်ညွှန်းတာလား'

ထိုမေးခွန်းကို အိတုံက မဖြေသဖြင့် အမျိုးသမီးကြီးက ကျော်ဇင်ထက်ကို ကြည့်ရင်း မျက်လုံးများနှင့်မေး၏။ ကျော်ဇင်ထက် အဖြေပေးလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ မန္တလေးက သွန်းဟေမာန်ကို ပြောတာပါ၊ ဒေါ်လေးနဲ့ သိလို့လား'

'သွန်းဟေမာန်ဆိုတာ ဒေါ်လေးရဲ့ တူမပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

အိတုံတို့နှင့် ဆက်နွယ်မှုကို အပတ်လည်အောင် သိခွင့်ရလိုက်ပေမယ့် ဖြစ်စဉ်ကို နားမလည်သေး။ အံ့သြခြင်းက လွှမ်းခြုံနေဆဲဖြစ်သည်။

'အိတုံ…သမီး၊ သမီးလုပ်ရပ်တွေက လွန်မနေဘူးလားကွယ်၊ ကိုယ့်ကို စိတ်မဝင်စားတဲ့ ယောကျ်ားတစ်ယောက်ကို ဒီလိုမာယာတွေနဲ့ သိမ်းပိုက်လိုက်ရုံနဲ့ ပိုင်ဆိုင်ခွင့်ရပြီလို့ ထင်ရင် မှားသွားလိမ့်မယ်'

'ဒါ… ဒါ… ကျွန်မ ကိစ္စပါ'

'ဟုတ်ပါတယ်၊ အပြန်အလှန် ချစ်လို့ ယူထားကြတဲ့ အိမ်ထောင်ဖက်တွေတောင် ကွဲကြ ကွာကြ ဖြစ်ကြရသေးတာပဲ၊ မချစ်တဲ့ယောကျ်ားကို ဇွတ်ယူထားရင် သမီးပဲ နောင်တရလိမ့်မယ်'

'အဲလိုနောင်တမျိုးကို ကျွန်မ ကြိုက်တယ်'

'စိတ်ကူးမယဉ်ချင်ပါနဲ့ သမီးရယ်၊ သမီးတို့ပြောတဲ့စကားတွေ ဒေါ်လေး အကုန်ကြားပါတယ်၊ သမီးနဲ့ မေင်ကျော်ဇင်ထက်တို့ ဇာတ်လမ်းက လုံးဝကိုမဖြစ်နိုင်တာ'

'သွန်းနဲ့ယှဉ်လာလို့ အိတုံကို ပထုတ်တာလား ဒေါ်လေး'

ကျော်ဇင်ထက်မှာ ပွဲကြည့်သူသက်သက်ဖြစ်နေရ၏။ သွန်း၏ အဒေါ်ဆိုသူ အမျိုးသမီးကြီး သူ့ထံဘာကြောင့်ရောက်လာသလဲဆိုတာ တွေးမရ။ သွန်းလွှတ်လိုက်တာတော့ မဖြစ်နိုင်မှန်း သူသိသည်။

မည်သို့ပင်ဖြစ်စေ သွန်း၏အဒေါ်က ကျော်ဇင်ထက်ဘာ အတွက်တော့ မေခလာသာဖြစ်၏။ တန်ခိုးရှင်တစ်ပါးလည်းဖြစ်၏ ထိုအမျိုးသမီးကြီးကြောင့် အိတုံတစ်ယောက် သူမ၏ ပက်စက် အကြံအစည်ကို မလုပ်နိုင်တော့ခြင်းပင်ဖြစ်သည်။

'ဒေါ်လေး ဒီကိုလာတာ သွန်းရဲ့အဒေါ်အနေနဲ့လာတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လို့ အိတုံကို ပထုတ်စရာ အကြောင်းမရှိဘူး၊ ဒါပေမဲ့ မောင်ကျော်ဇင် ထက် ဒုက္ခရောက်မယ့် အဖြစ်ကိုတော့ ကာကွယ်ပေးဖို့ တာဝန်ရှိနေတယ်'

'ရှင်'

'ဗျာ'

ပဟေဠိတွေ ဉာဏ်စမ်းတွေသာ ဆက်တိုက်ကြားသိနေရသဖြင့် ကျော်ဇင်ထက်မှာ သူ့ကိုယ်သူ သုတစုံလင်ရှေ့ဉာဏ်ရှင်ပြိုင်ပွဲဝင်တစ်ယောက်ဖြစ်နေသလားဟုပင် ထင်မှတ်မှားသွားရ၏။ အမျိုးသမီးကြီးက မိန့်မိန့်ကြီးပြုံး၍ ကျော်ဇင်ထက်ကို ရှုန်းရှုန်းစားစားကြည့်ရင်း...

'ဒီမှာ သားလေးရဲ့အဖေက ဦးအောင်ထက်လား'

'ဟုတ်... ဟုတ်ပါတယ် ခင်ဗျ'

အမျိုးသမီးကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း မျက်ဝန်းကိုတစ်သျှူးနှင့် တို့၍သုတ်နေသည်။

'ကဲ... အိတုံ၊ ဒေါ်လေး ရှင်းရှင်းပဲ ပြောတော့မယ်၊ မောင်ကျော်ဇင်ထက်ကို မနှောင့်ယှက်ပါနဲ့တော့၊ လွှတ်ပေးလိုက်ပါကွယ်'

'အဲဒီလိုပြောဖို့ အခွင့်အရေး ဒေါ်လေးမှာ မရှိဘူး၊ ဘာမှမဆိုင်ဘဲနဲ့ ကြားဝင်မရှုပ်ပါနဲ့'

'ဆိုင်လို့ ပတ်သတ်လို့ ပြောနေရတာပါ အိတုံ၊ ဘာလို့လဲဆိုတော့ မောင်ကျော်ဇင်ထက်က ဒေါ်လေးရဲ့သားအရင်းဖြစ်နေလို့ပဲ'

'ဗျာ'

'ရှင်'

ကြားလိုက်ရသော စကား၏ ပြင်းအားမှာ အိုးတီနာဝါနှင့်

www.burmeseclassic.com

 www.burmeseclassic.com 

ဟီရိုရှီးမားကို ဖျက်ဆီးခဲ့သော အဏုမြူဗုံးထက် ပိုနေသည်လား မပြောတတ်။ ကျော်ဇင်ထက် ရင်တစ်ခုလုံး ပြောင်းဆန်အောင် တုန်လှုပ်သွားရသည်။

ကျော်ဇင်ထက် တွေ့ချင်မြင်ချင်လွန်းလှသော အမေက သူ့ရှေ့လက်တစ်ကမ်းအကွာမှာ ရောက်နေခဲ့ပြီ။ အံ့သြခြင်းများစွာနှင့် အမေ့ကို မမိုတ်မသုန် ကြည့်နေမိသည်။

'သား'

'မေ… မေမေ… တကယ်ပဲ သားရဲ့ မေမေပါနော်'

'တကယ်ပါ သားရယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က သားတို့နှစ်ယောက်လုံးကို ပစ်ထားခဲ့တဲ့ ဒီမိန်းမကြီးဟာ သားရဲ့မေမေပါ'

'ဟာ… မေမေ… မေမေ'

ကျော်ဇင်ထက်မှာ ဝမ်းသာလွန်းလှသဖြင့် အမေ့ကို ပြေး၍ ထွေးပွေ့ထားလိုက်သည်။ အမေကလည်း ကျော်ဇင်ထက်အား နွေးထွေးစွာ ပြန်လည်ဖက်တွယ်ထား၏။ အမေ့ရင်ခွင်ဆိုတာ ဒါပါလားဟူသော အသိနှင့် လိုက်တက်လာသော ကြည်နူးမှုက မျက်ရည်မိုးကို သွန်းဖြိုးစေသည်ထင့်။

မျိုးဆက်တစ်ဆက်စာမက ဝေးခဲ့ကြရသော သားအမိနှစ်ယောက်၏ ဆုံစည်းမှုကို မယုံကြည်နိုင်စွာ ငေးနေသူက အိတုံသာဖြစ်သည်။ အမေ့ရင်ခွင်၏ နွေးထွေးမှုအရသာကို အတန်ကြာခံစားပြီးမှ အငမ်းမရ မျက်ဝန်းများနှင့် သားအမိနှစ်ယောက် အပြန်အလှန်ကြည့်မိကြပြန်သည်။

'မေမေ… မေမေ… ဟား… ခေါ်လို့ကောင်းလိုက်တာဗျာ၊ သားမှာ အမေခေါ်စရာရှိပြီပေါ့နော်၊ ကြည့်စမ်းပါဦး၊ အမေက ခန့်ခန့်ချောချောနဲ့ တကယ့်ကို ကျက်သရေရှိတာကိုး၊ သားမှာ အငွေ့မ်းပြေကြည့်စရာ အမေဓာတ်ပုံတောင် မရှိဘူး အမေရဲ့၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com


'သားအဖေ ဖျက်ဆီးလိုက်တာ ဖြစ်မှာပါကွယ်'

အလွမ်းဇာတ်ထဲ အတန်ကြာမြောပါသွားပြီးမှ နှစ်ယောက်သား အိတုံကို သတိရသွားကြ၏။ ကျော်ဇင်ထက်က အနှောင့်အသွားမလွတ်သော စကားနှင့် အိတုံကို ရည်ရွယ်၍ ပြောလိုက်၏။

'မိဘကျေးဇူး ဘယ်လောက်ကြီးသလဲဆိုတာ ချက်ချင်းလက်ငင်းကို သိခွင့်ရလိုက်တာပါပဲ မေမေရယ်၊ ဖေဖေ့ရဲ့ ကျေးကျေးဇူးတွေကြီးမားသလို မေမေ့ကြောင့် ဘဝပျက်မယ့် အန္တရာယ်ဆိုးထဲက လက်မတင်လေး လွတ်ခဲ့ရတာပါ၊ ကျေးဇူးတင်လိုက်တာ မေမေရာ'

အိတုံမှာ ပြောစရာ စကားနှင့် နေစရာ နေရာပင်မရှိတော့သဖြင့် ခြေလှမ်းကြမ်းကြီးများနှင့် အိမ်ထဲမှ ထွက်သွား၏။ အမေက အိတုံအား အမှာစကားပါးလိုက်သေးသည်။

'အိတုံရေ လက်လျှော့လိုက်တော့နော်၊ ဒေါ်လေးရဲ့သားကို လင်ပါတူမနဲ့ သေချာပေါက်ပေးစားမှာ၊ ဖိတ်စာပို့လိုက်မယ် သိလား'

ဆယ်ဘီးကားဖြတ်မောင်းသွားသလို ခြေလှမ်းမျိုးနှင့် အိတုံပြေးထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ထိုရက်များအတွင်း အမေနှင့် ပြန်လည်ဆုံစည်းရ၍ ခံစားရသော အပျော်များကို အဖေ မရိပ်မိအောင် ထိန်းသိမ်းရသည်က ရင်ခုန်စရာ ရသတစ်မျိုးလိုဖြစ်နေသည်။

အဖေ့ရှေ့မှာ အလုပ်ကို ဖိဖိစီးစီးလုပ်ပြီး ဝမ်းသာအားရဖြစ်မှုကို မပေါ်လွင်အောင် ဖိသိပ်မျိုချထားရ၏။

ထိုအောင့်လုံးများကို ညဘက်လက်ဖက်ရည်ဆိုင်ထိုင်မှ ဖွင့်ထုတ်ဖြေဖျောက်ရ၏။

'မင်းရဲ့ရှာပုံတော်တစ်ခုကတော့ အောင်မြင်သွားပြီပေါ့'

'ကံတရားက တော်တော်ဆန်းတယ်နော်'

'မင်းအမေ အလှူခံအထည့်မှာ မင်းအဖေနဲ့ ပြန်ဆုံတာတဲ့၊ လက်ဖက်ရည်ဆိုင်မှာ ဆွေးနွေးကြသေးတယ်ဆိုပဲ၊ ဆိုက်ကားသမားရဲ့ စားပွဲထိုးသတင်းရပ်ကွက်က ပြန်ကြားရတာ'

အင်ကွာရီ ဘွတ်ကြီးက ထပ်ဆင့်ရှင်းလင်းသတင်းပေး၏။

'ဟုတ်မှာပေါ့၊ နောက်သုံးရက်လောက်လည်းကြာရော ငါး ရောက်လာတော့တာပဲလေ၊ ဈေးမှာ ကားကိုထားခဲ့ပြီး ဆိုက်ကားသမား ကို ပို့ခိုင်းတာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့သားအဖက ရပ်ကွက်ထဲမှာ လူသိများတာကိုး၊ ရှာရတာ လွယ်သွားတာပေါ့'

'နှစ်နှစ်ဆယ်ကြာမှ ဘာလို့ အသည်းအသန်ရှာရတာလဲ'

'အဖေနဲ့ကွဲပြီး ငါးနှစ်အကြာမှာ အမေက နောက်အိမ်ထောင်ပြုလိုက်တယ်လေ၊ အသက် ၃၀ မှာတဲ့၊ အေး… အဲဒီ ငါ့ရဲ့ပထွေးသေသွားတာ ၃ နှစ်ပဲရှိသေးတယ်တဲ့၊ အမေ့ရဲ့နောက်ယောက်ျားဆုံးမှ ငါ့ကိုလိုက်ရှာခွင့်ရတာလေ၊ ၃ နှစ်ကြာမှ ပြန်တွေ့ကြရတာ'

'ဒါဆို သွန်းက'

'အမေ့ယောက်ျားရဲ့ တူမ'

'ဟား… ကောင်းလှချည်လား၊ မင်းပြောတဲ့ ကံကောင်းခြင်းတွေက ခုမှစုပြုံရောက်လာတာကိုးကွ'

'အေးလေ၊ မင်းပြောသလို ဗေဒင်မေးပြီး ယတြာချေမိရင်တောင် ဒီလောက်ကံကောင်းမှာမဟုတ်ဘူး ဘွတ်ကြီး'

'အင်း… ဘာလိုလိုနဲ့ မင်းတို့နှစ်ယောက်လုံး မိန်းမရဖို့တော်တော်နီးစပ်သွားပြီနော်'

ဝမ်းပန်းတနည်းလေသံနှင့် ဘွတ်ကြီးပြောသဖြင့် ကျော်ဇင်ထက်နှင့်နေအေး ဘွတ်ကြီးကို သနားသွားရသည်။ ဘွတ်ကြီးသာမိန်းမယူလိုက်လျှင် သူ့အမေနှင့် အငယ်မောင်နှမတွေ တသီကြီးဒုက္ခရောက်ဖို့သာ ရှိတာ သူတို့အသိဆုံးဖြစ်၏။

'ကံဆိုတာ ဘယ်သူမှ မမြင်ကြရပါဘူး ဘွတ်ကြီးရာ၊ ကံကောင်းခြင်းလက်ဆောင်တွေ မင်းဆီကိုလည်း ရောက်လာဦးမှာပါ'

'တော်ပါပြီကွာ၊ ဘုန်းကြီးပဲ ဝက်တော့မယ်'

'တကယ်လား ဘွတ်ကြီး၊ ရဟန်းတကာ ဘဘကြီးဖို့တယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ဟား'

'ဟမသိလို့ မေးစမ်းပါရစေ ကျော်ဇင်ထက်ရာ၊ အခုဆို သွန်းရဲ့ မေတ္တာကိုရဖို့ မင်းအမေရဲ့ ဗီတိုအာဏာကို သုံးလိုက်ရုံပဲပေါ့၊ ဟုတ်တယ် မဟုတ်လား'

နေအေး၏ အမေးကို ကျော်ဇင်ထက်က ခေါင်းရမ်းပြီးဖြေ၏။

'နိုး… နိုး… မကောင်းရာ မကောင်းကြောင်းတွေမှ ခေါင်းညိတ်ရတာမျိုး ငါ မလိုချင်ဘူးကွာ့၊ သူ့ရင်ထဲက အချစ်ကိုမှ ထိုက်ထိုက်တန်တန် လိုချင်တာ'

ကျော်ဇင်ထက်၏ ပေါ်လစီကို ဘွတ်ကြီးက ငေါ့တော့တော့ သုံးသပ်၏။

'အောင်မလေးကွာ၊ ဆိုင်ကပဲ ဝယ်ကျွေးကျွေး အိမ်မှာပဲချက်ကျွေးကျွေး စားရဖို့က လိုရင်းပဲ မဟုတ်လား'

'ဟုတ်သားပဲကွာ၊ အပင်ပန်းခံလို့'

'ဒီမယ် နေအေး၊ မင်းက လူကြီးတွေပေးစားလို့ ရယ်ဒီမိတ်စားရသောက်ရမယ့်သူပီပီ သဘော်လာညှိတာလား၊ မရဘူး ကိုယ့်လူ၊ မရဘူး၊ ငါက သားကောင်ကို ကိုယ်တိုင်ပစ်ပြီး ကိုယ်တိုင်အရေခွဲဆုပ်နုပ်နုပ် နုပ်နုပ် စင်းထားတဲ့ အသားကို ကိုယ်တိုင်ချက်ပြီးမှ အားရပါးရ စားပစ်လိုက်ချင်တာကွ'

'ဟေ… အဲဒီလိုလား၊ ဒါဆို မင်း ခုတ်ထစ်ပြီးရင်ပြောငါက မဆလာတို့ နနွင်းတို့ ဖြူးပြီး ပယ်ပယ်နယ်နယ် ကျကျနနနယ်ပေးမယ်ကွာ'

'မင်း နာနေဦးမယ်နော်'

'ဟား… ဟား… ဟား… ဟား'

www.burmeseclassic.com

www.burmeseclassic.com


မေမေက မန္တလေးပြန်တော့မည်ဟု ဖုန်းဆက်ချိန်းဆိုသဖြင့် မေမေညွှန်သော စားသောက်ဆိုင်တွင် ကျော်ဇင်ထက် ထိုင်စောင့်နေ၏။ ချိန်းထားသော အချိန်အတိုင်း အတိအကျ မေမေ ရောက်လာသည်။

သားအမိနှစ်ယောက် စုံညီထိုင်မိသည်နှင့် မေမေ ကြိုတင်မှာထားပုံရသော အစားအသောက်ဟင်းလျာများ တစ်ပွဲပြီးတစ်ပွဲ ရောက်ရှိလာ၏။ စားရင်းသောက်ရင်း စကားပြောဖြစ်ကြသည်။

'မေမေ့ကားနဲ့ပဲ ပြန်မှာလား မေမေ'

'ဟုတ်တယ် သား၊ ဒရိုင်ဘာပါတာပဲဟာ၊ လာတုန်းကလည်း ဒီကားနဲ့ပဲ'

'စိတ်မချဘူး မေမေ'

'ဒါဆို သားလိုက်ခဲ့မလား'

မေမေ့အမေးကို ကျော်ဇင်ထက် ချက်ချင်းပြန်မဖြေနိုင်။

'မေမေ သဘောပေါက်ပါတယ် သားရယ်၊ ဘာမှမပူပါနဲ့၊ အဖော်ကောင်မလေးတစ်ယောက်လည်းပါပါသေးတယ်၊ မေမေက တစ်ယောက်တည်းလာမလား'

'ဟိုရောက်ရောက်ချင်း ဖုန်းဆက်နော် မေမေ'

'စိတ်ချ၊ ဖုန်းဆက်လွန်းလို့ ဟိုလူကြီးနဲ့ဆုံနေဦးမယ်'

'အဲဒါ မေမေ့ယောကျ်ား၊ သားရဲ့ဖေဖေလေ'

'တော်ပါတော့ကွယ်၊ မေမေက သားကိုပဲ တွေ့ချင်တာလေ'

ကျော်ဇင်ထက်မှာ စားကောင်းသောက်ဖွယ်တွေ စားလိုက် မေမေ့မျက်နှာကို ချစ်မြတ်နိုးစွာ ကြည့်လိုက်နှင့် အတိုင်းမသိ ကြည်နူးနေ၏။

'ကဲ··· သား··· သား ဘာဖြစ်ချင်လဲ၊ ဘာလိုချင်လဲ၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်လဲ မေမေ ဘာကူညီရမလဲ ပြော'

'သားမှာ မေမေရှိနေတယ်၊ မေမေနဲ့ ဆုံခွင့်ရတယ်ဆိုတာနဲ့ တင် ပြီးပြည့်စုံသွားပါပြီ မေမေ၊ ဘာမှမလိုတော့ပါဘူး'

'ဟုတ်ရဲ့လား သား၊ သွန်းကို မေမေ ဘာပြောလိုက်ရမလဲ'

'ဟာ... အဲဒါကို သားပြောမလို့၊ မေမေ့ကို မြင်တာနဲ့ အားလုံးမေ့သွားတာ'

'ဟင်း... ဟင်း... မေမေ စိတ်ချမ်းသာအောင် ပြောနေတာ မဟုတ်လား'

'မဟုတ်ပါဘူး မေမေရယ်၊ သား တကယ်ပြောတာပါ၊ သွန်းကို ဘာမှမပြောပါနဲ့ မေမေ၊ သူ့ဆီက မေတ္တာကို သူ့ဘာသာ တုံ့ပြန်တာပဲ သားလိုချင်ပါတယ်'

'သား ဘယ်လိုလုပ်မယ် စိတ်ကူးလဲ'

'သား အားလုံးပြင်ဆင်ပြီး အဖေ့ဆီ ခွင့်တောင်းမယ်၊ ဘုရားဖူးခရီးထွက်မယ်ဆိုပြီးတော့ပေါ့၊ ပြီးမှ မန္တလေးကို လာမယ်၊ တည်းခိုခန်းမှာတည်းမယ်၊ သွန်းကို မရရအောင် လာပိုးမယ်၊ မေမေက မသိချင်ယောင်ဆောင်ပေး၊ သားအမိတော်တယ်ဆိုတာတောင် မသိစေနဲ့'

'အောင်မလေး စိတ်ကူးယဉ်ဇာနဲလှချည်လား သားရယ်'

'လုပ်ပါ မေမေရာ၊ အဲသလို ရင်ခုန်ခွင့်လေးတော့ သားကို ပေးပါ'

'ကောင်းပါပြီ သားရယ်၊ ကောင်းပါပြီ၊ မေမေ သဘောတူပါတယ်၊ ဒါနဲ့ သား ပိုက်ဆံတွေ ဘာတွေလိုသေးလား'

'ဟင့်အင်း မလိုဘူး မေမေ၊ သားတို့မှာ မပေါများပေမယ့် ပြည့်စုံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ယုံပါတယ် သားရယ်၊ မေမေ့အပေါ် မခံချင်စိတ်နဲ့ သား အဖေ အရက်ဖြတ်ပြီး သားကို ဘယ်လိုပြုစုပျိုးထောင်ခဲ့သလဲဆိုတာ သိပါတယ်၊ အခု သားက ဘွဲ့ရပြီး ပိုက်ဆံတောင် ရှာတတ်နေပြီပဲ မဟုတ်လား'

'ဖေဖေနဲ့မေမေ့ရဲ့ ကျေးဇူးတွေ သားအပေါ်မှာ တစ်ပုံကြီးပါ ဗျာ'

'မေမေ့ကျေးဇူးက မပြောပလောက်ပါဘူးကွယ်'

'ဟာ… ဘာလို့မပြောပလောက်ရမှာလဲ၊ မွေးကျေးဇူးဆိုတာ ကြီးကတင် နည်းသလား၊ ပြီးတော့ အိတ်ုရဲ့ လက်ချက်မမိအောင် တယ်တင်ခဲ့တဲ့ ကျေးဇူးကလည်း အကြီးကြီးလေ မေမေရဲ့'

'ဟား… ဟား… ဟား… ဒါတော့ ဟုတ်တယ်နော်၊ အဲဒီနေ့က မေမေသာ ရောက်မလာရင် သား ဘယ်လိုလုပ်မလဲ'

'ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး မေမေ၊ အိတ်ုကို ယူလိုက်ရ မှာ'

'အင်း… ဟုတ်တယ်၊ ကြောက်စရာကောင်းလိုက်တာနော်၊ အခုတော့ လက်လျှော့သွားလောက်ပြီ ထင်ပါတယ်'

'ဒီလိုပဲ ထင်ရတာပဲ မေမေရေ'

'ကဲ… စားပြီးရင် သွားစရာရှိသေးတယ်၊ မေမေနဲ့လိုက်ခဲ့ ဦး၊ ပြီးမှပြန်ပို့ပေးမယ်'

'ဟုတ်ကဲ့'

သို့နှင့် ကျော်ဇင်ထက် မေမေ့နောက်သို့ လိုက်သွားရ၏။ မေမေက ဘဏ်သို့ဝင်ကာ တောင်းတောင်းပန်ပန်နှင့် ဘဏ်စာအုပ် ဖွင့်ပေးရင်း စုငွေသိန်းနှစ်ဆယ်ထည့်ပေးသည်။

ပိုက်ဆံအပုံလိုက်ကြီး ကိုင်သွားရတာလည်း မဟုတ်။ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာညှိုးမှာလည်း စိုးသဖြင့် ကျော်ဇင်ထက် လက်ခံထားလိုက်ရသည်။

အိမ်အပြန် လိုက်ပို့တော့ ဖေဖေနှင့် ဆုံမည်စိုးသဖြင့် နှစ်ရပ်ကွက်မရောက်ခင် ငါးလမ်းမှတ်တိုင်တွင်ပင် ရပ်နိုင်းရ၏။

'ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့လည်း ပြန်ရဦးမှာပေါ့ သားရယ်၊ ဘာပဲဖြစ်ဖြစ် မေမေ မသေခင် သားနဲ့ပြန်တွေ့ရတဲ့အတွက် အရမ်းဝမ်းသာတယ် အားလည်းရှိတယ်၊ ဘယ်လိုအကြောင်းမဲ့ရှိရှိ တိုင်ပင်ဖော်ရရင် ကျေးဖူးတင်နေမယ် သား'

'ဟုတ်ကဲ့ပါ မေမေ၊ သားကလည်း သားမှာ မိစုံဖစုံရှိနေတယ်ဆိုတာ သိရလို့ အတိုင်းမသိ ကြည်နူးပီတိဖြစ်ရပါတယ်၊ မေမေ့ကို ကန်တော့ပါရစေ'

ကားပေါ်တွင်ပင် ဖြစ်သလိုကန်တော့တော့ မေမေ မျက်ရည်ဝေ့သည်။ ပြုံးပြုံးကြီးနှင့် လက်မောင်းကို ဖြစ်ညှစ်အားပေးကာ မေမေ နှုတ်ဆက်ထွက်ခွာသွားတော့၏။

ဆေးဘဲဥသုပ်၊ ဂျင်းသုပ်တို့နှင့် သားအဖတတွေ၏ ရေနွေးကြမ်းဝိုင်းက မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှ၏။ ဘွတ်ကြီးက ရေနွေးကြမ်းမပြတ်အောင် လိုက်ဖြည့်ပေးသလို အသုပ်စုံကိုလည်း သူ့ပါးစပ်ထဲဒလစပ်သွပ်၏။

'မင်း တစ်နေကုန် ဘယ်သွားနေတာလဲ ကျော်ဇင်ထက်'

'တီဗွီဂိမ်းလုပ်ဖို့ ပစ္စည်းတွေ သွားစုံစမ်းတာ အဖေရ'

'ဟုတ်ရဲ့လားကွ'

www.burmeseclassic.com

www.burmeseclassic.com



'အဖေကလည်း သား ဘယ်တုန်းက မဟုတ်တာ လုပ်ဖူးလို့လဲ'

'ဟိုတုန်းကတော့ ဟုတ်ပါတယ်၊ အခု အမေဆိုတဲ့ မိန်းမရဲ့ အနံ့ရပြီး တွေ့ချင်ဇောနဲ့ အနံ့ခံထွက်နေသလားလို့'

'ဟာ... ပေါက်တီးပေါက်ရှာ ဖေဖေရာ၊ မြန်မာပြည်မှာ လူသန်းခြောက်ဆယ်ရှိတယ်၊ ကိုယ်မမြင်ဖူးတဲ့လူကို ဘယ်လို လိုက်ရှာရမှာလဲ'

'ဟုတ်သားပဲ ဦးလေးရာ၊ အဲဒီမိန်းမကြီး ဦးလေးကိုကြောက်လို့ ပြန်ပြေးသွားပြီနေမှာပေါ့'

ကျော်ဇင်ထက် အနေချောင်ရန် ဘွက်ကြီးက ဝင်ရှိုးကာမှ ပိုဆိုးသွား၏။ အဖေက သင်္ကာမကင်း မျက်ဝန်းများနှင့် ကြည့်တော့၏။

'ဘယ်ကမိန်းမကြီးလဲ၊ မင်း ဘာတွေပြောနေတာလဲ'

'ဗျာ... အဟဲ၊ သိဘူးလေ၊ လက်ဖက်ရည်ဆိုင်က ပြောတာပဲ ဦးလေးမိန်းမကြီးတစ်ယောက်နဲ့ ရန်ဖြစ်သလို စကားတွေပြောနေကြတယ်ဆိုလို့'

ခွင့်တည့်တုန်း ကျော်ဇင်ထက်က သူ့အဖေကို ဝင်ကြပ်လိုက်၏။

'အဖေ အဲဒါ ဘယ်ကမိန်းမကြီးလဲ၊ ပြောစမ်းပါဦး၊ အဖေ မိန်းမယူဖို့ ပြင်ဆင်နေပြီလား'

'ဘာကွ၊ မင်း ဘာစကားပြောတာလဲ၊ ငါက ဒီအရွယ်ကြီးကျမှ မိန်းမယူရဦးမှာလား'

'ဒါဆို အဲဒါ ဘယ်သူလဲ'

'မင်း အမေ... အဲ... မင်းအမေရဲ့ သူငယ်ချင်းဆိုတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ ပြောလိုက်တယ်၊ လုံးဝသတင်းမပေးပါနဲ့လို့'

အဖေ လိမ်ပြောနေမှန်း ကျော်ဇင်ထက် သိလိုက်ရပြီ။ အမေက အဖေ့ကို ဝင်တွေ့ပြီးမှ ရပ်ကွက်ထဲ စုံစမ်းပြီး သူ့ဆီလိုက်လာတာ ဖြစ်၏။

'အဖေရာ အဖေက စိတ်ကုန်နေပေမယ့် သားအတွက် အမေလေဗျာ၊ အသက်ရှင်နေရင် တွေ့ချင်တာပေါ့၊ အဖေ့ ကျေးကျေးရှူးကို ဆပ်ချင်သလို အမေ့မွေးကျေးရှူးကိုလည်း ဆပ်ချင်တယ် အဖေ'

ကျော်ဇင်ထက် စကားကြောင့် သူ့အဖေ တွေဝေသွား၏။ ဒါကို အခွင့်ကောင်းယူပြီး စကားတိုက်စစ် အရှိန်မြှင့်လိုက်သည်။

'အဖေတို့ချင်း သဘောထားမတိုက်ဆိုင်တာနဲ့ဘဲ သားက အမေကို အမေလို့ ခေါ်ခွင့်မရှိတော့ဘူးလား'

အဖေ ဘာမှပြန်မပြောဘဲ ဆေးဘဲဥသုပ်သုံးရွှန်းလောက် ပါးစပ်ထဲ ဆင့်ထည့်ပြီး ရေနွေးနှင့်မျှောချနေ၏။

'မိစုံဖစုံရှိတဲ့ သူတွေက တန်ဖိုးမသိလို့ မိဘရဲ့ အရိပ်ကို တန်ဖိုးမထားကြပေမယ့် မရှိလို့ တန်ဖိုးသိတဲ့သားက အမေ့ခြေထောက်ကို ဦးတိုက်ပြီး ကန်တော့ခွင့်ရချင်သေးတယ် အဖေ'

'အေး... အိမ်ကိုရောက်လာရင် မင်း ထိုင်ကန်တော့လိုက်'

ကျော်ဇင်ထက် အဖေက ဘုဆတ်ဆတ်ပြောပြီး ငေါက်ခနဲ ထ၍ အိမ်ထဲသို့ သုတ်ခနဲ ဝင်သွားသည်။ ခြံထဲက လက်ဖက်ရည်ကြမ်းဝိုင်းတွင် ကျော်ဇင်ထက်နှင့် ဘွတ်ကြီးတို့သာ ကျန်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ညအခင်းသည် လမင်း၏ ပုံပိုးမှုနှင့် တင့်တယ် ဝင့်ထယ် ရှချင်စဖွယ်လှပနေလေသည်။ လေနုအေးကလည်း တနော့နော့ နဲ့ လျက်ရှိသဖြင့် သက်တောင့်သက်သာ နေထိုင်ကောင်းသော အခါသမယ လေးဖြစ်နေပြန်သည်။

ထိုထိုသော ညအခင်းသည် လမင်းသက်သက်သာ ဆိုလျှင် တော့ ဤမျှလောက် ဆွတ်ပျံ့ဖွယ်ရာ ကောင်းမည်မဟုတ်။ ယခုတော့ ချစ်ရသူ၏ သာယာသံကပါ ဖြည့်စွက်ပေါင်းစပ်ပေးထားသဖြင့် လှပမှု အပေါင်း ခညောင်းနေသော ညတစ်ညဖြစ်သွားတော့သည်လေ။

ဖေဖေ အိပ်နေပြီဖြစ်၍ ခြံထဲဆင်းကာ စိတ်ကြိုက်ဖုန်းပြော နေသော ကျော်ဇင်ထက် ဟန်ပန်က F.4 ဓာတ်ကားထဲမှ ဂျီဟို၏ စတိုင်မျိုးဖြစ်နေ၏။

ခေါင်းပေးပြောဆိုနေသော ဘာသာရပ်ကလည်း သီချင်းဂီတ အထူးပြုနယ်ပယ်ဖြစ်နေ၍ အမှုအရာကအစ သောကနှင့်ဘယ်တို့ကင်း ဝေးပြီး ပျှိမြစ်နုနယ်နေလေသည်။

'သွန်း… ပန်းသီးစားမလား'

'ဘာလဲ၊ ဖုန်းထဲက ပို့ပေးမလို့လား'

'မဟုတ်ဘူး၊ စုန်းမကြီးနဲ့ ပို့ခိုင်းလိုက်မလို့'

'ဘယ်က စုန်းမကြီးလဲ'

'စနိုးပိုက်ဓာတ်ကားထဲက စုန်းမကြီးလေ'

'ဟင်… ကိုကျော်ဇင်ထက်က သွန်းကိုသေစေချင်နေတာ လား'

'မဟုတ်ဘူးလေ၊ ခုနစ်ရက်လောက်ပဲ အိပ်ပျော်စေချင်တာပါ၊ အဲဒီတော့မှ မင်းသားလေး ကျော်ဇင်ထက် ရောက်လာပြီး အနမ်းချွေ ပိုက်တာနဲ့ သွန်းဆိုတဲ့ မင်းသမီးလေး ပြန်လည်နိုးထလာမှာလေ၊

www.burmeseclassic.com

www.burmeseclassic.com



အဲလို ပန်းသီးမျိုးပါ၊ စားမယ်မဟုတ်လား'

'သွား… စားဘူး'

'သွန်းရယ်… ဘယ်တော့များမှ သွန်းနဲ့ မျက်နှာချင်းဆိုင် စကားပြောခွင့်ရမှာလဲဟင်'

'သိပ်မကြာတော့ပါဘူး ကိုကျော်ဇင်ထက်ရယ်'

'မန္တလေးက ပုဏ္ဏားတော် ဆရာကြီးတွေ အခါမပေးသေးဘူးလား'

'ပေးပါပြီ ကိုကျော်ဇင်ထက်ရယ်'

'ဟင်… ဘယ်နေ့လဲ'

'မြောက်ကိုရီးယားက ချူကာလီးယားလက်နက် မပြန့်ပွားရေး စာအုပ်မှာ လက်မှတ်ထိုးတဲ့နေ့တဲ့၊ ပြီးတော့ အဲဒီနေ့က ရက်ရာစာဖြစ်မှာတဲ့'

'ဟမ်… အဲဒါဆို နဂါးခေါင်းက တောင်ကိုရီးယားဘက် လှည့်တော့မှာပေါ့နော်'

'အဲဒါတော့ မပြောတတ်ဘူး ကိုကျော်ဇင်ထက်ရဲ့၊ ပုဏ္ဏားကြီးက ဘာမှမပြောလိုက်ဘူး'

'သွန်းရယ်… ကိုယ့်ကိုငဲ့ညှာသင့်ပါပြီကွာ'

'ငဲ့ညှာတယ်ဆိုတာ ကျွန်မ မသိသေးဘူး၊ ဒေရှင်နရီထဲမှာ ရှာကြည့်လိုက်ဦးမယ်'

'ကောင်းပြီလေ၊ သွန်းရဲ့ သဘောပါပဲ၊ တစ်ခုတော့ ပြောလိုက်မယ်၊ ငဲ့ညှာတာ တစ်ခုတည်းအတွက်နဲ့တော့ ဒေရှင်နရီလှန်မနေပါနဲ့၊ မကြာခင် လူကိုယ်တိုင် သွန်းရဲ့အနားကို ရောက်လာပြီး ငဲ့ညှာခြင်း၊ စာနာခြင်း စကားလုံးတွေအပြင် အချစ်ဆိုတဲ့ စကားရဲ့ ဒက်ဖနေးရှင်းကိုပါ ကိုယ်လာရှင်းပြမှာပါ၊ ဒါပဲနော် ဘိုင့်ဘိုင်'

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကျကျ စိတ်ပိုင်းဖြတ်ထားပြီးသားကိစ္စတစ်ရပ်ကို အကောင်အထည်ဖော်ရန် သိပ်ကိုသေချာသွားသော ကျော်ဇင်ထက်က စကားကို အနိုင်ပိုင်း၍ ပြောပြီး ဖုန်းချလိုက်တော့၏။

'ငါလည်း လိုက်ချင်တယ်ကွာ'

'ဘယ်ဖြစ်မလဲ ဘွတ်ကြီးရ၊ ငါ မရှိရင် အဖေ့နားမှာ မင်းရှိနေမှ ဖြစ်မှာလေ၊ အလုပ်အတွက်ကော အဖေ့ကျန်းမာရေးအတွက်ပါ မင်းကို လိုအပ်နေတာကွ'

'ဟား… ကွိုင်ပဲကွာ၊ ငါလည်း ခရီးသွားချင်တာပေါ့'

'သည်းခံပါ ဘွတ်ကြီးရာ၊ ငါတို့ ပျားရည်ဆမ်းခရီးထွက်မှ အထုပ်ထမ်းဖို့ လိုက်ခဲ့ပါကွာ'

နေအေး၏ ရွတ်နောက်နောက်စကားကြောင့် ဘွတ်ကြီး ဒေါပွသွားပုံရ၏။

'ဒါဆို မင်းတို့ဘယ်သွားမှာလဲဆိုတာ ဦးလေးကို အမှန်အတိုင်း ဖွင့်ပြောလိုက်မှာနော်'

ဘွတ်ကြီး၏ ခြိမ်းခြောက်မှုကြောင့် ကျော်ဇင်ထက်နှင့်နေအေး ပျာယာခတ်သွားကြ၏။ ဒီကောင်က ဖွတ်ဒရွတ်သမား မဟုတ်လား။

'အဲလိုတော့ မလုပ်ပါနဲ့ကွာ၊ အမေ့ကို သွားတွေ့ရင်း သွန်းဆီက အဖြေတောင်းဖို့ သွားတယ်ဆိုတာသာ သိသွားရင် အဖေနဲ့ငါ့ ဆက်ဆံရေးက ပွဲသိမ်းသွားမှာကွ'

'ဟုတ်ပါတယ်ကွာ၊ ကျော်ဇင်ထက်မျက်နှာကိုလည်း ထောက်ပါဦး'

'ဘာနဲ့ထောက်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com


'ဟမ်… ခွေးမျိုး ဘွတ်ကြီး မင်း မမိုက်ရိုင်းနဲ့နော်'

'မဟုတ်ဘူးလေကွာ၊ မင်းအဖေကို အမှန်အတိုင်း မပြောရဘူးဆိုရင် ငါ့အတွက် ဘယ်လိုအကျိုးအမြတ်ရမှာလဲ'

'ဪ… မင်းက အပေးအယူလုပ်ချင်တယ်ပေါ့'

'ဒါပေါ့ကွ'

'အင်း… ဒါဆို မင်းသေတဲ့အခါ ၄ကပ်ပျောတုံးအပေါက်ဖောက်ပြီး အခေါင်းထဲထည့်ပေးဖို့ နာရေးကူညီမှုအသင်းကို အသနားခံပေးပါ့မယ်ကွာ'

'ဟော့ကောင် မင်း မိုက်ရိုင်းလှချည်လား'

'ဟဲ… ဟဲ… နောက်တာပါကွာ၊ မင်းလိုချင်တာ တောင်းဆိုမှ ပေးနိုင်မပေးနိုင် ငါစဉ်းစားလို့ရမှာပေါ့ကွ'

ကျော်ဇင်ထက်က လေပြေထိုးလိုက်မှ ဘွတ်ကြီးမျက်နှာကြောလျော့သွား၏။ ထို့နောက် ဘာတောင်းဆိုရမလဲဆိုတာ စဉ်းစားဟန်နှင့် မျက်မှောင်ကြုတ်၍ အကြံထုတ်နေလေသည်။ ခဏကြာမှ…

'အင်း… MP4 တစ်လုံးနဲ့ ဘီယာနှစ်ဂျား'

'ဟား… များလှချည်လား ဘွတ်ကြီးရ၊ လျှော့ပါဦး'

'အောင်မာ၊ မင်းလို ဘဏ်အပ်ငွေသိန်းနှစ်ဆယ်ရှိတဲ့ကောင်က ဒီလောက်လေးကိုများတယ်ပြောရလား'

'မင်းကလည်းကွာ၊ အဲဒါ ငါ့ပိုက်ဆံမှ မဟုတ်တာ၊ ပြီးတော့ အဲလိုလည်း ဘဏ်စာအုပ်နဲ့ ထုတ်မသုံးဖူးဘူးကွ'

'ဟုတ်သားပဲ ဘွတ်ကြီးရာ၊ နည်းနည်းလျှော့လိုက်ပါဦး'

'မလျှော့နိုင်ဘူး နေအေး၊ မင်းက အတူလိုက်သွားပြီး အပီတိရမှာ'

ဘွတ်ကြီးအား ဘယ်လိုမှ ဖြောင်းဖြနားချ၍ မရသည့် အဆုံး

www.burmeseclassic.com

www.burmeseclassic.com



သူပြောသည့်ဈေးနှင့်ပင် အပေးအယူကို သဘောတူလိုက်ကြရ၏။ ထိုအခါမှ ဘွတ်ကြီးမျက်နှာကြည်သာရွှင်ပျ ပန်းလိုလှသွား၏။

'အေးနော်၊ မင်းတောင်းတာ အစီအပြင် ငါပေးမယ်၊ လွှဲ ဝှက်ချက်ကိုတော့ အတိအကျ လိုက်နာရမှာ မင်းတာဝန်'

'စိတ်ချစမ်းပါကွာ၊ ဆယ်တန်းရောက်နေတဲ့ ငါ့ညီမ MP4 သာ သုံးနိုင်ရင် သူ့ပညာရေးအတွက် အတော်အထောက်အကူဖြစ်မှာ၊ အဲဒီအတွက် ငါဘာပဲဖြစ်ဖြစ် လုပ်ပေးဖို့ ဝန်မလေးဘူး ဟုတ်ပြီလား'

ဘွတ်ကြီးအပြောကြောင့် ပညာဒါနပါမြောက်မည့် အပေး အယူအတွက် ကျော်ဇင်ထက် မတွန့်တိုမိတော့။

'ဒါနဲ့ ခရီးသွားမယ့် ကိစ္စ မင်းအဖေကို ပြောပြီးပြီလား'

'ဟင့်အင်း… မပြောရသေးဘူး'

'ခွင့်ပြုပါ့မလား ကျော်ဇင်ထက်'

'မပြောတတ်ဘူး နေအေး၊ တားစရာအကြောင်းတော့ မရှိဘူး ထင်တာပဲလေ'

'အမေ အရှာထွက်တာလို့တော့ ထင်မှာပဲ'

'အင်း… မပြေးသော် ကန်ရာရှိနေပြီကိုးကွ'

'သိပ်တော့ မတင်းမာတော့ဘူး ထင်ပါတယ်ကွာ၊ ဟိုနေ့က ပြောပုံကို ကြည့်ပါလား'

'ဟုတ်တယ် ဘွတ်ကြီး၊ ငါပြောတာလည်း မှန်တာပဲ မဟုတ် လား၊ သူ့အတွက် မိန်းမဆိုပေမယ့် ငါ့အတွက်က အမေလေကွာ'

'အေးပါကွာ၊ မှန်ပါတယ်၊ အားလုံး သူ့နည်းသူ့ဟန်နဲ့ မှန်နေ ကြတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်၊ ဘုရားဖူး ဟုတ်လား'

'ဟုတ်ကဲ့'

'ဘယ်ကိုသွားမှာလဲ'

'မန္တလေး၊ ပြင်ဦးလွင်၊ ရွှေလီနဲ့ တရုတ်ပြည် ကြယ်ဂေါင် ဘက်ကိုပါ'

'ဘယ်သူနဲ့ သွားမှာလဲ'

'ဘုရားဖူးကားနဲ့လေ၊ နေအေးပါ လိုက်မှာ'

ဖေဖေက ကျော်ဇင်ထက်အား စေ့စေ့စပ်စပ်ကြည့်ရင်း တွေး နေပုံရ၏။ အချိန်တော်တော်ကြာသည်အထိ ဘာစကားသံမှ ထွက် မလာ။ ကျော်ဇင်ထက် အနေအထိုင်ခက်ပြီး စိတ်ကျဉ်းကျပ်လာရ၏။

'တခြားရည်ရွယ်ချက်ကော ပါသေးလား'

'တခြား ရည်ရွယ်ချက်၊ အဲဒါ ဘာကိုပြောတာလဲ ဖေဖေ'

'ဘုရားပဲဖူးမှာလား၊ လိပ်ဥကော တူးဦးမှာလားလို့မေးတာ'

'ဟာ… ဖေဖေကလည်း ဘုရားဖူးသက်သက်ပါပဲ၊ ဒီ အသက် ဒီအရွယ်အထိ ခပ်ဝေးဝေးခရီးမသွားဖူးဘူးလေ၊ ပြီးတော့ နေအေးကလည်း မိန်းမမယူခင် တစ်နေရာရာကို ခရီးသွားချင်နေတာ'

'မင်းမှာ ပိုက်ဆံကော လုံလုံလောက်လောက် ရှိလို့လား'

'ဟုတ်ကဲ့ ရှိပါတယ် ဖေဖေ၊ နေအေးလည်း အလုပ်ထဲက ဆုကြေးငွေထုတ်ထားလို့ ထောနေတာ အဖေရ'

'အေးလေ၊ မင်းလည်း ဘယ်ကိုမှ ရောက်ဖူးတာ မဟုတ် တော့ သွားချင်လည်းသွားပေါ့၊ အသောက်အစားနဲ့ အပျော်အပါးတော့ မလွန်စေနဲ့'

'ဟုတ်ကဲ့၊ စိတ်ချပါ'

'ဘယ်တော့သွားမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com


'လက်မှတ်ရတဲ့နေ့၊ သူတို့ကားထွက်မယ့်နေ့ပဲပေါ့၊ ဘွတ်ကြီးကိုလည်း သားပြောပြီးပါပြီ၊ သူက ဒီအိမ်က အငှားအရမ်းကိစ္စတွေ တာဝန်ယူလိမ့်မယ် ဖေဖေ'

ပြောစရာကုန်သလို စကားသံတိတ်သွား၏။ ခဏနေမှ

'ဒီကြားထဲ မင်းအမေ မင်းကို လာရှာရင် လွဲသွားမှာပေါ့'

ကျော်ဇင်ထက်မှာ သူ့အဖေ၏ စကားကြောင့် ထိတ်ခနဲရင်ခုန်သွား၏။ တမင်သက်သက် အစ်အောက်စကားနှိုက်သည်လားဟု တွေးရင်း အဖေ့မျက်နှာကို အကဲခတ်ရသည်။ အဖေ့မျက်နှာထားက တွက်ရခက်သော ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်ရခက်နေ၏။

'လာမယ် မလာဘူးဆိုတာ မသေချာဘဲနဲ့ ငုတ်တုပ်ထိုင်မျှော်နေရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိဘူး ဖေဖေ'

'အင်း… ဒါလည်း ဟုတ်တာပါပဲ၊ မင်းက သိပ်တွေ့ချင်နေတယ်ဆိုလို့ပါ၊ လာနေရင် လွဲမှာစိုးလို့'

'ဒါဆိုလည်း သားပြန်လာတဲ့အထိ စောင့်ခိုင်းရင်း ဖေဖေက ထိန်းထားလိုက်ပေါ့'

'ဟေ့ကောင်… ဘာစကားပြောတာလဲ'

'ဟဲ… ဟဲ… နောက်တာပါ ဖေဖေရ၊ ဒါပေမဲ့ မှန်တာပြောရရင် အတူတူယှဉ်တွဲထိုင်နေတဲ့ အဖေနဲ့အမေကို သား ကန်တော့ချင်နေတာ'

'ဟား… ဟား… ဟား… အဲဒီအခွင့်အရေးကိုတော့ ဒီတစ်သက်ရဖို့ မမျှော်လင့်နဲ့၊ လုံးဝမဖြစ်နိုင်ဘူး'

'အင်း… အဖေ့ကိုကြည့်ရတာ အကြီးကြီး စိတ်နာခဲ့တဲ့ပုံပဲ၊ မိန်းမတွေဟာ အဲ့သလိုတွေချည်းပဲလား ဖေဖေ'

'များသောအားဖြင့် ဒီပုံစံတွေချည်းပါပဲကွာ၊ မိန်းမဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ မောဟ၊ မာနနဲ့ တပ်မက်မှုဆိုတာတွေကို သနပ်ခါးလို အမြဲလိမ်းထားကြတဲ့ အပုပ်ကောင်တွေပါကွာ'

'ဟား… ဟား… ဟား… သနပ်ခါးလိမ်းထားတဲ့ အပုပ်ကောင် ဟုတ်လား၊ မိုက်တယ်ဗျာ၊ စကားလုံးအသစ်တွေပဲ၊ ဒါပေမဲ့ သားကတော့ လက်မခံဘူးနော်၊ သားအတွက် မိတ်ကပ်လိမ်းထားတဲ့ အပုပ်ကောင်ကို ရှာရဦးမှာ၊ ဟဲ… ဟဲ'

'ရှာပေါ့၊ အရွယ်ရောက်သူတိုင်း ဒီကိစ္စ ကြုံကြရမှာပဲဟာ၊ မင်းမှာလည်း ကြုံခွင့်ဆုံခွင့်ရှိတာပေါ့'

'ကျေးဇူးပဲ ဖေဖေ၊ သားက ဖေဖေနဲ့တည့်တဲ့ မိန်းမပဲ ရှာမှာပါ'

'ငါနဲ့မတည့်တဲ့သူက ခပ်ရှားရှားပါကွာ'

'အမေတစ်ယောက်တည်းပေါ့ ဟုတ်လား'

'ကဲ… တော်… တော်တော်၊ ဒီဘူတာကိုပဲ ပတ်ပတ်ပြီး ထပ်ဝင်မလာနဲ့၊ မင်းတို့ဘယ်နှစ်ရက်ကြာမှာလဲ'

'သုံးခရီးစဉ်က ဆယ်ရက်တဲ့ ဖေဖေရ'

'အင်း… သွားကြပေါ့၊ အိမ်ထောင်ကျသွားရင် တွက်ချက်နေရတာနဲ့ ဘယ်မှသွားဖြစ်မှာ မဟုတ်ဘူး၊ ကဲ… ငါလည်း အလျှုခံမဏ္ဍပ်ကို သွားတော့မယ်'

ဖေဖေ ထွက်သွားမှ ကျော်ဇင်ထက် သက်ပြင်းရှိုက်လိုက်ရင်း ကျေနပ်စွာ ပြုံးလိုက်၏။

'ကိုယ်လာပြီ သွန်းရေ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

အဆင့်မြင့်လေအိတ် ဘတ်စ်ကားကြီးကိုစီးပြီး သွန်းရှိရာဆီသို့ တရွေ့ရွေ့ တိုးလာနေပြီဟူသော အသိက စီးဆင်းလည်ပတ်နေသော သွေးတို့ကို နွေးထွေးလှုပ်ရှားစေသည်။

ရင်ခုန်ခြင်းခရီးစဉ်သည် စိတ်ခရီးစဉ်ကို အမီလိုက်ရန် မစွမ်းသာခဲ့ပါ။ ကားကြီးက ထောက်ကြံ့လွန်ကာစသာ ရှိသေးသော်လည်း ကျော်ဇင်ထက် အတွေးက မန္တလေးသို့ ရောက်နှင့်နေခဲ့ပြီ။

သွန်းနှင့်ဆုံ၍ ချစ်သမျှကိုပတ်ပျိုးအား ရက်ပ်စတိုင်နှင့် နယူးဗားရှင်းလုပ်ပြီး သီဆိုပြနှင့်နေပြီဖြစ်သည်။

'ဩော်… သွန်းရယ်'

'ခရီးမသွားဖူးလို့လား မသိဘူး၊ သိပ်စိတ်လှုပ်ရှားနေတယ်ကွာ'

နေအေးက ခုံလက်တန်းမှ ခလုပ်ကို နှိပ်၍ ထိုင်ခုံကို နောက်လှန်ချလိုက်ရင်းပြောသည်။ ချစ်သမျှကို ပတ်ပျိုးအား နယူးဗားရှင်းလုပ်နေသော ကျော်ဇင်ထက် အာရုံနောက်သွား၍ ပြုံးစွစွာ ငြည်းရှိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့ ထမင်း ဘယ်မှာ ဝယ်စားကြမလဲ'

'နေအေးရာ မင်းကလည်း တုံးလိုက်တာ၊ ဒီကားရပ်ပေးတဲ့ ဆိုင်မှာပဲ အားလုံးစားကြရမှာ'

'ဪ… ဒီလိုလား၊ အဆင်ပြေသားပဲ၊ မန္တလေးကို ဘယ်အချိန်ဝင်မလဲ မသိဘူး'

'ဟိုမှာကြည့်၊ စာရေးထားတယ်၊ အချိန်မမေးပါနှင့်တဲ့၊ ရှင်းလား'

ကျော်ဇင်ထက်က ကားခေါင်းခန်းတွင် ကပ်ထားသော စာတန်းအား ညွှန်ပြပြောလိုက်၏။ နေအေး ဇက်ပုပြီး ငြိမ်သွားပြန်သည်။ ထိုအခိုက် ဗညားဟန်၏ အသံကို ကြားလိုက်ရသည်။

'အင်း… ဗညားဟန်လည်း ဘုရားဖူးထွက်လာတာ ထင်တယ်'

ထိုသို့တော့ မဟုတ်ပါ။ ကားစပယ်ယာက အောက်စက်နှင့် တီဗွီကို ဖွင့်လိုက်သဖြင့် ဗညားဟန်၏ ဝါဆိုမိုး သီချင်းသံကို ကြားလိုက်ရခြင်းဖြစ်သည်။

ကျော်ဇင်ထက်နှင့် နေအေးမှာ ရှုခင်းကြည့်လိုက်၊ တီဗီကြည့်လိုက်နှင့် ဓိမ်ခံလိုက်ပါလာရင်း အိပ်ငိုက်ပြီး အိပ်ပျော်သွားကြတော့၏။ မည်မျှကြာသွားသည်မသိ။ လှုပ်လှုပ်ရှားရှားအသံများကြား၍ လန့်နိုးလာသောအခါ ညစာစားရမည့်နေရာတွင် ကားဆိုက်ထားပြီးဖြစ်တာ သိကြရသည်။

အများနည်းတူ ကားပေါ်မှဆင်း အပေါ့အပါးသွား မျက်နှာသစ်ပြီး စားသောက်ဆိုင်ထဲ ဝင်ခဲ့ကြ၏။ မျက်စိလျှင်သော နေအေးက ဘာတွေရသလဲဆိုတာ အကဲခတ်ပြီး ဝိစကီတစ်ပြားမှာလိုက်သည်။

ကျော်ဇင်ထက်လည်း အလိုတူ အလိုပါဖြစ်နေ၍ ဘာမှပြော

www.burmeseclassic.com

www.burmeseclassic.com


မနေတော့ဘဲ အရက်တစ်ပြားကို ပြိုင်ပွဲဝင်သလို သောက်၍ ထမင်းကိုလည်း ကသုတ်ကရက်စားကြရသည်။ ထမင်းလုံးစီ၍ ခံတွင်းအချဉ်ပြေ စီးကရက်တစ်လိပ်စီဖွာနေစဉ်မှာပင် ကားဆီ ခရီးသည်များ နေရာယူကြရန် စပီကာနှင့် ကြေငြာသံအား ကြားကြရသည်။

အပြေးအလွှား အပေါ့ထပ်သွားရင်း ကားပေါ်ပြန်တက်ခဲ့ကြရသည်။ လေအိပ်ကားကြီး ငြိမ့်ငြိမ့်ငြောင်းငြောင်း ခရီးဆက်ပြန်၏။ သောက်ထားသည့်အရှိန်နှင့် ကား၏ငြိမ့်ငြောင်းမှု ပေါင်း၍ နှစ်ယောက်သား ကောင်းနေကြတော့သည်။

မြန်မာဗွီဒီယိုဇာတ်ကားပြနေသည်ကို မဖြစ်မနေကြည့်ရင်း ကား၏ သယ်ဆောင်ရာနောက် ကောက်ကောက်ပါလာခဲ့ကြသည်။

ညနက်လာသည်နှင့်အမျှ ကားအဲကွန်း၏ အအေးဓာတ်က အစွမ်းပြလာ၏။ ခေါင်းထက်ဆီသို့ တည့်တည့်လာသော အအေးဒဏ်ကို ကြံ့ကြံ့ခံရန် တရုတ်ကပ်လို ခလုတ်လေးများကို နေရာရွှေ့သော်လည်း မထူးခြား အေးမြဲအေးလျက်ပင်။ နောက်ဆုံးခရီးဆောင်အိတ်ထဲမှ ဂျာကင်ထုတ်ဝတ်၊ မျက်နှာသုတ်ပဝါခေါင်းပေါင်းထားတော့မှ နေသာထိုင်သာ အိပ်ပျော်သွားကြတော့၏။

ဝီစကီ အရှိန်နှင့် ပိုးစိုးပက်စက် အိပ်ပျော်သွားကြရာ စပယ်ယာလာနှိုးမှ မနက်လင်းပြီး မန္တလေးရောက်နေတာ သိလိုက်ကြရ၏။ စပယ်ယာပေးသွားသော တစ်ခါသုံး သွားပွတ်တံသွားတိုက်ဆေးနှင့် စနိုးတာဝါကို ယူ၊ ရေသန့်ဘူးကိုဆွဲ၊ အိပ်ကိုယ်စီလွယ်ရင်း ကားပေါ်မှ ဆင်းခဲ့ကြရ၏။

ကားဝင်းထဲတွင် သန့်ရှင်းရေးကိစ္စများ ဆောင်ရွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်၍ မြို့ ခရီးဆက်ရန် စနည်းနာကြသည်။ ကားသွားမရသေးသော ဒေသသစ်မြင်ကွင်းက ဆွဲဆောင်မှုရှိစွာ နှစ်လိုဖွယ်ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ချမ်းအေး မန္တလေးကိုတော့ ခြေချခွင့်ရခဲ့ပြီ။ ထူးခြားသော ဝိသေသဖြစ်သည့် ဖုံထူ ခြင်ကိုက် အလွန်အိုက်၏' ဟူသော အရသာကိုခံစားကြည့်ကြဖို့သာ ရှိတော့သည်လေ။

'ဘယ်လိုလဲ ကျော်ဇင်ထက်၊ ကျွန်တော် ကျွန်တော်လို့ပြော တဲ့ မန္တလေးသူလေးတွေလည်း မတွေ့ပါလား'

'မင်း ရောက်နေတာ သိလို့ပုန်းနေတာ နေမှာပေါ့'

'ပေါက်ကရတွေကွာ၊ ငါရောက်တာသိရင် ပန်းကုံးစွပ်ပြီး ကြိုမှာ'

'ပန်းကုံးတော့ မပြောတတ်ဘူး၊ ပန်းခွေနဲ့ဆို ပိုလိုက်တယ်'

'ပန်းခွေက မင်းဖို့၊ ကဲ… ဟော့ကောင် အချိန်ဆွဲမနေနဲ့၊ ဆယ်ရက်အတွင်း အပြေပေါ်အောင် လုပ်ရမှာ၊ ချီတက်ကြစို့'

နေအေး သတိပေးသဖြင့် ကားတစ်စီးငှားကာ သွန်းတို့လိပ်စာနှင့် အနီးဆုံးတည်းခိုခန်းသို့ ပို့ခိုင်းရသည်။ မနက်ရှစ်နာရီနေသည် ပင်လျှင် ငါးခြောက်လှန်းသလို ခံစားနေကြရပြီ။

တည်းခိုခန်းတွင် နေရာချ၊ ရေမိုးချိုးခဏနားကာ သွန်းတို့အိမ်ဆီ ထွက်လာကြ၏။ သိပ်မရှာရဘဲ အလွယ်တကူ ရောက်ခဲ့ကြသော် လည်း အိမ်တွင် ဘယ်သူမှ မရှိ။ Show room သွားကြသည်ပြော၍ ကားငှားပြီး ခရီးဆက်ရပြန်သည်။

သွန်းတို့ ရွှေခြည်ထိုးလုပ်ငန်းတည်ရာမှာ လမ်း ၈၀ ပေါ်တွင် ရှိပြီး ခမ်းနားထည်ဝါသော သုံးထပ်တိုက်တစ်လုံးဖြစ်၏။ ထိုတိုက်နှင့် မျက်နှာချင်းဆိုင်ရှိ စားသောက်ဆိုင်တွင် ထိုင်ရင်း အခြေအနေကို အကဲခတ်ရ၏။

ဆိုင်ထဲမှ သွန်းကို မသဲမကွဲ လှမ်းမြင်ရသည်။ မေမေ့ကိုမူ မတွေ့ရ။ နေအေး၏ ဖုန်းနှင့် သွန်းကိုလှမ်းခေါ်လိုက်သည်။ ကျော်ဇင်

www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ သွန်းကို ရှုစားရင်း ဖုန်းပြောနေရသဖြင့် ကိုယ့်ကိုယ်ကိုယ် ကိုရီးယားမင်းသားလို အထင်ရောက် စိတ်ကြီးဝင်ကာ ကျေနပ်နေ၏။ သွန်းကတော့ ဘာမှမသိရှာ။

'ဟဲလို… ကိုနေအေးလား'

'ဖုန်းနံပါတ် မှတ်မိသားပဲ၊ နေအေးမဟုတ်ဘူး၊ ကိုယ်… ကျော်ဇင်ထက်ပါ သွန်းရဲ့'

'ဩော်… ကိုကျော်ဇင်ထက်၊ မြောက်ကိုရီးယားတွေ ဟိုစာချုပ်မှာ လက်မှတ်ထိုးတဲ့သတင်း တီဗွီက လွှင့်သွားပြီလား'

'အင်း… လွှင့်သွားပြီလေ၊ မြောက်ကိုရီးယားတင်မကဘူး၊ အီရန်ကလည်း သူ့ရဲ့နျူလက်နက်အစီအစဉ်ကို စွန့်လွှတ်ပြီး လက်မှတ်ထိုးလိုက်ပြီလေ၊ အခုကမ္ဘာကြီး ငြိမ်းချမ်းသွားပြီဆိုတော့ ကိုယ့်ရင်လည်း ငြိမ်းချမ်းအေးမြချင်ပြီ သွန်းရယ်'

'အင်း… ဘယ်လိုပြောရမလဲ ကိုကျော်ဇင်ထက်ရယ်'

'အခုအတိုင်း ဖုန်းနဲ့ပဲ ပြောလေ'

'သွန်းလေ ဒေါ်လေးကို ပြောပြတိုင်ပင်ကြည့်တယ် သိလား'

'ဒေါ်လေးက ဘာပြောလဲ'

'ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့၊ တကယ်ကြိုက်ရင် သူလိုက်လာလိမ့်မယ်တဲ့၊ အဲဒီတော့မှ အကဲခပ်စဉ်းစားပေါ့တဲ့'

'ဟုတ်လား၊ သွန်းရဲ့ဒေါ်လေးက သိပ်တော်တာပဲနော်'

'သွန်းလည်း အဲလိုပဲ တွေးနေမိတယ်၊ ဂလိုဘယ်ခေတ်ကြီး ထဲမှာ ဖုန်းနဲ့ပြောတာ သဘာဝကျပေမယ့် နွေးထွေးမှု မရှိသလိုပဲ'

'ကိုယ်တော့ နွေးထွေးရုံမကဘူး၊ အိုက်တောင်အိုက်နေပြီ မန္တလေးက တော်တော်ပူတာပဲနော်'

ကျော်ဇင်ထက် စကားကြောင့် အနားက နေအေး တခွိခွိ ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ကိုကျော်ဇင်ထက် မန္တလေးရောက်နေတာလား'

'ဟုတ်တယ် သွန်း၊ အခု ပုဏ္ဏားတော်ဗေဒင်ဆရာကြီးဆီမှာ ဗေဒင်မေးရင်း ဖုန်းဆက်လိုက်တာ၊ ဗေဒင်အလိုအရတော့ မကြာခင်မှာ အဖြေရလိမ့်မယ်တဲ့ သွန်းရဲ့၊ အဲဒီဗေဒင်က သိပ်မှန်တာပဲလို့လည်း ပြောကြတယ်'

'အံမယ်… ဒီက ဗေဒင်မယုံပါဘူးနော်၊ မန္တလေးရောက်နေတယ်ဆိုတာလည်း ညာပြောတာ မဟုတ်လား'

'သြော်… သွန်းက မယုံဘူးကိုး၊ ကဲ… သွန်းရဲ့နောက်မှာရှိတဲ့ ရွှေခြည်ထိုးပန်းချီကားကြီးက ဆင်ရုပ်ကြီး သွန်းက ဖက်ဖူးရောင်ဝမ်းဆက်ဝတ်ထားတယ်၊ အဲဒါ ဟုတ်သလား'

သွန်းက အလန့်တကြားနှင့်နောက်က ပန်းချီကားကို လှည့်ကြည့်သလို သူ့ကိုယ်သူလည်း ငုံ့ကြည့်၏။ ထို့နောက် ဆိုင်ပြင်သို့လှမ်းကြည့်ပြီး ဟိုရှာဒီရှာ ရှာသည်။ လမ်းပေါ်တွင် ကားများက အစုံအဆန်ဥဒဟို ဖြတ်သန်းနေကြသဖြင့် ကျော်ဇင်ထက်တို့အား သွန်း မတွေ့ရှာပေ။

'သွန်း… သွန်းရဲ့ ဒေါ်လေးကို ပြောလိုက်၊ သွန်းကိုလက်ထပ်ဖို့ ကိုယ်ရောက်လာပြီလို့'

'ကိုကျော်ဇင်ထက် ဘယ်မှာလဲ၊ လယ်က ဆက်နေတာလဲ'

'သွန်းတို့ဆိုင်ရှေ့က စားသောက်ဆိုင်ထဲမှာလေ၊ နေအေးလည်းပါတယ်၊ သွန်း ထွက်လာခဲ့ပါလား၊ သွန်းလက်လေးကိုကိုင် သွန်းမျက်နှာကိုကြည့်ပြီး သွန်းပြောလာမယ့် ချစ်အဖြေကို နားထောင်ရအောင်လေ၊ လာခဲ့နော် ဒါပဲ'

ဖုန်းပိတ်ပြီး နေအေးကိုပေးလိုက်၏။ သွန်း ဆိုင်ထဲတွင် ယှာယာခတ်နေတာကို လှမ်းမြင်ရသည်။ ခဏအကြာမှာတော့ သွန်း ထွက်

www.burmeseclassic.com

www.burmeseclassic.com


လာတာတွေ့ရ၏။ မန္တလာ၏ နေ့ခင်းတွင် လမင်းသာသလို အေးချမ်းသွားသည်။

လမ်းကို သွက်သွက်ဖြတ်ကူးလာသော သွန်း၏အလှက ရင်ကိုအေးမြစေသလို ကြက်သီးဖြန်းဖြန်းထစေ၏။

လူကိုယ်တိုင်အား ပက်ပင်းမြင်နေရသည့်တိုင် မယုံမရဲဖြစ်နေသည့် သွန်းလက်ကို ဆွဲ၍ ထိုင်ခိုင်းလိုက်ရသည်။

'တကယ်... ဒါ တကယ်ပဲလား ကိုကျော်ဇင်ထက်ရယ်'

'တကယ်ပါ သွန်း၊ တကယ့်အဖြစ်အပျက်ပါ၊ မျက်စိမှိတ်ပြီး ယုံလိုက်လို့ရပါတယ် သွန်းရယ်'

သွန်းထံမှ အဖြေမရ။ ကျော်ဇင်ထက်နှင့်နေအေးကိုသာ တစ်လှည့်စီ ကြည့်နေရှာသည်။ နေအေးက...

'ဟိတ်... သွန်းဟောမာန် အတိတ်မေ့သလို မမှတ်မိသလိုတော့ မလုပ်နဲ့နော်၊ တို့တွေက မန္တလေးမှာ အသိရှိတာ မဟုတ်ဘူးနော်'

သွန်းမှာ အံ့အားတသင့်နှင့် ကြည်နူးရင်ခုန်နေသဖြင့် ရုတ်တရက် စကားမပြောနိုင်ရှာ။

'သွန်းလေ သွန်း မယုံနိုင်သလိုကို ဖြစ်နေတာ၊ ကိုကျော်ဇင်ထက် လိုက်လာမယ်လို့ လုံးဝထင်မထားဘူး'

'ဟဲ... ဟဲ... သွန်းဟောမာန် လက်ကို ဆိတ်ကြည့်လိုက်လေ၊ ဒါမှမဟုတ် ငါဆိတ်ပေးရမလား'

နေအေးက ပြောပြောဆိုဆို လက်ရွယ်လိုက်တော့မှ သွန်းက

'ယုံပြီ ယုံပြီ ကိုနေအေး၊ ဟဲ... ဟဲ... အခုဘယ်မှာတည်းကြလဲ'

'ဟောဗျာ၊ သွန်းကို အားကိုးပြီးလာတာ၊ သွန်းတို့အိမ်မှာ တည်းမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ကွ၊ မြန်မြန်ပြန်စေချင်ရင် မြန်မြန်အဖြေပေးလိုက်၊ ဒါမှ ဒီကောင်ကြီး စိတ်အေးမှာ၊ သွန်းဟေမာန်လည်း အကြာကြီး တင်ကျွေးမထားရဘူးပေါ့'

'ဟယ်… အဲလိုကြီးတော့ ဘယ်ဖြစ်မလဲ၊ ဒေါ်လေးက ဘယ်လက်ခံမှာလဲ၊ မဖြစ်နိုင်ပါဘူး'

'ဟား… ဟား… ဟား… သိပ်လည်း စိတ်ပူမနေပါနဲ့ သွန်းရယ်၊ ကိုယ်တို့ ငွေနေးတည်းခိုခန်းမှာ တည်းတာပါ၊ ဒါပေမဲ့ ဟိုဟိုဒီဒီ လျှောက်လည်ဖို့ ဒေါ်လေးနဲ့ မိတ်ဆက်ဖို့ လက်ထပ်ဖို့ကိစ္စ ဆွေးနွေးတာတို့ကတော့ သွန်းကူညီမှ ဖြစ်မှာနော်'

'အံ့မယ် ဘောင်ကျော်အဆင့်ကျော်ပြီး ဘာတွေပြောနေတာလဲ၊ ဘယ်သူက အဖြေပေးသေးလို့လဲ'

'သွန်းရယ်… အားနွဲ့တဲ့အသည်းနုနု ယောကျ်ားလေးတစ်ယောက်က သွန်းမျက်နှာတစ်ရွာမှတ်ပြီး အရဲစွန့်လိုက်လာခဲ့ပြီးမှ ကိုယ့်ကို မလှည့်စားနဲ့နော်၊ ဒီမှာ မျက်စိသူငယ် နားသူငယ်နဲ့ လူကုန်ကူးတဲ့ သူတွေနဲ့တွေ့ပြီး တရုတ်ပြည်ဘက် ရောင်းစားခံလိုက်ရရင် ဘယ်လို လုပ်မလဲ'

'အောင်မလေး ကောက်ညှင်းကမစေးဘဲ ဆန်ကြမ်းကစေးနေ လိုက်တာများ တကယ်ပါပဲ'

'ဟာ… သွန်းကလည်း ကိုယ်က ဆန်ကြမ်းဆိုပေမယ့် ဆန် သစ်ပေါ်ကာစလေးလေ၊ ပြီးတော့ ပေါင်းအိုးနဲ့ချက်ထားတာ စေးတာ ပေါ့'

'ဟင်း… ရန်ကုန်အကြွား မန္တလေးစကားဆိုပေမယ့် ရန်ကုန် သားက စကားတွေတတ်နေလိုက်တာများ၊ ကဲ… ဆိုင်ကိုလိုက်ခဲ့ကြ ဒေါ်လေးနဲ့ မိတ်ဆက်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'သွန်း… တကယ်နော်'

'အင်း'

သောက်ထားသမျှ ငွေရှင်းပြီး အတူတူထွက်ခဲ့ကြ၏။ နေအေးက လက်လှမ်းဆွဲပြီး တီးတိုးမှာသည်။

'ဟော့ကောင်… မင်းအမေနဲ့တွေ့ရင် ဣန္ဒြေမပျက်စေနဲ့နော်'

'အေးပါ'

ခမ်းနားထည်ဝါသော အပြင်အဆင် အရှိန်အဝါပြင်းလှသော ကြွယ်ဝမှုအား ကိုယ်စားပြုသည့် ဆိုင်အတွင်း ဧည့်ခန်းကြီးထဲတွင် မေမေနှင့်ဆုံရသည်။ သားအမိနှစ်ယောက် မင်သေသေနှင့် ဣန္ဒြေရနေကြ၏။ သွန်းက…

'ဒေါ်လေး… သူတို့က ရန်ကုန်က လာလည်ကြတာ၊ သွန်း ရန်ကုန်မှာဆေးရုံတက်တုန်းက ဆုံကြတာလေ၊ ကိုကျော်ဇင်ထက်တဲ့၊ သူလည်း ခြေထောက်ကျိုးလို့ ဆေးရုံတက်ရင်း ခင်ခဲ့ကြတာ'

'ဪ… ဟုတ်လား၊ သွန်းရဲ့ မိတ်ဆွေဆိုတော့ ဒေါ်လေး မိတ်ဆွေပဲပေါ့'

'ဟုတ်ကဲ့ ခင်ဗျ'

'သူက ကိုနေအေးပါ ဒေါ်လေး'

'ဝမ်းသာတယ်ကွယ်၊ တည်းဖို့ခိုဖို့ကော အဆင်ပြေပြီလား'

'ဟုတ်ကဲ့၊ ငွေဇနီးမှာပဲ တည်းကြပါတယ် ဒေါ်လေး'

'ဟုတ်လား၊ ငွေဇနီးက သန့်ပါတယ်၊ စားတာသောက်တာတော့ ဒီမှာပဲ လာစားကြပါလား'

'အားနာစရာကြီး ဒေါ်လေးရယ်၊ မစားတော့ပါဘူး၊ တစ်ခုပဲ အကူအညီတောင်းပါရစေ၊ မန္တလေးနဲ့ အနီး တ်ဝန်းကျင်လည်ပတ်ဖို့ အတွက် သွန်းလိုပ်ပို့မှ အဆင်ပြေမှာမို့ အဲဒါလေးပဲ ခွင့်ပြုပေးပါ ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက် တောင်းဆိုမှုကြောင့် ဒေါ်လေးက သွန်းကို လှမ်းအကဲခတ်သည်။ သွန်းက ရှက်နိုးစိုးထိတ်စွာနှင့် ဒေါ်လေးအကြည့်ကို ရင်မဆိုင်ဘဲ မျက်လွှာချသွား၏။ ဒေါ်လေးက နှစ်လိုဖွယ်ပြုံးရင်း

'အဟင်း… အိမ်ရှင်က ညှို့ဝတ်ကျေရမှာပေါ့ကွယ်၊ ဒေါ်လေး ခွင့်ပြုပါတယ်'

ထိုအခိုက် အရောင်းဝန်ထမ်း စာရေးမလေးတစ်ယောက် ဝင်လာပြီး…

'အန်တီ ဖောရိန်နာတွေ ပစ္စည်းဝယ်ဖို့ ရောက်နေပါတယ်ရှင်'

'ဩော်… အေး… အေး… လာခဲ့မယ်၊ ကဲ… မောင်ကျော်ဇင်ထက်တို့ သွန်းနဲ့ စကားပြောကြဦးနော်၊ အန်တီ အလုပ်ရှိသေးလို့'

'ဟုတ်ကဲ့ပါ ဒေါ်လေး'

ဒေါ်လေး ထွက်သွားတော့ ကျော်ဇင်ထက်က သွန်းအား လက်မထောင်ပြလိုက်သည်။ သွန်းက မျက်စောင်းလှလှထိုး၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

သမိုင်းပြောင်မညိုးသည့် စစ်ကိုင်းတောင်တော်ရိုးမှာ အနားသတ်ထားသော ရောဝတီမြစ်ပြင်ထက် မေးတင်ရင်း ပြာလဲ့လဲ့ကောင်းကင်အောက်တွင် ဣန္ဒြေကြီးစွာ လှဲလျောင်းလျက်ရှိ၏။

အသစ်ဖွင့်လှစ်လိုက်တာ ကြာပြီဖြစ်သော ရောဝတီမြစ်ကူးတံတားသစ်ကြီးပေါ် ဖြတ်သန်းစဉ် မြင်ရသော စစ်ကိုင်းတောင်ရိုးကို မမှတ်မသုန်ငေးမောရင်း ခရီးသွားရသလို လှလှပပ ခံစားနေရ၏။

ရှုခင်းအလှနှင့် သွန်း၏အလှကို ယှဉ်တွဲခံစားရသောအခါ ကျော်ဇင်ထက်ရင်မှာ ဘေ့စ်သံပိုကဲထားသော စပီကာနားကပ်နေရသလို တဒိန်းဒိန်းခုန်လာ၏။

တောင်းအေ့စ်မှန်လုံကား၏ နောက်ဆုံးခုံတန်းတွင် နှစ်ယောက်အတူထိုင်နေသော ကျော်ဇင်ထက်မှာ သွန်း၏အလှကြောင့် ချစ်စိတ်ကို မျိုသိပ်ခြင်းငှာ မစွမ်းသာတော့ဘဲ သွန်းလက်လေးပေါ် ဖွဖွညင်သာ အုပ်ကိုင်လိုက်မိသည်။

သွန်းက အပြင်းအထန် ငြင်းဆန်ရုန်းကန်ခြင်း မပြုသဖြင့် အားတက်သွားပြီး သွန်း၏လက်ကို အားစိုက်ဖြစ်ညှစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'**ကျော်စင်ထက် စစ်ကိုင်းတောင်ရိုး**မှာ တရားအားထုတ်မယ် ဆိုရင် ပစ္စည်းလေးပါး ထောက်ပံ့မယ်ကွာ၊ ဘယ်လိုလဲ'

ဒရိုင်ဘာနှင့် ယှဉ်တွဲထိုင်နေသော နေအေး၏ အသံထွက်လာသဖြင့် အရှိန်ပျက်ပြီး စိတ်ညစ်သွားရ၏။

'ထောက်ပံ့မယ့် ပစ္စည်းလေးပါး ပြန်ရှောင်းစားပြီး မိန်းမယူမယ်'

'ဟား… ဟား… ဟား… ဟား'

ကိုယ်ပိုင်ကားနှင့်မို့ မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ မရှိဘဲ ဆွမ်းဦးပုညရှင် ခြေတော်ရင်းသို့ မကြာမတင် အချိန်အတွင်း ဝပ်စင်းခစားမိကြသည်။

ကားပေါ်မှ ဆင်းသည်နှင့်နေအေးလက်ကိုဆွဲ၍ ခပ်လှမ်းလှမ်း ခေါ်သွားရင်း တီးတိုးသတိပေးရ၏။

'ဟေ့ကောင်… အခါအခွင့်သင့်တာနဲ့ သွန်းကို မီးပြင်းတိုက်ရမှာ အလိုက်တသိ ရှောင်ပေး၊ မပြောရစေနဲ့၊ လူလိုသိ၊ လူလိုနားလည်ကြားလား'

'ခွေးကောင် ငါသိတယ် အပိုမပြောနဲ့'

'ပြီးရော'

သုံးယောက်သား ပုညရှင်စေတီနှင့် ရုပ်ပွားတော်မြတ်အား ကြည်ညိုစွာ ဖူးမျှော်ကြ၏။ ထိုဘုရားမှ ကြေးသွန်းယုန်ရုပ်နှင့် ဖားရုပ် အလှူခံပုံးကြီးများမှာ လက်ရာမြောက်ပြီး အသက်ဝင်လှ၏။ လူတွေ ပွတ်သပ်ကိုင်တွယ်လွန်းသဖြင့် ပြောင်လက်အရောင်ထွက်နေသည်။

သွန်းက စေတီတော်သမိုင်းကို သူသိသလို ရှင်းပြ၏။

'ဒီစေတီက စစ်ကိုင်းတောင်ရိုးရဲ့ တောင်ထွတ်ပေါင်း ၃၇ လုံးမှာ တစ်လုံးအပါအဝင်ဖြစ်ပြီး ဖားနဲ့တူတဲ့ ဖားတောင်ထိပ်မှာ တည်ထားတာလေ'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်လား၊ ဘုရားဒကာက ဘယ်သူလဲ'

'ဘုရားဒကာက ဦးပုညလေ၊ ပုညရှင်စေတီလို့ခေါ်ကြတယ်၊ တန်ခိုးကြီးလွန်းလို့ ဆွမ်းဦးပုညရှင်လို့တွင်သွားတာ၊ ပင်းယတစ်စီးရှင် သီဟသူမင်းလက်ထက်မှာတည်တာလေ ကိုနေအေးရဲ့'

'ဩော်… ဒီလိုကိုး၊ ကဲ… ရောက်တုန်း ငါ အဓိဋ္ဌာန်ပုတီး စိပ်လိုက်ဦးမယ်၊ မင်းတို့ ခဏစောင့်ရင်း နားလိုက်ကြဦး'

'အေး… အေး… နေအေးကတော့ ကြုံတုန်း ကုသိုလ်ကြီး ယူတော့မှာကိုး၊ ကောင်းတယ်၊ ကောင်းတယ်'

နေအေးလို တရားနှင့်မတည့်ဘဲ ပုတီးနှင့်ရန်ဖြစ်ထားသူက အဓိဋ္ဌာန်ပုတီးစိပ်မည်ဆို၍ ကျော်ဇင်ထက် ရယ်ချင်သွားသည်။ သို့သော် ဒါ သူ့အတွက် ခွင်ဖန်ပေးသည်မှန်းသိ၍ ကျေးဇူးတင်စွာ ပြုံးပြထွက်လာရ၏။

ပုညရှင် ရင်ပြင်ထက်ဆီမှ ရှုခင်းကား တုန္နိုင်းမရသော ဖွဲ့စည်းမှုမျိုးနှင့် အစွမ်းကုန်လှပနေလေသည်။ တန်ဖိုးကြီးလှသော ရှုခင်း အလှထက် အဆများစွာ ပိုသော သာသော သွန်း၏ အလှကို ပိုမြတ်နိုး မိသဖြင့် အချိန်ရှိခိုက် လှံ့လစိုက်ရန် စိတ်ရည်သန်ပြီး…

'သွန်း… ဆွမ်းဦးပုညရှင်မှာ ဆွမ်းဦးအောင်ကပ်လို့မရဘူး လို့ ကြားဖူးတယ် ဟုတ်လား'

'ဟုတ်တယ် ကိုကျော်ဇင်ထက်'

'သွန်းရဲ့ နှလုံးသားမှာ အချစ်ဦးဆွမ်းကပ်သွားတဲ့သူကော ရှိနေပြီလားဟင်'

'ဟယ်… မပြောကောင်း၊ ပြောကောင်း၊ မနိုင်းကောင်း နှိုင်းကောင်း ကိုကျော်ဇင်ထက်ရယ်၊ ငရဲတွေကြီးကုန်တော့မှာပဲ၊ ကန်တော့ပါ ပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ဘာကိုမှ မကြောက်တော့ဘူး သွန်း၊ ခုလိုအဖြေမပေးဘဲ သိပ်ကြာနေတော့ သွန်းမှာ ချစ်ဦးသူ ရှိနေပြီလားလို့ တွေးပြီး ကိုယ်သွေးပျက်နေပြီလေ'

'ဟူး… ခက်ပါလား ကိုကျော်ဇင်ထက်ရယ်၊ အခုညည့်သည်က အိမ်ရှင်ကို အကြပ်ကိုင်နေတာလား ပြောပါဦး'

'အကြပ်ကိုင်တာ မဟုတ်ပါဘူး သွန်းရယ်၊ မျှော်သိပ်နိုင်တော့တာပါ၊ သွန်းရဲ့ ရင်ခွင်မှာ တိုးဝင်နားခိုချင်နေတာပါ'

'အခု ဘုရားရင်ပြင်တော်ပေါ်မှာလေ ကိုကျော်ဇင်ထက်ရယ်'

'ဒါဆို တောင်အောက်ရောက်ရင် အဖြေပေး'

'ဟင်း… ဟင်း… ဟင်း… ကိုကျော်ဇင်ထက်ရယ် တကယ့်ကလေးတစ်ယောက်လိုပါပဲလား၊ ကဲပါ ခု သွန်း စဉ်းစားနေတယ်၊ မကြာခင်မှာ အဖြေပေးမယ်၊ ဒါဆို ကျေနပ်တော့နော်'

အဖြေမရသေးသော်လည်း နုသောနွဲ့သော ဟန်မူရာနှင့်ချစ်စဖွယ်ပြောနေသော သွန်းကြောင့် ကျော်ဇင်ထက် တစ်ဝက်မက စိတ်အေးသွားရ၏။ သို့နှင့်ပြုံးပြခေါင်းညိတ်ရင်း သဘောတူလိုက်သည့်အချိန်မှာပဲ နေအေးရောက်လာသည်။

'ဟော… ကိုနေအေးတောင် အဓိဋ္ဌာန်ပြီးသွားပြီကိုး၊ အာရုံမိရဲ့လား'

'အဟင်း… ဂုဏ်တော်စိပ်တာလေ၊ စိတ်နဲ့ရွတ်ရင်းဖတ်ရင်း ဂုဏ်တော်က ခုနစ်ပါးဖြစ်လိုက် ခြောက်ပါးဖြစ်လိုက်နဲ့ ချာလပတ်ကိုရမ်းနေတာပါပဲဟာ၊ ဘယ်လိုမှ စိပ်လို့မရဘူး'

'ဟား… ဟား… ဟား… တော်သေးတာပေါ့ကွာ၊ မင်းသာ နိဗ္ဗာန်ကိုချက်ချင်းရောက်သွားရင် ငါ တစ်ယောက်တည်း ရန်ကုန်မပြန်တတ်လို့ကွ'

www.burmeseclassic.com

www.burmeseclassic.com


စစ်ကိုင်းတောင်ရိုးတခွင် ပြုံပြုံစင်အောင် လျှောက်လည်ကြတော့ ကျော်ဇင်ထက်က သွန်းကိုလက်တွဲခေါ်၏။ သွန်းက ကြည်ဖြူစွာ ခွင့်ပြုသဖြင့် ချစ်သူရည်းစားနှင့်အတူ လည်ရသလို ပီတိထဲပျော်ဝင်နစ်မြုပ်သွားရ၏။

ဥမင်သုံးဆယ်ဘုရားထဲမှ ထွက်လာကြသောအခါ ဝင်ပေါက်သုံးဆယ်ရှိသော စေတီကို တအံ့တသြကြည့်ရင်း…

'ဘာလို့ဥမင်သုံးဆယ်ဘုရားလို့ ခေါ်တာလဲ'

'ဒီလို ကိုနေအေးရဲ့၊ မြတ်ဘုရားရဲ့ ပါရမီဆယ်ပါးကို ရည်ညွှန်းပူဇော်တာလေ၊ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ရည်မှန်းပြီး တည်ထားတာပေါ့၊ ပြီးတော့ ၄၅ ဝါ တိုင်တိုင် တရားဟောကြားခဲ့တဲ့ မြတ်ဘုရားရဲ့ ဂုဏ်တော်ကို ရည်မှန်းပြီး ဆင်းတုတော်ပေါင်း ၄၅ ဆူတိတိ ထုလုပ်ပူဇော်ထားတာလေ'

'ဩော်… ဂလိုကိုး၊ သာဓုဗျာ၊ သာဓု'

'ဟွန်း… ကိုနေအေးနော်၊ မသိလို့လဲ သိအောင်ပြောပြရသေးတယ်'

'ဟုတ်ပါတယ်ဗျာ၊ သွန်းကြောင့် ကိုယ့်ကိုယ်ကိုယ် တိုးရစ်လို့တောင် ထင်လိုက်ရလို့ သာဓုခေါ်တာပါ၊ သွန်းက သိပ်တော်တဲ့ တိုးရစ်ဂိုက်လေ ဟဲ… ဟဲ… ဟဲ'

'ကဲ… တိုးရစ်ဂိုက်ကြီး ထမင်းဆိုင်ကို လမ်းညွှန်ပါဦး ဗိုက်ဆာပြီ'

တောင်ခြေမှာ ထမင်းစားသောက်ကြပြီးတော့ ကောင်းမှုတော်စေတီကြီးသို့ခရီးဆက်ခဲ့ကြ၏။ ကောင်းမှုတော်စေတီကြီးကား ထုထည်ကြီးမားလှသဖြင့် အဝေးဆီမှပင် လှမ်းမြင်ဖူးတွေ့နိုင်၏။

စေတီတော်ရင်ပြင်ကလည်း ကျယ်ဝန်းသန့်ရှင်းလှပြီး တမာရိပ် ထနောင်းရိပ်တို့နှင့် အေးမြငြိမ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘုရားဝတ်ပြုပြီး တမာရိပ်တွင် ချွေးသိပ်ကြ၏။ နေအေးက

'ကဲ... တိုးရစ်ဂိုက် ဒီစေတီရဲ့ ရာဇဝင်ကိုလည်း ရှင်းပြဦးလေ'

'အင်း... ဒီစေတီကို သာလွန်မင်းတရားကြီးက အင်းဝပြန်လည်ထူထောင်နိုင်ခြင်း အထိမ်းအမှတ်နဲ့ သီရိလင်္ကာက ထူပါရုံစေတီတော်ပုံစံယူပြီး တည်ထားတာလေ၊ သားတော်ပင်းတလဲလက်ထက်ကျမှ ပြီးသွားတာ၊ စုစုပေါင်း ၁၂ နှစ်ကြာအောင် တည်ခဲ့ရတာလေ၊ သက္ကရာဇ် ၁၀၁၁ ခုမှာ ထီးတော်တင်ခဲ့တာ'

'ဟင်... ဟုတ်လား၊ ကိုယ်ကြားဖူးတာက တစ်မျိုးပဲ'

'ဘယ်လိုသိထားလို့လဲ ကိုကျော်ဇင်ထက်'

'ဟုတ်မဟုတ်တော့ မသိဘူး၊ ဒီစေတီရဲ့ ပုံစံက သားမြတ်နဲ့တူတယ်တဲ့၊ အမေ့ကျေးဇူးကို သိသောအားဖြင့် အမေ့နို့ဖိုးဆပ်တဲ့အနေနဲ့ တည်ထားတာလို့ ကြားဖူးတာ'

'အင်း... ဖြစ်နိုင်ပါတယ်၊ အမေ့သားမြတ်ပုံစံနဲ့တော့ ဆင်တယ်နော်'

'ဒါကြောင့်ခုနက ဘုရားဝတ်ပြုရင်း အမေ့ကျေးဇူးဘုရားကြီးမှာ အမေနဲ့ပြန်ဆုံခွင့်ရပါစေလို့ ဆုတောင်းခဲ့တာပေါ့'

'ဟင်... ကိုကျော်ဇင်ထက် အမေက'

သွန်း မသိသေးသော မိဘများ၏ ရာဇဝင်ကို စာမတင်ဘဲ ကျော်ဇင်ထက်က ရှင်းပြပြောဆိုလိုက်၏။ သွန်းက တအံ့တသြနားထောင်သည်။

'စိတ်မကောင်းလိုက်တာရှင်၊ အမြန်ဆုံးသားအမိတွေ ပြန်ဆုံနိုင်ပါစေလို့ ဆုတောင်းကူပေးပါ့မယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ သွန်း'

ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ဖူးပြီးတော့ အပြန်ခရီးစခဲ့ကြသည်။ အမရပူရမှ တောင်သမန်အင်းဆီသို့လည်း ရောက်ခဲ့ကြ၏။ နေအေးက သူ့အတွက် ဖိမ်ခံခွင့်လည်းရ၊ ကျော်ဇင်ထက်တို့ လွတ်လပ်စွာဆုံတွေ့ခွင့်လည်းရအောင် မယ်ဇယ်ပင်တန်း အကြော်ဆိုင်များတွင် လတ်ဆတ်သော ငါးကြော်နှင့်ဘီယာကို မြည်းစမ်းလျက် ရှုခင်းကြည့်ရင်း နေခဲ့၏။

ကျော်ဇင်ထက်နှင့် သွန်းတို့က ဦးပိန်တံတားပေါ်ဖြတ်လျှောက်ရင်း တောင်သမန်အင်းအလှကို ရှုစား၍ စကားပြောကြ၏။ ကမ္ဘာကြီးများနာလာသောအခါ မန္တလေးလည်း ရောဂါထူပြော၍ တောင်သမန်အင်းပါ ချောင်းတဟွပ်ဟွပ်ဆိုးနေချေပြီ။

ကျွပ်ကျွပ်အိပ်အန္တရာယ် ကြောက်မက်ဖွယ်မြင်ကွင်းသည် တောင်သမန်ကမ်းစပ်တွင် အထင်အရှားရှိနေလေသည်။ တောင်သမန်ချောင်းဆိုးသောအခါ ဦးပိန်ခမျာမှာလည်း ကင်ဆာဆဲလ်တို့ ကူးစက်ပျံ့နှံ့မှုဒဏ်ကို အလူးအလဲခံစားနေရပြီဖြစ်သည်။

သွန်း၏ အဖြေကြောင့် ကျော်ဇင်ထက် နှလုံးသားမဖျားဖို့သာ ဆုတောင်းရင်း ဘုရားဖူး၍ လိပ်ဥတူးခြင်းခရီးစဉ်ကို တစ်ခန်းရပ်ခဲ့ကြသည်။

ညှို့ကြိုကောင်တာမှ ညှို့သည်ရောက်နေသည် အကြောင်းကြား၍ ကျော်ဇင်ထက် ထွက်တွေ့ရ၏။

'ဟာ… မေမေ'

www.burmeseclassic.com

www.burmeseclassic.com



'သား… သားလေး၊ နေရထိုင်ရ အဆင်ပြေရဲ့လား'

'ပြောပါတယ် မေမေရဲ့'

'မနေ့က ဘုရားတွေစုံအောင်ဖူးရရဲ့လား'

'ဖူးရပါတယ် မေမေ'

'သွန်းနဲ့ကော'

'ဖူးရပါတယ် မေမေ'

'ဟဲ့… သား ဘာတွေပြောနေတာလဲ'

'ဗျာ… အဲ… ဟို… သွန်း… သွန်း… ကြေးသွန်းဘုရားကြီးလည်း ဖူးခဲ့ရတယ်လို့ ပြောတာပါ မေမေ၊ ဟဲ… ဟဲ'

'မေမေ သိချင်တာက သွန်းဆီက အဖြေရပြီလားလို့'

'မရသေးဘူး မေမေ၊ စဉ်းစားပေးမယ်ပြောတာပဲ'

'မေမေ စိတ်မရှည်တော့ဘူး၊ ဗီတိုအာဏာသုံးလိုက်တော့မယ်'

'အဲ… မလုပ်ပါနဲ့ မေမေရယ်၊ သား အစွမ်းအစကို သားဆန်းစစ်ပါရစေဦး'

'သားတို့ပြန်တဲ့အထိ မပြတ်သားရင် မေမေ့အလှည့်ပဲနော်'

'အဟင်း… ဟုတ်ကဲ့ပါ မေမေရယ်'

'ကဲ… ကဲ… မေမေ မန္တလေးက အကောင်းဆုံး မန္တလေးမုန့်တီဝယ်လာခဲ့တယ်၊ သားတို့စားလိုက်ကြဦး၊ မေမေ အလုပ်ရှိလို့သွားလိုက်ဦးမယ်'

'ဟုတ်ကဲ့ပါ မေမေ'

မုန့်တီသုပ်ချိုင့်ကြီးပေးရင်း မေမေ ထွက်သွား၏။ ထိုပေါက်ဝရောက်မှ ပြန်လှည့်ကြည့်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'သား… မေမေ စိတ်မရှည်တော့ဘူးနော်'

'ဟုတ်ကဲ့ပါ မေမေရယ်၊ စိတ်ချပါ'

ထိုနေ့က တည်းခိုခန်းတွင်ပင် နားနေကြရင်း နောက်ဆုံးတိုက်စစ်နှင့် အချစ်တောင်ကုန်းကို သိမ်းပိုက်ရန် ပြင်ဆင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

မေမေနှင့် သွန်းတို့ စံအိမ်ကြီးရှေ့တွင် ကျော်ဇင်ထက် တစ် ယောက်တည်း မယောင်မလည်ရပ်နေ၏။ မီးလာသောညဖြစ်၍ မာကျူရီမီးများက လမင်းကို လှောင်ပြောင်နေကြသည်။

ဂရေဟမ်ဘဲလ်၏ တီတို့ကျွတ်တို့ တော်စပ်ပုံရမည့် G.S.M Mobile နှင့် သွန်းထံသို့ ဂလိုဘယ်လိုက်ဖေးရှင်းတာက်ကနိုလိုဂျီနှင့် နှုတ်ခွန်းဆက်သလိုက်သည်။

'သွန်း… မအိပ်သေးဘူး မဟုတ်လား'

'မအိပ်သေးပါဘူး၊ ပြော၊ ဘာကိတ်လဲ'

'ပူစီကိတ်၊ လူခြေတိတ်မှာ တွေ့ချင်တဲ့ ပူစီကိတ်၊ ကိုယ် အခု သွန်းတို့ခြံရှေ့မှာ ရောက်နေတယ်၊ ခဏထွက်ခဲ့ပါ'

'ဟယ်… တကယ်'

အသံပျောက်သွားပြီး ပြတင်းတစ်ခုမှ အရိပ်ထင်လာ၏။

'တွေ့ဘယ်နော်၊ ဆင်းခဲ့'

'ဟင့်အင်း မဆင်းရဲဘူး၊ ကြောက်တယ်'

'ဒါဆို ခြံကျော်ပြီး ကိုယ်ဝင်လာခဲ့မှာ'

www.burmeseclassic.com

www.burmeseclassic.com



'မလုပ်နဲ့ မလုပ်နဲ့ လာပြီ၊ ခဏစောင့်'

အရေးတော်ပုံ အောင်တော့မည်မို့ ကျော်ဇင်ထက် ကြိတ်ပြုံးလိုက်၏။ ခဏအတွင်း သွန်းရောက်လာသည်။

'သွန်း… ကိုယ်နဲ့ အပြင်ကို လိုက်ခဲ့မလား၊ ခြံတံခါးဖွင့်ပေးမလား'

'နှစ်ခုလုံး မလုပ်ချင်ဘူး'

ကျော်ဇင်ထက် ဘာမှပြောမနေတော့ဘဲ ခြံတံခါးကို တွယ်တက်သည်။ သွန်းလန့်သွားပြီး မတက်ရန် တား၍ တံခါးဖွင့်ပေး၏။ ပထမအဆင့်ပြီးသွားပြန်ပြီ။ ခြံထဲ မြက်ခင်းစပ်မှ ဒန်းပေါ် ကျော်ဇင်ထက် သွားထိုင်တော့ သွန်း မဝံ့မရဲ လိုက်လာသည်။

'ဓွတ်ပဲ ကိုကျော်ဇင်ထက်ရယ်၊ စိတ်ညစ်ပါတယ်'

'အင်း… ဒီမှာ ခြင်သိပ်မကိုက်ဘူးနော်၊ တော်သေးတာပေါ့၊ ကိုယ် ဒီမှာတစ်ညလုံး ထိုင်နေမှာ ဆိုတော့လေ'

'ဘာ… ဘာပြောတယ်'

'သွန်းဆီက အဖြေမရရင် မပြန်ဘူး၊ တစ်ညလုံး ထိုင်စောင့်နေမှာ'

'အဲလိုမလုပ်ပါနဲ့ ကိုကျော်ဇင်ထက်ရယ်၊ ရှိကြီးခိုးပါရဲ့၊ ပြန်ပါနော်'

'ဒါဆို ချစ်တယ်လို့ ပြောလေ'

သွန်း စိတ်ညစ်ဟန်နှင့် ခေါင်းကုပ်လမ်းလျှောက်ရင်း တိုက်ကြီးဆီ မဝံ့မရဲ ကြည့်နေရှာသည်။

'ဒေါ်လေးသိသွားရင် အသတ်ခံရလိမ့်မယ် ကိုကျော်ဇင်ထက်ရယ်၊ သွန်းကို သနားပါ'

www.burmeseclassic.com

www.burmeseclassic.com


'သွန်းကို သနားလို့ တစ်ဘဝလုံးစောင့်ရှောက်ဖို့ လာစောင့်နေတာပေါ့'

'ကိုကျော်ဇင်ထက်ရယ်'

'သွန်းရယ်… သွန်းကို ကိုယ်သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်၊ သွန်းရဲ့ အချစ်ကို မရရင် ကိုယ့်ဘဝ ကိုယ်ဖျက်ဆီးလိုက်တော့မယ် သွန်းရယ်'

'ခက်တော့တာပါပဲရှင်'

'မခက်ပါဘူး သွန်းရယ်၊ ပြောရမယ့်စကားက နှစ်ခွန်းတည်းပါ'

ကျော်ဇင်ထက် သွန်းလက်ကို ဆွဲရင်း ရင်တွင်အပ်၍ ပြောလိုက်သည်။ ရှက်ရှာကြောက်ရှာလွန်း၍ သွန်း ရုန်း၏။ ကျော်ဇင်ထက် လုံးဝလွှတ်မပေးတော့။

'သွန်း အဖြေပေးရင် ပြန်မှာလား'

'တစ်ညလုံးတော့ မနေတော့ဘူးပေါ့'

'ဒါဆိုပြောမယ်၊ ကတိတည်ရမယ်နော်'

'အင်းပါ၊ ပြော၊ မရှက်နဲ့၊ အားမနာနဲ့ ရင်ထဲက အတိုင်းပြော'

'သွန်းလေ သွန်း သူ့ကိုအစောကြီးကတည်းက ချစ်မိတာပါ၊ မယုံမရဲဖြစ်နေလို့၊ တွေဝေနေခဲ့တာပါ'

'ဟင်… သွန်းရယ်၊ တကယ်၊ ကိုယ့်ကိုတကယ်ချစ်တယ်ပေါ့'

ရှက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့ လိမ်းကြံချယ်သထားသော မျက်နှာလှလှလေးနှင့် ခေါင်းညိတ်ပြလိုက်သောအခါ ကျော်ဇင်ထက်

www.burmeseclassic.com

www.burmeseclassic.com


စိတ်မထိန်းနိုင်တော့ချေ။ သွန်းအား ရင်ခွင်ထဲ ဆွဲသွင်း၍ ဖမ်းပိုက်ပြီး နမ်းရှိုက်လိုက်မိတော့၏။

ရင်ခုန်သံချင်း ပေါင်းစည်းသွားသလို တစ်ယောက်ရင်ခွင်ထဲ တစ်ယောက် နစ်ဝင်သွားမတတ် ဖက်ထားမိကြ၏။ ရှက်ရွံ့ခြင်းသံစဉ်မှ ကီးချိန်းသွားသောအခါ သိင်္ဂါရသံစဉ်အောက်တွင် နစ်ဦးသဘောတူ ပန်းသီးစားကြတော့၏။ ဒီတစ်ခါတော့ စန္ဒီးပိုက်လေးစားသော ပန်းသီး မဟုတ်တော့။ အာလာဒင်နှင့်အေးဝတ်ရည်သောင်းတို့ အဲလေ အာဒမ်နှင့် ဧဝတို့စားကြသော ပန်းသီးအမျိုးအစားသာ ဖြစ်၏။ မှော်ပန်းသီး ဆိုလျှင်လည်း မှားမည်မထင်။ ထိုမှော်ပန်းသီးသည် တရုတ်ပန်းသီး ထက် နူးညံ့၍ ဩစတေးလျပန်းသီးထက် ချိုမြိန်၏။

ထိုအသီး၏ အရသာတွင် နှစ်ယောက်သား ပျော်ဝင်နစ်မွန်း သွားကြသည်။

ထိုအခိုက်မှာပင်…

'ဟင်… ဒါ… ဒါ… ဒါဘယ်သူတွေလဲ၊ ဘာဖြစ်နေကြ တာလဲ၊ မရှက်မရွံ့နဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာလား'

အသံကြောင့် လှည့်ကြည့်လိုက်ကြတော့ သွန်း၏ဒေါ်လေးကို တွေ့ရသည်။ ဒေါ်လေးက းကျော်ဇင်ထက်ကိုမြင်ပြီး အံ့ဩမင်သက်မိ သွား၏။ ဒေါ်လေးပုံစံက အံ့ဩရာမှ ဒေါ်သူပုန်ထသော အသွင်ပြောင်း သွားသဖြင့် သွန်းမှာ နတ်ဝင်သလို တဆတ်ဆတ်တုန်ကာ ကြောက်ရွံ့ နေရှာတော့သည်။

'ဩော်… မင်းပဲကိုး၊ ထင်တော့ထင်သား၊ မင်းတို့အလည် ရောက်လာတာ ထူးတော့ထူးပါတယ်လို့၊ ပြောစမ်း၊ မင်းနဲ့ငါ့သမီးက သမီးရည်းစားတွေလား'

www.burmeseclassic.com



'ဟုတ်… ဟုတ်ပါတယ်ခင်ဗျာ'

'မင်းက ငါ့တူမကို ကျောရရုံ ကြံမလို့လား'

'မဟုတ်ပါဘူး ခင်ဗျာ၊ တကယ့်မေတ္တာစစ်နဲ့ ချစ်လို့ပါ၊ အမှန်တကယ်လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီးသားပါ ခင်ဗျာ'

'အဲဒါကို ငါက ဘယ်လို ယုံရမှာလဲ'

'ကျွန်တော်… ကျွန်တော်'

'မင်း မဖြေနိုင်တော့ဘူးပေါ့၊ ဟင်း… ငါ့တူမလည်း ပန်းကောင်းအညွန့်ကျိုးအဖြစ်မခံနိုင်ဘူး၊ ငါတို့ဂုဏ်သိက္ခာလည်း အကျမခံနိုင်ဘူး၊ ဒီတော့ မင်း ငါပြောသလိုလုပ်'

'ပြော… ပြောပါ ဒေါ်လေး၊ ဘယ်လိုလုပ်ပေးရမလဲ'

'မနက်လင်းတာနဲ့ မင်းရဲ့အုပ်ထိန်းသူကို လှမ်းခေါ်၊ တစ်ခါတည်း မိသားဖသားပီပီ လာတောင်းခိုင်း၊ အဲဒါမှ ငါကျေနပ်နိုင်မယ်'

'ခင်ဗျာ'

'ဒီမယ် မင်း ရှုတ်ရှုတ် ရှုတ်ရှုတ်တော့ လုပ်မယ်မကြံနဲ့နော်၊ မင်းတို့ ဘယ်မှာတည်းသလဲ၊ ပြော ငွေခန်းဆိုလား၊ ဘာလား၊ အဲဒါ ဟုတ်သလား'

'ဟုတ်… ဟုတ်ပါတယ် ခင်ဗျာ၊ ငွေခန်းတည်းခိုခန်းမှာပါ'

'အေး… ဒါဆို အတော်ပဲ၊ ငွေခန်းပိုင်ရှင်က ငါ့အသိ မင်းတို့မှတ်ပုံတင်လုံးဝပြန်မပေးဖို့ လှမ်းပြီးဖုန်းဆက်ထားလိုက်မယ်'

'ဟုတ်… ဟုတ်ကဲ့'

'သုံးရက်အချိန်ပေးမယ်၊ အုပ်ထိန်းသူကို အရခေါ်ပြီး ငါ့နဲ့လာတွေ့၊ ဒါပဲ၊ အခုမင်းပြန်တော့၊ မိသွန်း အိမ်ထဲဝင်'

'ဟုတ်'

www.burmeseclassic.com

www.burmeseclassic.com


'ဟား… ဟား… ဟား… ဟား… ဟား'

ကျော်ဇင်ထက်နှင့်နေအေး လက်ဝါးချင်းရိုက်ပြီး အားပါးတရ ရယ်လိုက်ကြ၏။ နေအေးက ဘီယာကို ပုလင်းလိုက်မော့ရင်း ကြက်ကြော်တစ်ဖဲ့ကောက်ဝါးလိုက်၏။ ပြီးတော့ ကြက်ကြော်ကို ဘီယာနှင့် ထပ်မျှောပြန်သည်။ ပြီးမှ…

'မင်းအမေ အိုင်ဒီယာက ကောင်းလှချည်လား၊ တစ်ခါတည်း ပတ်စာချွာ ဖျာသိမ်းပဲ၊ လက်ဖျားခါရုံတင်မကဘူး၊ လက်တစ်ချောင်း လုံးပါ ခါတယ်ဟ'

'မှတ်ထား၊ အဲဒါ ငါ့အမေကွ၊ ငါ့အမေ ဟား… ဟား… ဟား… ဟား'

'အေးပါ၊ မင်းအမေပါ၊ ဘယ်သူက အမေလုနေလို့လဲ၊ ဒါနဲ့ မင်းအဖေဆီဖုန်းဆက်ပြီးပြီလား၊ ဘာပြောလဲ'

'အဖေ့ကိုတော့ စိတ်မပူပူအောင် ပြောရတာပေါ့ကွာ၊ မှတ်ပုံတင်လည်း သိမ်းခံထားရပြီ၊ နောက်ဆို အချုပ်ထဲရောက်မလား ဘာလားပေါ့၊ အဲဒါ မိန်းမလာတောင်းပေးပါပေါ့ကွာ၊ အဖေလည်း စိတ်ပူပြီး ဒီနေ့ကားနဲ့ လိုက်လာမယ်တဲ့၊ မနက်ကားဂိတ် သွားကြိုရမှာ'

'ကောင်းတယ်ကွာ၊ ငါက ကြိုတင်စီစဉ်ထားပေမယ့် မင်းက ကြားဖြတ်ကျော်တက်ပြီး အရင်ဆုံးမိန်းမရမယ့်ကောင်ဖြစ်သွားပြီပေါ့'

'ဟား… ဟား… မနာလို မရှိနဲ့၊ ညနေစောင်းကျမှ စာအုပ်အရောင်းဆိုင်လိုက်ရှာပြီး သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝ စာအုပ် ဝယ်ဖတ်ရဦးမယ်'

'ဟဲ… ဟဲ… မလိုပါဘူးကွာ၊ မင်းသိချင်ရင် ငါရှင်းပြပါ့မယ်၊ ငါ့ရဲ့ဇနီးလောင်းနဲ့ နောက်ဆုံးအတွေ့အကြုံလေးတွေပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… မညစ်ပတ်နဲ့၊ မင်းပြောတာ နားထောင်မယ့် အစား ဟိုအခွေရှာပြီး တစ်ညလုံး ထိုင်ကြည့်ပစ်လိုက်မယ်'

'အဲဒါဆို အိုဗာတွေဖြစ်သွားမှာပေါ့၊ သွန်းလေး သနားပါ တယ်ကွာ'

'အောင်မာ… ငါကသာ မင်းရဲ့ဇနီးလောင်းတောသူမလေး ကို သနားရမှာပါကွ'

'ကဲပါကွာ၊ ဒါဆိုသရေလို့ပဲ ထားလိုက်တော့၊ ဒီနေ့တော့ မတားနဲ့ကွာ၊ လူမှန်းသူမှန်း မသိအောင်ကို သောက်ပစ်လိုက်မယ်'

'သောက်… သောက်… စိတ်ကြိုက်သောက်၊ ဟော့… သောက်'

နေအေးနှင့်အတူသောက်ရင်း အတွေးက သွန်းထံရောက်သွား ရပြန်သည်။ တကယ်တော့ ဒီပွဲကို အမေနှင့်သား ပူးပေါင်းတိုက်စစ် ဆင်၍ အဖေနှင့် ချွေးမလောင်းကိုတစ်ပတ်ရိုက်ခြင်းသာဖြစ်လေသည်။

ကြားထဲက အဖေနှင့်သွန်းကို သနားမိ၏။ ထိုညက မေမေ ပွဲကြမ်းပြီး ဟောက်ဟမ်းကြိမ်းမောင်းနေစဉ် သွန်း၏ မျက်နှာလေး ကို ပြန်မြင်ယောင်မိ၏။ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေသော သွန်း မှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သည်အထိ ကြောက်နေရှာ ၏။

မေမေက မင်သေလှသလို သူ့ကိုယ်တိုင်ကလည်း မေမေနှင့် အပြိုင်လိုက်လျောညီထွေ သရုပ်ဆောင်နိုင်ခဲ့သည်။

သွန်းမှာတော့ ရည်းစားစထားသည့်နေ့မှာပင် အုပ်ထိန်းသူ အမိခံရသည့်အဖြစ်မျိုးမို့ တစ်ညထဲနှင့်ရသပေါင်းစုံကို တဝဲ့တပိုး ခံစားသွားရမည်မှာ အမှန်ပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဆင့် ကျန်နေသေးသည်။ ဖေဖေနှင့်မေမေတို့ သတို့ သား၏ အုပ်ထိန်းသူ၊ သတို့သမီး၏ အုပ်ထိန်းသူများအဖြစ် ပြန်ဆုံကြ လျှင် ဘာတွေဖြစ်ကုန်ကြမည်နည်း။ ဒရမ်မာချိုးမလား။ ကော့မစ်ဖြစ် မလား။ ပျော်ရွှင်စွာဇာတ်သိမ်းမလား။ အခွေးနှင့်မှိုင်သွား ရမလား မခန့်မှန်းနိုင်။ အို… တွေးပူလျှင် သွေးဆူနေဦးမည်။ မီးစင်ကြည့်ကခြင်းသည်သာ စိတ်သက်သာရာ ရနိုင်သည့်ထွက်ပေါက် ဖြစ်နေပြီလေ။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၂)

ခြောက်နာရီခွဲတွင် ကားယိုးဆိုက်လာ၏။ ကျော်ဇင်ထက်နှင့် နေအေး အဖေ့ကို အခြေအနေ အဖြစ်အပျက်များ ရှင်းပြရင်း တည်းခိုခန်းဆီ ခေါ်ခဲ့ကြသည်။ ကားပေါ်တွင် အိပ်ရေးပျက်လာသော အဖေ့အား ခဏတဖြုတ်အနားယူ အိပ်စက်စေ၏။

ဖေဖေ အိပ်သွားမှ ကျော်ဇင်ထက် သူ့အမေထံ ဖုန်းဆက်ရသည်။ ကပြမည့်ဇာတ်ကွက်ကို ကြိုတင်တိုင်ပင်ကြရ၏။ ဇာတ်သဘောအရ ကလိုင်းမစ်စ် အတက်ဆုံး တမ်ပိုအမြင့်ဆုံး အနေအထားသို့ ရောက်နေပြီလည်း ဖြစ်သည်။

အမှန်ကို ထိမ်ချန်၍ မူလဇာတ်ကျောရိုးအတိုင်း အမေနှင့်သားတော်စပ်မှန်း အခုမှသိရသလို ဆက်လက်ဟန်ဆောင်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖေဖေ တရေးနိုးလာတော့ ရေမိုးချိုး မနက်စာကျွေးမွေးကာ အားလုံး သားသားနားနားဖြစ်အောင် ပြင်ဆင်ကြရသည်။

အားလုံးစိတ်တိုင်းကျမှ ကားငှား၍ ထွက်လာခဲ့ကြ၏။ သတို့သမီးချွေးမလောင်း၏ အိမ်သို့ရောက်သောအခါ ကြွယ်ဝမှုအင်းအတာကိုမှန်းဆမိသွားပုံနှင့် သိမ်ငယ်သလို ဖြစ်သွားသော ဖေဖေ့အား ကျော်ဇင်ထက်က လက်ကိုဆုပ်ကိုင်ဖြစ်ညှစ်၍ အားပေးရသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တော်ထိန်းများ အိမ်နီးချင်းများ ကြိုဆိုမှုနှင့် တိုက်ထဲ ရောက်တော့ ဧည့်ပရိသတ် အတော်စုံနေတာ တွေ့ရသည်။ ခဏ အကြာတွင် သွန်း ထွက်လာ၍ ဖေဖေနှင့် မိတ်ဆက်ပေးရ၏။ ဖေဖေ က ချွေးမလောင်း၏ အလှအပကို ချီးကျူးဂုဏ်ပြုပြီး ကျေနပ်သဘော ကျနေရှာသည်။

နောက်ငါးမိနစ်ခန့်အကြာမှာတော့ မေမေ ဒေါ်သဇင်ကိုယ် တိုင် ထွက်လာလေ၏။ မေမေ့ကိုမြင်သည်နှင့် ဖေဖေ ထထွက်သွား ရန် ဟန်ပြင်သည်။

ကျော်ဇင်ထက်က မသိမသာ လှမ်းဆွဲထားလိုက်ရင်း တီးတိုး ပြောလိုက်၏။

'ဖေဖေ အဲဒါ ဒေါ်သဇင်တဲ့၊ သွန်းဟေမာန်ရဲ့ အဒေါ်ပေါ့'

ဖေဖေ့မျက်နှာကြီး ညှိုပုတ်နေသည်။ ကျော်ဇင်ထက် မသိချင် ယောင်ဆောင်၍ စကားစလိုက်၏။

'ဒေါ်လေး ဒါ… ကျွန်တော့်ရဲ့ ဖေဖေ ဦးအောင်ထက်ပါ'

'ဟင်… ရှင်… ရှင်… ကိုအောင်ထက်'

'အေး… ဟုတ်တယ်၊ ငါပဲ သဇင်'

အုပ်ထိန်းသူနှစ်ယောက်၏ ဆက်ဆံရေးကြောင့် သွန်းဟေမာန် နှင့်တကွ ပရိသတ်များ အံ့အားသင့်ပြီး ဦးအောင်ထက်နှင့်ဒေါ်သဇင် တို့ကို ဝိုင်း၍အကဲခပ်ကြတော့၏။

'ဒါဆို မောင်ကျော်ဇင်ထက်က ကိုအောင်ထက်သားလား'

'သိပ်ဟုတ်တာပေါ့၊ ငါ့သားဖြစ်သလို မင်းရဲ့သားဆိုလည်း မမှားပါဘူး'

'ဟာ'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'ဟော်တော်'

ခွင်က ကျော်ဇင်ထက် ဝင်ဖို့ အချိန်ရောက်နေပြီဖြစ်၏။ ထို့ကြောင့် ငေါက်ခနဲထလိုက်ပြီး…

'ဖေဖေ ဒါ… ဒါဆို ဒေါ်သဇင်က သားရဲ့အမေလား'

'အေး… ဟုတ်တယ်၊ အဲဒါ မင်းအမေ၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က ငါတို့သားအဖကို ပစ်သွားတဲ့ မင်းအမေ'

'ဗျာ… မေ… မေမေ'

'သား… သားလေး'

ဒေါ်သဇင်ပြေးလာပြီး ကျော်ဇင်ထက်ကို ပွေ့ဖက်လိုက်၏။ မြင်ကွင်းက မယုံကြည်နိုင်စရာ။ သွန်းဟေမာန်နှင့် ပရိသတ်အားလုံး အံ့သြမင်သက်မိနေကြ၏။

'ဟား… ဟား… ဟား… ဟား… ဟား'

ထိုစဉ် ဦးအောင်ထက်က အားပါးတရ ရယ်မောလိုက်သဖြင့် အားလုံး၏ အာရုံက ဦးအောင်ထက်ထံ ရောက်သွားကြပြန်သည်။

'သဇင်… သဇင်… မင်းအကြံ ဒါအကုန်ပဲလား၊ သားတို့ တူမနဲ့ရွှားပြီး ငါ့ရင်ခွင်ထဲက အပြီးခေါ်ထုတ်သွားမလို့ပေါ့ ဟုတ်လား'

'မဟုတ်ဘူး ကိုအောင်ထက် မဟုတ်ဘူး'

'မဟုတ်ပါဘူး ဖေဖေရယ်၊ သွန်းနဲ့သားက ခြေကျိုးလို့ ဆေးရုံတက်တုန်းက ဆုံတွေ့ပြီး သဘောကျခဲ့ကြတာပါ၊ ဒေါ်သဇင်ဟာ သားရဲ့မေမေဆိုတာ အခု ဖေဖေပြောမှ သိရတာပါဗျာ'

'အေး… ဘာပဲဖြစ်ဖြစ် အခု ငါသဘောမတူဘူး၊ မင်းအမေကြောင့် မင်းတို့ကိစ္စကို ငါ သဘောမတူတော့ဘူး၊ ဒါပဲ သား၊ ပြန်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'မပြန်ဘူး ဖေဖေ၊ သား မပြန်နိုင်ဘူး၊ သွန်းနဲ့ကိစ္စကို ဖေဖေ သဘောမတူဘူးဆိုရင်တောင်မှ အခုမှပြန်တွေ့ရတဲ့ မေမေ့နားမှာ သား နေခဲ့မယ်၊ အမေ့ရင်ခွင်ဟာ ဘာလဲဆိုတာ နားလည်အောင် သားကြိုး စားဦးမယ်'

'ဒါဆို မင်းနဲ့ငါ ဇာတ်လမ်းပြတ်ပြီ'

အဖေက ပြောပြောဆိုဆို ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာ သွားတော့၏။ ကျော်ဇင်ထက်လည်း အဖေ့ကို စိတ်မချသဖြင့်…

'နေအေး… အဖေ့နောက် မြန်မြန်လိုက်၊ အဖေ့ကိုစောင့် ရှောက်လိုက်ပါ'

'အေး… အေး… စိတ်ချ သူငယ်ချင်း'

နေအေးလည်း ကျော်ဇင်ထက်အဖေနောက်သို့ အပြေးလိုက် သွားတော့၏။ မထင်မှတ်ဘဲ ပွဲပျက်သွားသဖြင့် ပရိသတ်များလည်း တဖွဲဖွဲထပြန်သွားကြသည်။

နောက်ဆုံးမှာတော့ ခမ်းနားထည်ဝါလှသော ဧည့်ခန်းမကြီး အလယ်တွင် ဒေါ်သဇင်၊ ကျော်ဇင်ထက်နှင့် သွန်းဟေမာန်တို့သာ ကျန်ခဲ့လေတော့၏။

'အဖြစ်အပျက်တွေက မယုံနိုင်စရာပါပဲလား ဒေါ်လေးရယ် သမီးတော့ နားမလည်ေ ာ့ဘူး'

'ဖြည်းဖြည်းချင်းတော့ အဆင်ပြေသွားမှာပါ သွန်းရယ်'

'မေမေ ဖေဖေ သားကို စွန့်ပစ်သွားပြီထင်တယ်၊ ဘယ်လို လုပ်ကြမလဲဟင်'

'အဲဒီအတွက်လည်း မပူပါနဲ့ သားရယ်၊ နှစ်နှစ်ဆယ်လုံးလုံး တာဝန်မကျေခဲ့တဲ့ ဟောဒီအမေကိုသာ ယုံကြည်အားကိုးလိုက်စမ်းပါ၊ သား ဘာမှအားမငယ်နဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ… ဒါပေမဲ့'

'သားစိတ်ကို မေမေ နားလည်ပါတယ်၊ အရင်ဆုံး မင်းဖေဖေ စိတ်ပြေသွားအောင် ကြိုးစားကြည့်ကြတာပေါ့'

'ကောင်းပါပြီ မေမေ'

သွန်းမှာ ပြန်လည်ဆုံတွေ့ကြရသော သားအမိနှစ်ယောက် ကြားတွင် မျက်နှာငယ်နေရှာသည်။

'သွန်းရယ်… ကိုယ်တို့အချစ်ရေးကလည်း အချိုးအကွေ့ အပြောင်းအလဲတွေ များလိုက်တာနော်၊ ဒါပေမဲ့ ကိုယ် ကတိပေးပါ တယ်၊ သွန်းအပေါ် ကိုယ့်မေတ္တာတရားက မပြောင်းလဲပါဘူး၊ အရင် ကထက်တောင် ပိုပြီး မြတ်နိုးမိ ချစ်မိတယ်ဆိုတာ ယုံပေးပါနော်'

သွန်းက ကျော်ဇင်ထက်အား မျက်ရည်ဝဲသော မျက်ဝန်းများ နှင့် မော့ကြည့်ကာ မဝံ့မရဲ ခေါင်းညိတ်ပြ၏။

'ဟုတ်ပါတယ် သမီးရယ်၊ ဒေါ်လေးရဲ့သားအရင်းနဲ့ ပြန်ဆုံ ရပြီဆိုပေမယ့် သွန်းအပေါ် မေတ္တာမလျော့ဘူးဆိုတာ ယုံကြည်ပေးပါ နော်၊ ဘယ်လိုပဲဖြစ်ဖြစ် သားနဲ့သမီး ပေါင်းဖက်ဆုံစည်းခွင့်ရအောင် ဒေါ်လေး ကြိုးစားမှာပါ'

'ဟုတ်ကဲ့ပါ ဒေါ်လေး'

'မေမေ ဒါဆို သားတို့ရန်ကုန်လိုက်သွားမှဖြစ်မယ်ထင်တယ်'

'အင်း… မနက်ဖြန် ချိန်းထားတဲ့ ကိစ္စလေးတစ်ခုရှိနေတော့ သန်ဘက်ခါ ကားလက်မှတ်ရအောင်ဝယ်ထားလိုက် သား၊ မေမေတို့ သုံးယောက်လုံး လိုက်သွားကြမယ်'

'ဟုတ်ကဲ့၊ ကောင်းပါပြီ မေမေ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်နီးပါး ကင်းကွာခဲ့သော ရပ်ကွက်အတွင်း ပြန်ဝင်လာရသော်လည်း နွေးထွေးမှုကို ကျော်ဇင်ထက် မခံစားရ။ အိမ်ရှေ့ Taxi ထိုးရပ်လိုက်သည်နှင့် ကျော်ဇင်ထက် ပြေးဆင်းပြီး အိမ်ထဲခပ်သုတ်သုတ်ဝင်လိုက်သည်။

ဘွတ်ကြီး လိုင်ငိုက်နေတာ တွေ့ရသဖြင့် ပခုံးကို ခပ်ဆတ်ဆတ်ရိုက်ပြီး နှိုးလိုက်ရ၏။

'ဘွတ်ကြီး… ဘွတ်ကြီး'

'ဟင်… အင်'

ဘွတ်ကြီး အိပ်ချင်မူးတူးနှင့် ထအလာ အမေနှင့်သွန်းပါ အိမ်ထဲဝင်လာကြသည်။

ညှော်သည်များကို စူးစမ်းသလိုကြည့်နေသော ဘွတ်ကြီးအား…

'ဟေ့ကောင်… အဖေ ပြန်မလာဘူးလား'

'ပြန်လာတယ်ကွ၊ ဒါပေမဲ့ ချက်ချင်းပြန်ထွက်သွားတယ်၊ နှစ်ရက်ရှိပြီ၊ လုံးဝပြန်မလာဘူး'

'ဟင်… မင်း လိုက်မရှာဘူးလားကွာ'

'နေမလားကွ၊ ငါကော နေအေးကော အရပ်ထဲက ဆိုက်ကားသမားတွေကော အကုန်လိုက်ရှာကြတာ၊ ဘာသတင်းမှ မရပါဘူးကွာ'

ဘွတ်ကြီး ရှင်းပြအပြီးမှာ ကျော်ဇင်ထက် အရပ်ကြိုးပြတ်ဖြစ်သွားရ၏။ မေမေ ချက်ချင်းရောက်လာပြီး ထွေးပွေ့နှစ်သိမ့်ပေးသည်။

'ဒီတစ်ရက်တော့ စောင့်ကြည့်လိုက်ပါဦး သားရယ်၊ မနက်

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်မှ အခြေအနေအထူးရှင် ဆေးရုံတို့ ရဲစခန်းတို့ ဖုန်းဆက်ကြည့်ကြတာပေါ့'

'ဟုတ်'

နေ့သစ်တစ်နေ့ မွေးဖွားလာသောအခါ ကမ္ဘာကြီး အသက်တစ်ရက်ပိုကြီးသွားသလို လူသားများလည်း သေဖို့တစ်ရက် ပိုနီးလာကြ၏။ ကိစ္စများမြောင် လူတို့ဘောင်တွင် ဆင်းရဲချမ်းသာမရွေး၊ လူဟူသမျှ ကိစ္စကြီးငယ်နှင့် ဒုက္ခမျိုးစုံကို တစ်နည်းမဟုတ် တစ်နည်းရင်ဆိုင်နေကြရသည်သာဖြစ်သည်။

ကျော်ဇင်ထက်အနေနှင့်လည်း သား ရွှေအိုးထမ်းသည့်ကိန်းကြုံပြီးကာမှ ရတ်ခြည်းဆိုသလို ရွှေခွက်လက်လွှတ်လိုက်ရသော ရှုံကုန်သည်လိုဘဝမျိုး ကြုံရပြန်သည်။

ဒေါ်သဇင်၊ ကျော်ဇင်ထက်၊ သွန်းဟေမာန်နှင့် ဘွတ်ကြီးတို့ နာရီကို တစ်လှည့်ဖုန်းကိုတစ်လှည့် ကြည့်နေကြရင်း စိတ်လှုပ်ရှားနေလေ၏။ ဆေးရုံနှင့်ရဲစခန်းဘယ်ကိုအရင်ဆက်သွယ်ရမလဲ တွေးနေကြသည်။ သည်းမခံနိုင်တော့သည့်အဆုံး ဆယ်နာရီထိုးကာနီးတွင် ကျော်ဇင်ထက် ဖုန်းကို ကောက်ကိုင်လိုက်၏။

ထိုအခိုက်မှာပင် ဆွမ်းတော်ဗျို့ဟူသော အသံနှင့်အတူ သံဃာတစ်ပါးနှင့် ကပ္ပိယတစ်ယောက် ဆွမ်းခံရန် အိမ်ထဲဝင်လာကြသည်။ လောင်းလှူနေကျမဟုတ်သော်လည်း မြန်မာပီပီ သံဃာတော်ကို အိမ်ဦးခန်းတွင် နေရာပေးလိုက်၏။

ဆွမ်းခွက်ယူရင်း သံဃာတော်အား သေချာဖူးလိုက်သောအခါမှာတော့ ကျော်ဇင်ထက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်… အဖေ… အဖေ'

'ဒကာလေး ဦးပဥ္စင်းဟာ ဒကာလေးရဲ့ အဖေ မဟုတ်တော့သလို ဒကာလေးကလည်း ဦးပဥ္စင်းကြီးရဲ့ သားမဟုတ်တော့ဘူး'

ဦးပဥ္စင်းကြီး မိန့်ကြားချက်အဆုံးမှာ အားလုံးဒူးထောက် လက်အုပ်ချီလျက်သား ဖြစ်သွားကြ၏။ ဦးပဥ္စင်းက မျက်လွှာချရင်း ဆက်၍ မိန့်ကြားသည်။

'ဒကာလေးလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီဖြစ်သလို စောင့်ရှောက်မယ့် ဆွေမျိုးရင်းတွေလည်း ရှိနေပြီပဲ၊ ဒီလိုအချိန်ကာလကောင်းနဲ့ ကြုံကြိုက်နေလို့ သံယောဇဉ်အားလုံးကို ဖြတ်တောက်ပြီး ဘုရားသားတော်အဖြစ် ခံယူလိုက်ပြီ၊ ယောနိသောမနသိကာရကို နှလုံးသွင်းပြီး အတ္တာဟိအတ္တနောနာထောကို ကျင့်ကြံနိုင်ပါစေ'

အလိုက်သိသော ဘွတ်ကြီးက ချက်ထားသော ထမင်းဟင်းများကို လောင်းလှူလိုက်သည်။ ကျော်ဇင်ထက်မှာ မျက်ရည်လည်ရွဲနှင့် ဖခင်ဖြစ်ခဲ့ဖူးသူ ဦးပဥ္စင်းကြီးကို လက်အုပ်ချီ ဖူးမျှော်နေရှာ၏။

'ဒကာလေးအနေနဲ့ ဘဝတစ်ခုကို ဦးဆောင်နိုင်စွမ်းရှိပြီဖြစ်လို့ ကိုယ့်ဘဝလမ်းကြောင်းကို ကိုယ့်စိတ်ကြိုက်ပုံဖော်လျှောက်လှမ်းပါတော့၊ လောကီရေးရာတွေမှာ ဦးပဥ္စင်း ဝင်မစွက်တော့ဘူး၊ ကိုင်း… ကြလိုက်ဦးမယ်'

ပြတ်ပြတ်သားသား ပြောပြီး ပစ်ပစ်ခါခါထွက်သွားသော ကျေးဇူးရှင်အား ကမန်းကတန်းဦးချရ၏။ ကန်တော့ပြီး အထမှာ ဆွမ်းချိုင့်ကိုင်လာသော ကပ္ပိယကြီးက ကျော်ဇင်ထက်အား ပြုံးပြသည်။

'ဟင်… ဘဘကြီး၊ ဘဘကြီး မဟုတ်လား'

'ဟုတ်တယ်၊ ဘဘကြီးအစစ်ပါပဲ၊ ငါလည်း အခုမှပဲ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



ဒကာဖြစ်ခွင့်ရတော့တယ်ကွာ၊ ငါ့ဆန္ဒပြည့်သွားပါပြီ၊ မင်းအဖေကို ငါ ရဟန်းခံပေးလိုက်တာလေ၊ ကိုင်း… သွားပြီဟေ့'

ဆေးရုံတွင် ဆုံခဲ့သော ဘဘကြီးက အားရွှင်လန်းစွာပြော ပြီး တောထွက်ရဟန်းကြီးနောက်သို့ ပြေးလိုက်သွားသည်။ ကျော်ဇင် ထက် ဘဘကြီးကို လှမ်းငေးရင်း နှစ်ခြိုက်စွာ ပြုံးလိုက်မိတော့သည် လေ။

'ကဲ… သား၊ သားအဖတော့ နိဗ္ဗာန်ကို မျှော်မှောက်ပြုဖို့ လောကီကို ကျောခိုင်းသွားပြီ၊ ဒီတော့ မေမေတို့ စိတ်ချလက်ချနဲ့ ကိုယ့်ဘဝကိုယ် လျှောက်လှမ်းနိုင်ပြီလေ'

'ဟုတ်… ဟုတ်ပါတယ် မေမေ၊ ဒါပေမဲ့ သားရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဝမ်းနည်းနေတယ်၊ မေမေနဲ့ ပြန်ဆုံရတော့လည်း ဖေဖေ က ထွက်သွားပြန်ပြီလေ'

BURMESE CLASSIC

'ဒါက အထွက်ကောင်းနဲ့ ထွက်သွားတာပါ ကိုကျော်ဇင်ထက် ရယ်၊ ဝမ်းနည်းစရာမဟုတ်ပါဘူး၊ သွန်းနဲ့အတူ လက်တွဲပြီး ဦးပဉ္ဇင်း ကြီးအတွက် ပါရမီဖြည့်ကြတာပေါ့နော်လို့'

'ဟုတ်ပါတယ် ကျော်ဇင်ထက်ရာ၊ ဦးလေးက နိဗ္ဗာန်ဆော် ဘဝက နိဗ္ဗာန်ခရီးသည်ဖြစ်သွားတာပါ၊ ဒါ သာဓုခေါ်ရမှာလေ'

'မှန်တယ် သား၊ မေမေတို့ သားအဖေအတွက် ပစ္စည်းလေး ပါးထောက်ပံ့ရင်း ကုသိုလ်ပြုခွင့်ရတာလေ သားရဲ့၊ ဒါ ဝမ်းမြောက် စရာပဲ မဟုတ်လား'

'ဟုတ်ပါတယ် မေမေ၊ အခြေအနေသစ်ကို လက်ခံဖို့ သား ကြိုးစားပါတော့မယ်'

'ကောင်းတယ် သား၊ ကဲ… သားနဲ့သမီးက ဦးပဉ္ဇင်း နေ

www.burmeseclassic.com

www.burmeseclassic.com



သားကျတဲ့အထိ ဒီမှာနေခဲ့ကြ၊ ပြီးမှ မန္တလေးကို လိုက်လာခဲ့၊ ဟိုမှာ မင်္ဂလာဆောင်ကြတော့ပေါ့၊ ကိုင်း… မောင်ဘွတ်ကြီးရေ အန်တီ ပြန်ဖို့ ကားလက်မှတ်သွားဝယ်ကြရအောင်ကွယ်၊ လာ'

'ဟုတ်ကဲ့ အန်တီ'

ဘွတ်ကြီးက ကျော်ဇင်ထက်နှင့်သွန်းတို့အား မျက်နှာပြောင်ပြရင်း မေမေ့နောက်သို့ ပြေးလိုက်သွားပြန်ရာ အိမ်ထဲတွင် ကျော်ဇင်ထက်နှင့် သွန်းတို့ နှစ်ယောက်သာ ကျန်ခဲ့ကြတော့၏။

ကျော်ဇင်ထက် သွန်းကိုကြည့်လိုက်တော့ အပြောင်းအလဲမြန်လွန်းလှသော အခြေအနေကို မယုံကြည်နိုင်ဟန်နှင့် တုန်ရီနေတာတွေ့ရသည်။

'သွန်း… ဘာတွေတွေးနေလဲဟင်'

'မတွေး… မတွေးပါဘူး ကိုကျော်ဇင်ထက်'

'ဟာ… သွန်းကလည်းကွာ၊ ခုချိန်ထိ ကိုကျော်ဇင်ထက်ပဲလား၊ ကိုယ့်ရဲ့မေမေ ယောက္ခမက သူ့သားလက်ထဲ သူ့တူမကို အပ်သွားပြီဟာကို'

'ဟင့်အင်း… သွန်းလည်း ဒေါ်လေးနဲ့ ပြန်လိုက်သွားမှာ'

'ဟား… ဟား… ရမလား၊ အခုမှ အားလုံးငြိမ်းချမ်းသွားလို့ သွန်းကို ပိုင်ပိုင်နိုင်နိုင်နဲ့ စိတ်ချလက်ချ ချစ်ခွင့်ရတာလေ၊ ဒီအခြေအနေကို ကိုယ်က လက်လွှတ်ခံမယ်လို့ သွန်း ထင်နေလား'

'ဟင့်အင်း… ဟင့်အင်း… ကျွန်မ… အဲ… သွန်း ထွက်ပြေးမှာနော်'

'ချစ်တုန်းကတော့ ချစ်ခဲ့ပြီး အခုမှ ထွက်ပြေးလို့ရမလား၊ တဲ…'

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ထက် ရှေ့တိုးသွားတော့ သွန်း နောက်ဆုတ်သည်။ အိမ်ထဲမှာပင် ထုပ်ဆီးတိုးတမ်း ကစားဖြစ်သွားကြ၏။ ဘယ်ခြောက်ခါ ညာလှမ်းရင်း ကျော်ဇင်ထက်က သွေးတိုးစမ်းသည်။

ထိုအခါ ထုပ်ဆီးတိုးတမ်းမှ စိန်ပြေးလိုက်တမ်း ကစားနည်းသို့ ပြောင်းသွားပြန်လေသည်။ စိတ်အားထက်သန်နေသော ကျော်ဇင်ထက်၏ ကစားဟန်ကြောင့် သွန်းမှာ အမိခံလိုက်ရပြီး ကျော်ဇင်ထက် ရင်ခွင်ထဲ ယိုင်လဲပြိုကျသွားရ၏။

ကျော်ဇင်ထက်၏ ကြင်နာယုယမှုများက ရုန်းထွက်ဖို့ ကြိုးစားနေသော သွန်း၏ ခွန်းအားတို့ကို စုတ်ယူလိုက်လေသည်လားမသိ။ သွန်းတစ်ယောက် ပျော့ခွေနွမ်းဖတ်ပြီး နုံးချိသွားရရှာလေသည်။

ကျော်ဇင်ထက်ကတော့ လမိုက်ညတွင် နိုးထလာသော ဒရက်ကူလာတစ်ကောင်လို နှလုံးသားမှ ယိုစိမ့်ကျလာသော အချစ်သွေးအား အငမ်းမရ သောက်သုံးနေချေပြီ။

မှော်ပန်းသီး၏ ပြုစားခြင်းကို ခံလိုက်ရသော ချစ်သူနှစ်ဦးမှာ လောကကြီးကိုလည်းကောင်း၊ အရာရာကိုလည်းကောင်း မေ့သွားကြလေတော့၏။

BURMESE CLASSIC

ချစ်မျှားရှင်

www.burmeseclassic.com